www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်သူ
ဦးမောင်လှိုင် (မြဲ ၀၃၈၅၇)
အမှတ် ၅၃၃ အင်းတော်လမ်း
၆၄ ရပ်ကွက်၊ ကော်မှူး (၂)
ဒဂုံမြို့သစ်တောင်ပိုင်း။



ထုတ်ဝေသူ
ဦးမောင်လှိုင်
လှိုင်စာပေ
၁၉၆ (ပ) ထပ်၊ လမ်း
ကျောက်တံတားမြို့နယ်

မြပုလဲခင်

# ဟင်းလင်းပြင်ထဲကနေတစ်စင်း

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com





# မြပုလဲခင်

# ဟင်းလင်းပြင်ထဲက နေတစ်စင်း





www.burmeseclassic.com

www.burmeseclassic.com





နှလုံးသားအင်ဂျင်ကို ပြတိုက်ထဲမှာပဲ "ပြုပြင်နိုင်မည့်သူ လိုအပ်ပါသည်"လို့ စာချိတ်ပြီး ပြထားလိုက်တော့မယ်။

လင်းရဲဝင်း





www.burmeseclassic.com

www.burmeseclassic.com





နှလုံးသားကို သူ့ဇနီးနဲ့ အတူတူ မြှုပ်နှံထားပါတယ်လို့ ဝန်မခံယုံတမယ် အချစ်ကြီးနေတဲ့လူကိုချစ်မိရင် သူ့ဆီက တက်ကြွလန်းဆန်းတဲ့ အချစ်တွေကို ရနိုင်ပါ့မလား . .

သိမ့်သူသူဇော်





www.burmeseclassic.com

www.burmeseclassic.com







## အပိုင်း (၁)
## အတိတ်ဟင်းလင်းပြင်အတွင်းမှလူ



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁)

“ဟင်းဟင်း ရယ်ရတယ်နော်”

“အေးလေ ဟုတ်ပါရဲ့ အသက်လည်း သိပ်မကြီးသေးဘဲနဲ့ ဘိုးတော်ဒီဇိုင်း ဖမ်းနေတယ်”

“တိုကိုဆွေးနဲ့ တူပါတယ်”

“အေး ဖြစ်နိုင်တယ် ဟီ ဟီ”

ရယ်မောဝေဖန်သံများဖြင့် အေးအေးဆေးဆေး ဆောင်းမနက်ခင်း တစ်ခုကို မထူမပါး အနွေးကျာကင် ဝတ်၍ ဘောင်းဘီအိတ်ကပ်ကို လက်နှစ်ဖက် စုံနှိုက်လျှက် အေးအေး လူလူလမ်းလျှောက်နေသည့် ဦးဝိစာရလမ်းမပေါ်က လင်းရဲဝင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလျှောင်ပြောင်သွားကာ သူ့အနီးမှာ အနီရောင်နှင့်အပြာရောင် အရိပ်ကလေးနှစ်ခုက လေတိုးသံနှင့်အတူ ဖြတ်ကျော်သွားကြသည်။

နံနက်ခင်းတိုင်း လမ်းလျှောက်နေကျသူ့ကို ထိုမိန်းကလေးများက အမြဲတစေ ဖြတ်ကျော်ပြေးလွှားသွားသည်ကို အမှတ်တမဲ့မို့ သတိမမူမိ။

ဒီနေ့တော့ ဝစီကံနှင့် စတင်လျှောင်ပြောင်သမှုပြုလာမှ သူသတိထားမိခဲ့သည်။

အရှက်တက်နေမင်းသည် ခေါင်းပြူကာစ ပြုလာသဖြင့် သူ၏တစ်ကိုယ်တော်ခြေလှမ်းကို ရွှေတိဂုံဘုရားအစွန်းရှိ ပန်းဥယျာဉ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

လေကောင်းလေသန့်ကို တဝကြီးရှူရှိုက်လိုက်ပြီး အေးချမ်းသည့်နေရာတစ်ခုကို ရွေးရင်း သူထိုင်ချလိုက်မိသည်။

'ဟော့ကောင် ဖိုးရဲ'

ကာယဝိဝေက၏အရသာကို ခဏတာမျှသာခံစားလိုက်ရသေးသည် အနောက်အယှက်က ပေါ်လာသည်။





'ဘယ်လိုလဲကွာ ဒီလောက်လှပတဲ့ နံနက်ခင်းလေးမှာ မင့်မို့လို့ တစ်ကိုယ်တည်း အဖော်မဲ့ လာငိုင်နေတယ်'

အလွန်ရင်းနှီးသည့်သူငယ်ချင်းတစ်ဦး ဖြစ်သူ ခင်ဇော်ထွန်းက သူ့ပခုံးကိုပုတ်လိုက်ရင်း ခုံတန်းနံဘေးမှာဝင်ထိုင်လိုက်သည်။

'မင်းကရော တစ်ယောက်တည်း မဟုတ်ဘူးလား'

'ထပ် ဘယ်ကဟုတ်ရမလဲ အိမ်သူနဲ့ ရတနာရွှေအိုးကြီး ၃လုံး ပါတယ်လေ'

'ဘယ်မှာလဲ'

'ဟိုမှာ လမ်းလျှောက်လို့ဗိုက်ဆာတယ်ဆိုပြီး ဘုရားဈေးတန်းက စားသောက်ဆိုင်ကို အားပေးနေကြတယ်'

ခပ်လှမ်းလှမ်းရှိ စားသောက်ဆိုင်တစ်ခုဝယ် ရှိနေသောသူ့မိသားစုကို လမ်းညွှန်ပြသရင်း ဆိုလိုက်သည်။

'ဒါနဲ့ နေစမ်းပါဦး မင်းရဲ့တစ်ကိုယ်တော်လေလွင့်ခြင်းဗိုးရိုးကိုဘယ်တော့ အဆုံးသတ်မှာလဲ'

'ငါဘယ်တုန်းက စီးရီးထုတ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



လင်းရဲက မသိဟန်ပြုပြီး အခွကြောင်ကြောင်အမူအရာဖြင့် မေးလိုက်သည်။

'မသိချင်ယောင် ဆောင်မနေနဲ့။ မင်းကို နောက်ထပ် အဖော်မရှာတော့ဘူးလားလို့ မေးနေတာ'

'အဖော်မှ မလိုတာကွာ'

'ဘာ'

ခင်ဇော်ထွန်းက ထူးဆန်း အံ့သြဘွယ်ရာ သတ္တဝါတစ်ကောင်တစ်ယောက်အနေဖြင့် သူ့ကိုကြည့်ရင်းပြောလိုက်သည်။ ပြီးမှ -

'လွန်ခဲ့တဲ့ဂနှစ်က မင်းနဲ့ငါ လူပျိုဘဝ အတူတူနေခဲ့တုန်းက အဖော်မဲ့နေတဲ့ ငါ့ဘဝကြီးကို ပြည့်စုံသွားအောင် နွေးထွေးတဲ့အဖော်တစ်ယောက် ရှာတော့မယ် ဆိုပြီး မင်းကြွေးကြော်ခဲ့တယ်လေ'

'ဒါက **Long Long ago** က ဝါကွာ'

'မဆိုင်ဘူးလေ အဲဒီတုန်းက မင်း ငါ့အရင် ၂နှစ်လောက်စောပြီး အဖော်ရခဲ့တယ်လေ'





'အဖော်သာ စောရတယ်၊ မင်းလို ရွှေအိုးကြီးတွေ တစ်လုံးမှမရခဲ့ဘူးလေ'

'ဒါတော့ မင်းညံ့လို့ပါကွာ ငါဆိုရင် ကြည့်စမ်း ဝမ်းရိုးသား ဝမ်းဘောဘီနဲ့ ၃ ယောက်ရတော့ ရပ်လိုက်တယ်။ ကလေးတွေနဲ့ ဘယ်လောက်သာယာလဲ'

'ငါညံ့တာ မဟုတ်ပါဘူးကွာ'

ဆွေးမြေ့သောအသံဖြင့်ဆိုရင်း လင်းရဲ အဝေးကိုငေးကြည့်နေလိုက်သဖြင့် ခင်ဇော်ထွန်း အသံတိတ်သွားသည်။

အတန်ကြာမှ

'ဆောရီးကွာ ဖြူဖြူက မွေးရာပါနှလုံးရောဂါကြောင့် မင်းတို့ကလေးမယူဖြစ်ကြတာ ငါမေ့သွားတယ်၊ ဒါပေမဲ့ကွာ နှစ်တွေကြာခဲ့ပြီပဲ မေ့ဘို့ကြိုးစားသင့်ပါပြီကွာ'

ခင်ဇော်ထွန်းက ချင့်ချင့်ချိန်ဖြင့် တောင်းပန်ရင်းက လိုလိုင်းကို တိုက်တွန်းလိုက်သည်။

'ငါမှ မေ့လို့မရနိုင်တာ'

'ခက်တယ်ကွာ (၂)နှစ်ဆိုတဲ့ အချိန်ကာလဟာ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာကို ပြောင်းလဲသင့်နေပြီ'

'(၂) နှစ်မပြည့်သေးတဲ့ လပေါင်း ၂၀ဟာ ငါ့ဝေဒနာကို ကုစားလို့ မလုံလောက်သေးပါဘူးကွာ'

'ရပ်နေတဲ့ မင်းရဲ့နှလုံးသားအင်ကျင်ကြီးကို ဘယ်မကွာင်း နှစ်ကာမှ ပြန်လည် မပြုပြင်နိုင်တော့ဘူးပေါ့'

'နှလုံးသားပြုတိုက်မှာဘဲ ထားလိုက်ဘို့ ငါဆုံးဖြတ်လိုက်ပြီ'

'အရှူး'

ခင်ဇော်ထွန်း မကျေမနပ်ရေရွတ်လိုက်၏။

ထိုအတောအတွင်းမှာပင် လင်းရဲအတွက် တယ်တင်ရှင်များ ပေါ်လာသည်။

သူ့ဇနီးနှင့် ကလေးသုံးယောက်ရောက်လာပြီး တိုယ်ဝန်ဆောင်စဉ်က မျောက်ရှာသွားကြည့်ထားသည်ဟု သူကိုယ်တိုင်ကင်ပွန်းတပ်ထားသည့် သူ့သားအငယ်ဆုံးကောင်က ခင်ဇော်ထွန်း၏ဂုတ်ပေါ် တျော်ခွတက်လိုက်သည်။

'ဟာကွာ ဒီကောင် ဆင်း ဆင်း အဖေ ဒီမှာစကားပြော





နေတဲ့ဟာကို'

'ဟား ဟား မခင်းနဲ့သား မင်းအဖေ ဦးကို ဆရာလာလုပ်နေတာ အေးအေးဆေးဆေး မနေရဘူး ဂုတ်ခွစီးပြီး တစ်ပါတည်းသာ ကားဆီခေါ် သွားတော့'

လင်းရဲ အခုမှ လွတ်လပ်ပေါ့ပါးစွာ ရယ်မောရင်း ခင်ဇော်ထွန်းကို ပြောင်ကျကျပင် နှင်ထုတ်လိုက်သည်။

'နေပါဦး ကိုလင်းရဲ့ အခုတစ်ယောက်တည်းပဲလား'

အသွင်တူ၍ အိမ်သူဖြစ်ဟန်တူသော ခင်ဇော်ထွန်း၏ ဇနီးဖြစ်သူ မေဦးကာ သူ့ခင်ပွန်းသည်၏စကားကွန်ယက်ထဲ ဝင်၍ စကားဦးသန်းလာသဖြင့် လင်းရဲ ထိုင်ရာမှ ထလိုက်သည်။

ပြီးမှ

'တစ်ယောက်တည်းပဲပေါ့ မေဦးရယ် ကိုင်း. . သူငယ်ချင်း နောက်မှ အာဝါဟာဝီဝါဟတရား ဆက်ဟောတော့။ ငါ အလုပ်ရှိလို့ သွားဦးမယ် ကိုင်း မမေဦးရောပဲ'

သူတို့မိသားစုတို့ နှုတ်ဆက်ပြီး ရဲလင်း လစ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်

'တော့ကောင် အိမ်လာခဲ့ဦး ငါ့စကားမဆုံးသေးဘူး'

'အေးအေး'

အနောက်တလိုက်လာသည့် အသံကို တုန့်ပြန်သံပေးပြီး သူ့ရှေ့တိုက်ဘုရားခြောက်ဘက်မုခ်ဘက်ဆီသို့ ခပ်သွက်သွက်လေး လျှောက်လာခဲ့ပြီး သူ့အိမ်ရှိရာ ဇဟန်းဘက်သို့ ချွေးဆေးတန်ကြားလမ်းလေးမှ ဆင်းလာခဲ့သည်။

'ဟွိုး'

အိမ်ခန်းတံခါးကိုဖွင့်အဝင်တွင် ဇနီးဖြစ်သူ ဖြူပြာမိုး၏ ဓာတ်ပုံကြီးက သူ့ကို ဆီးကြိုနေသည်။

ဓာတ်ပုံထဲမှ ဖြူသည် သူ့ကို ပြုံး၍နှုတ်ဆက်နေသည်၊

'ဖြူရယ်'

*





## အခန်း(၂)

စိမ့်နေအောင်အေးသော မဒမချောင်းရေထဲတွင် တစ်နေကုန်ပင်ပန်းသမျှ အပန်းပြေသွားအောင် ရေစိမ်၍ချိုးပစ်လိုက်သည်။

'သမီးရေ ဖြူပြာမိုး'

ရေချိုးချိန် ကြာသဖြင့် ထုံးစံအတိုင်း စိတ်ပူပြီး အမေလိုက်လာပုံရသည်။

'ရေချိုးလို့ပြီးပါပြီ အမေရဲ့ ခဏလေးနေနော်'

တိုက်ထားသော ဆပ်ပြာကို ကုန်စင်အောင် ပွတ်သတ်၍ ချောင်းရေထဲတွင် တစ်ကိုယ်လုံးနှစ်ကာ ခပ်သွက်သွက်ရေ



www.burmeseclassic.com

www.burmeseclassic.com



ကို ခါချပြီး ချောင်းတမ်းစပ်သို့ တက်လာခဲ့သည်။ ထဘီရင်ရှားနှင့် ရေစိုပြီးကပ်နေသည့်အဖျိုစင်၏အလှသည် ရောနှီကောင်းသတ္တဝါကို ဦးညွတ်သွားစေနိုင်သည်အထိ နေဝင်ရီတရောတွင် အစွမ်းကုန်လှပနေသည်။ကျောက်တုံးပေါ်တွင်တင်ထားသော တဘက်ကို ယူတာ ခန္ဓာကိုယ်အပေါ်ပိုင်းနှင့် ဆံတေသာဝေါ်ရှိ ရေစများကို သုတ်သင်ရှင်းလင်းပြီး အမေရှိရာဘက်သို့ လှမ်းကြည့်လိုက်သည်။

'အို'

လှစိမ်းတစ်ဦး လက်ပိုက်ပြီး သူ့ကို အသက်မဲ့သလိုငေးမောကြည့်ရှုနေသည်။ အပျိုစင်ကလေး ရှက်သွေးဖြန်းတနဲ ဖြစ်ရာမှ ဒေါပွသွားသည်။ သို့သော် အခြေအနေအရ ရန်တွေ့နိုင်ရန်မဖြစ်သေးသဖြင့် သူ့အမေရှိရာ ယာယီတဲလေးဆီသို့အခြားတစ်ဖက်မှ ပြေးဝင်သွားလိုက်သည်။

'ဟဲ့ ကောင်မလေး ဘာဖြစ်တာလဲ'

အမောတကော ပြေးဝင်လာသည့်သူ့ကို အမေက ဆီးမေးလိုက်သည်။ မောနေသဖြင့် သူတော်တော်နှင့် မဖြေနိုင်။





'သမီးကကွယ် ကိုယ့်ရောဂါနဲ့ ဘာလို့ပြေးလာရတာလဲ ...လုပ်လည်း တစ်နေကုန်လုပ်ထားရသေးတယ်'

အမေက ပူပန်စွာမေးလာသဖြင့် ဖြူပြာက

'ဘာမှမဟုတ်ပါဘူး အမေရယ်၊ ရေချိုးပြီး ချမ်းလာလို့'

'ဪ ဒီကလေးမနဲ့'

ဖြူပြာ အိပ်ခန်းထဲ ဝင်ပြီး အလှပြင် အဝတ်လဲနေစဉ် ...ပြင်မှ အမေ့အသံ အခန်းထဲသို့ ဝင်ရောက်လာသည်။

'ကျေးဇူးပါပဲကွယ် ဒီကလေးမ ဒီလိုပဲ နမော်နမဲ့နဲ့ ဟဲ့ ...ပြာ ဒီမှာ နင့်အကိုချောင်းဘေးကျန်ခဲ့တာ ဒီမှာကောက်ရလို့ ...ပေးနေတယ်'

အမေ့အသံကြောင့် ဖြူပြာမှိုး အခန်းထဲမှ ထွက်ကြည့်...ာ်၏။

'ဪ ကိုလှစိမ်းတို့'

စိတ်ထဲမှမကြေနပ်မှုက ကိုလှစိမ်းကိုတွေ့လိုက်ရသဖြင့် ...ကြက်ကွဲသွားသည်။

'ဪ ရှင်ကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျာ'

'ဪ သမီးက သိနေသလား ဒါဖြင့်လည်း စကားပြော ဦး အမေ ဟိုဘက်ဆိုင်သွားပြီး ညစာချက်ဘို့ဝယ်လိုက်ဦးမယ်'

အမေက ဘုမသိဘုမသိနှင့် မှတ်ချက်ချရင်း တဲ ဒုလုံး ကျော်ခန့်က ဈေးဆိုင်ဘက်ဆီသို့ ထွက်ခွာသွားသဖြင့် ဖြူပြာ လွတ်လွတ်လပ်လပ် ရန်တွေ့ခွင့်ရသွားသည်။

'မိန်းကလေးက ကိုယ့်ကိုသိလို့လား'

'ရှင်အူကြောင်ကြောင် မလုပ်နဲ့ ချောင်းဘေးမှာ မိန်းမ ပျိုတစ်ယောက် ရေချိုးနေတာကို ရှင်ဘာဖြစ်လို့ ဒီလောက်ရိုင်း တဲ့ မျက်လုံးကြီးနဲ့ ကြည့်ရတာလဲ'

'အလို အထိမခံ ရွှေပန်းကန်လေးပါလား'

'ထင်ချင်သလိုထင်'

'မထင်ရက်ပါဘူးဗျာ ညနေစောင်းကလေးမှာ အမှတ်မ ထင်တွေ့လိုက်ရတဲ့ မိုးကျရေဗိုးရွှေမင်းသမီးလေးကို ရုတ်တရက် တွေ့လို့ မှင်သက်ငေးမောမိသွားတာပါ။ ရိုင်းတယ်လို့ မထင်ပါ နဲ့ကွယ် ကိုယ်တောင်းပန်ပါတယ်'





ကိုလူစိမ်းက ခြောက်ပင့်ပြောပြီး တောင်းပန်နေသဖြင့် ဖြူပြာ ကြေအေးရမလိုဖြစ်သွားသည်။

'တမင်သက်သက် ကြည့်တာမဟုတ်ရင်တော့ ပြီးရော ပါ အကျိုးလာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

လူစိမ်းများနှင့် အရောမဝင်လိုသဖြင့် ဖြူပြာ စကားစ ဖြတ်ပြီး အမေ့နောက်လိုက်ရန် လှည့်ထွက်လိုက်သည်။

'နေ့ နေပါဦး မိန်းကလေး'

'ဟင် ဘာကိစ္စရှိသေးလို့လဲ'

'ဒီလိုပါ'

လူရွယ်က စကားကိုပြောရန်တုံ့ဆိုင်းနေခိုက် ဖြူပြာ သူ့ အကဲခတ်လိုက်သည်။

အသားမဖြူမညိုနှင့် အရပ်ရှည်လွန်း မပုလွန်း။

အသက်အရွယ်က သူနှင့် သိပ်တွာလှပုံမပေါ်။ ၂ နှစ် ခန့်တော့ ကြီးနိုင်သည်။ သူတို့လို အလုပ်လာလုပ်သူတော့ မဟုတ်နိုင်။ ရုပ်ရည်ရူပကာက သန့်ပြန့်လွန်းသည်။

'ပြောလေ'



www.burmeseclassic.com

www.burmeseclassic.com



တုန့်ဆိုင်းနေသူကို မြန်မြန်ပြောရန် ဖြူပြာ တိုက်တွန်းလိုက်သည်။

'ဗြော် တိုယ်က ခုမှ ဒီနေရာကိုရောက်ဖူးတာပါ ဒါကြောင့် ဒီနေရာကို ဒီအချိန်မှာ မိန်းကလေး ရေချိုးတတ်မှန်း မသိလို့ပါ'

'သိရင်ဘာလုပ်မလို့လဲ'

'ဗြော် သိနေရင် ဘယ် ခုလိုလာကြည့်ပါမလဲ'

'ခု သိပြီမှတ်လား'

'ဟုတ်တဲ့ သိပါပြီ'

'ဒါဆို မလာတော့ဘူးပေါ့'

'ဟင့်အင်း ချောင်းကြည့်မှာ'

'အို တော်တော်ဆိုးတဲ့လူ ကြည့်ကြည့်ပါလား ခဲနဲ့ပေါက်မှာ'

'ထွက်ပြေးမှာပေါ့'

'ပြေးပေါ့ နောက်တ လေးခွနဲ့လိုက်ပစ်မယ်'

'ကြောက်နေရပါလား'





'တဲ့ပါ အကြောင်းရှာပြီးပြောမနေနဲ့ ကျွန်မသွားတော့မယ်'

'နောက်နေ့ တွေ့မယ်'

'မတွေ့ဘူး'

ဖြူပြာမိုး ပြောပြီး အမေရှိရာ ဆိုင်ဘက်သို့ ခပ်သွက်သွက်ထွက်သွားခဲ့သည်။ စိတ်ထဲမှာ -

'တော်တော်ဆိုးတဲ့ ကိုလူစိမ်း'

လင်းရဲဝင်း ထိုညက အိပ်မပျော်။ ဒီနေရာ မသွား သွားအောင်တိုက်တွန်းသောဖခင်ကြီးကို ရေစိုနတ်သမီးကလေးနှင့် မတွေ့မီက အချိန်ထိ စိတ်ကောက်နေသည်။

'ဟော့ကောင် ငရဲ ငါပြောတာကို နားထောင်'

'ဖေဖေကလဲဗျာ သားကို ငရဲကို မခေါ်ပါနဲ့ဆို'

'ခေါ်တော့ ဘာဖြစ်လဲ'

'လူစင်စစ်က ငရဲသားဖြစ်နေမှာပေါ့'

'ဖြစ်မှာပဲ ဘယ့်နှယ်တွာ အဖေက သားလုပ်တဲ့ကောင်ဘူမိဗေဒက ဘွဲ့ရတာယ် အဖေ့လုပ်ငန်းက ရွှေတွင်းတွေ သတ္တု



www.burmeseclassic.com

www.burmeseclassic.com



တွင်းတွေ သားလုပ်တဲ့ကောင်က အစိုးရအလုပ်ကိုလုပ်ချင်သေးတယ်တဲ့ ငရဲကြီးမဲ့ကောင်'

'ငရဲမကြီးပါဘူး အဖေရာ တုသိုလ်ဘောင် ရသေးတယ် တိုင်းပြည်က သားကို ဘူမိဗေဒပညာရှင်တစ်ယောက်ဖြစ်အောင် မွေးထုတ်ပေးထားလို့ ကျေးဇူးပြန်ဆပ်မှာလေ'

'ကြီးကြီးကျယ်ကျယ်ကွာ နိုင်ငံတော်ကို ငါကလည်း ငွေရှာပေးနေတာပဲ'

'အဖေက ကိုယ့်အတွက်ကို များပါတယ်'

'. . . မသား အဲဒီငွေတွေ မင်းသုံးနေတာရော ဘာပြောမလဲ'

'အဖေကြီးရေ သားကို ဆူတော့ဆူတာပေါ့ ကျွန်မကိုတော့ တိရစ္ဆာန်ဘဝ မပို့လိုက်ပါနဲ့'

အိပ်ခန်းထဲမှ အမေက တစ်စခန်း ထလာသဖြင့် လင်းရဲဝင်း စစ်မျက်နှာစာပြောင်းပေးလိုက်သည်။

'ဟုတ်တယ် မေမေ ဖေဖေက သားကို တောထဲအတင်းလွှတ်နေတယ်'





'အလိုတော် ကျွန်မရဲ့ တစ်ဦးတည်းသောသားလေးကို ...ယ်ပို့နေတာလဲ'

'မဒမချောင်းက ရွှေထုတ်စခန်းကို'

'အမလေး ငှက်ဖျား ပေါ်မှပေါ်ပါဘီ'

'ဟော အမေကြီး ခပိုနဲ့ မင်း သားက ဘူမိနဲ့ဘွဲ့ရပြီးသား ...တာထဲ ခဏခဏရောက်ဖူးတယ်။ ခု သူအလုပ်လျှောက်ထား ...တာ ရရင် ဒီထက် ငှက်ဖျားကြမ်းတဲ့နေရာသွားရမှာ မော်ချီးတို့ ...ာတို့ ဆိုရင် ဒီထက် ပိုပြီးခေါင်တယ် ငှက်ပိုကြမ်းတယ် ဘာ ...ားလည်လဲ'

'ဟုတ်လား'

'ဟုတ်လား မလုပ်နဲ့ ငါ့ကိုကြည့် ထိပ်ပြောင်နေတာ'

'ဆံပင်မရှိတာပါတော်'

'အတူတူပေါ့ အဲဒါ ငှက်ဖျားဆေးတွေ စားတာ များပြီး ...ကျွတ်တုန်တာ'

ဖေဖေကို လင်းရဲ အမှတ်တမဲ့ ကြည့်လိုက်သည်။ ငယ် ...ဉ်က အလုပ်ကြိုးစားလုပ်ရင်း ယခုကဲ့သို့ ရွှေထုတ်လုပ်ရေးလုပ်



www.burmeseclassic.com

www.burmeseclassic.com



ငန်းစုကြီး၏ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ အဖေသည် ငွေထက် စည်းစိမ်ချမ်းသာထက် အလုပ်တာဝန်ကို အလွန်လောဘကြီးသူဖြစ်သည်။အလုပ်သမားများအပေါ် စေတနာထားလွန်းသည်။အဖေ့လိုလူမျိုးဖြစ်အောင် အောက်ခြေသိမ်း အလုပ်လုပ်ကြည့်ချင်သဖြင့် သူ့ အစီးရအလုပ်ကိုလျှောက်ထားခြင်းဖြစ်သည်။

'ကဲ ထားပါတော့ရှင် ခု သားတို့ဘာကိစ္စနဲ့လွှတ်မှာလဲ'

'ဘာကိစ္စဟုတ်လား။ တန်လင်းကုမ္ပဏီကြီးရဲ့ အမွေကို ဆက်ခံမဲ့ တစ်ဦးတည်းသောသားတော်မောင်ငနဲကို ကုမ္ပဏီပိုင်ဆိုင်သမျှ ရွှေတွင်းတွေ သတ္တုတွင်းတွေတို့ ရောက်အောင် သွားကြည့်ခိုင်းရမယ်လေ'

'တျန်တဲ့အစုဝင်တွေထဲက သင့်တော်တဲ့လူတွေကို ဖေဖေ့နေရာ လွှဲပေးလိုက်ပေါ့'

'ဘာကွ'

အဖေ့မျက်နှာ ဒေါသရောင်လွှမ်းသွားသည်။

သို့သော် တဖြေးဖြေးနှင့် စိတ်ကိုလျှော့ချလိုက်ပြီး

'သားရေ့ယ် ဖေဖေ ခုလုပ်နေတဲ့ အလုပ်တွေဟာ ဖေဖေ





ပါသားစုတစ်စုတည်းအတွက်မဟုတ်ပါဘူး ဖေဖေတို့ကို မှီခိုနေရတဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေ ဝန်ထမ်းတွေ အလုပ်သမားတွေ အများကြီးပါ'

ဦးဟန်လင်း ပြောပြောဆိုဆိုနှင့် ထ၍ ပြတင်းပေါက်ဘက်ဆီ လျှောက်သွားပြီး ပြတင်းပေါက်ကို လက်နှစ်ဘက်ဖြင့် ထောက်လျက် လင်းရဲဝင်းတို့ကျောခိုင်းလျက်အနေအထားဖြင့်

'အဖေ့နေရာကို လွှဲပေးဘို့ သား သင့်တော်မယ်ထင်တဲ့လူကို သားအထင်နဲ့ပြောပြစမ်း'

လင်းရဲဝင်း နှုတ်မှ အသံမထွက်။ လှုပ်စိလှုပ်စိနှင့် ရေရွတ်ရင်းက

'အန်ကယ်ကျော်ညွန့်အောင်'

'ကျော်ညွန့်အောင်။ ပညာတော့ အများကြီးတတ်ပါရဲ့ ကုမ္ပဏီရဲ့ရှယ်ယာ ၁၀ရာခိုင်နှုန်းပိုင်တယ်။ သူများတွေကို တိုက်ခိုက်ဖို့စိုးလို့ ဗီစကီပုလင်းကို ဖွက်ပြီးသောက်တတ်တဲ့ အကျင့်ရှိတဲ့လူရဲ့လက်ထဲကို ငါ့ကုမ္ပဏီရဲ့ အကြီးအကဲခန့်လိုက်ရင် ဘာဖြစ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'တတီတီနဲ့ ဘာမှ မသိလိုက်ရဘဲ ကုန်သွားမှာပေါ့'

လင်းရဲ့စိတ်ထဲမှ ပြန်ပြောလိုက်သည်။ နှုတ်ကမူ

'ဒါဆို ဦးစိန်အောင်ရော'

'ရှီးသားလွန်းပြီး သူများစကားယုံလွယ်တယ် ကုမ္ပဏီရဲ့ ရှယ်ယာ ၅ ရာခိုင်နှုန်းပဲ ပိုင်တယ် သား'

'ဒါဆို'

'မေသူကျော်ကို ပြောမလို့မဟုတ်လား'

'ဟုတ်တဲ့'

ဖေဖေ သူ့စိတ်ထဲမှ တွေးတောမှုကို ကြိုတင်သိနေဟန်တူသည်။

'ကုမ္ပဏီရဲ့ ရှယ်ယာ အဖေပြီးရင် အများဆုံးပိုင်တဲ့သူပဲ ၁၅ ရာခိုင်နှုန်း ပိုင်တယ်။ နောက်ပြီး ကျန်တဲ့ ၁၅ရာခိုင်နှုန်းလုံးကို ဝယ်နိုင်တဲ့အင်အား ရှိတယ်။ ဒါပေမဲ့ ဖေဖေ ပိုင်တဲ့ ၇၀ ရာနှုန်းကိုတော့ သူ မဝယ်နိုင်ပါဘူး'

'အန်တီမေက တော်ပါတယ်'

'အတော်လွန်တယ် ခနရှင် ဆန်လွန်းတော့ အလုပ်သမားတွေ လုံးပါးပါးလိမ့်မယ်'





လင်းရဲ့ဝင်း နှုတ်ဆိတ်သွားသည်။ သူ့တွင် ချေပစရာစကားကုန်နေပြီး ဖခင်ဖြစ်သူ ဦးဟန်လင်း၏ နောက်ကျောကိုသာ ငေးကြည့်နေမိသည်။ ဦးဟန်လင်း ဖြည်းဖြည်းချင်း လှည့်လာရင်းက သူ၏မျက်နှာကို စေ့စေ့ကြည့်ကာ

'သားကို ခုချက်ခြင်း အမွေဆက်ခံဖို့ ပြောတာမဟုတ်ဘူး။ ဖေဖေ အသက်၅၀ပဲ ရှိသေးတယ်။ နောက် ၁၀နှစ် ၁၅နှစ်ကြာလို့ ဖေဖေအနားယူဖို့ ကြံရွယ်တဲ့အချိန်မှာ မင်းမှာ ဒီကုမ္ပဏီကိုအုပ်ချုပ်ဖို့ လုံလောက်တဲ့ အတွေ့အကြုံနဲ့ အရည်အချင်းပြည့်ဝနေဖို့ လိုတယ်'

'သား စဉ်းစားပါမယ်'

'အေးလေ စဉ်းစားပါ ဒါပေမဲ့ မနက်ဖြန်ကျရင် ရွှေကျင်တိုသွား မဒမတွင်းမှာ ၅ ရက်နေ။ ရွှေကျင်ဘက်က ဘောပထတွင်းမှာ (၃) ရက် နေခဲ့'

'ဗျာ'

အဖေ၏အမိန့်အတိုင်း ကုမ္ပဏီမှ အဖေ့လူယုံဒရိုင်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဦးစောညိမ်းနှင့် အထုပ်အပိုးပြင်ကာ ထွက်လာခဲ့သည်။

တတိယမြောက်နေ့၏ လှပသော ညနေခင်းလေးတွင် ရေစိုနတ်သမီးလေးနှင့် သူဆုံတွေ့ခဲ့ရခြင်း ဖြစ်ပေသည်။

နတ်သမီးလေးရယ်။

❋

'ဦးစောညိမ်း'

ကားကိုသန့်ရှင်းရေးလုပ်နေသောဦးစောညိမ်းကို လင်းရဲ ခေါ်လိုက်သည်။

'ဘာများလဲ ကိုရဲ'

'ဒီရွှေတွင်းရဲ့ မန်နေဂျာကြီးရော'

'ဆိုက်ထဲရောက်နေပြီ ထင်တယ်'

'လိုက်ကြည့်ရအောင်ဗျာ'

'ကြားသားမိုးကြိုး'

ဦးစောညိမ်း အံ့အားသင့်သွားသည်။

ရွှေတွင်းရောက်စကတည်းက VCD ကြည့်လိုက် အိပ်လိုက် စာဖတ်လိုက်ဖြင့် ၃ရက်လုံးလုံး အချိန်ကုန်နေပြီး ဓနေ့က





ပြနေတာမှ

'ဒီနေ့ ရွှေကျင် သွားလည်ရအောင်ဗျာ'

ဟုပြောပြီး

'ဒီအလုပ်တွေ ကျွန်တော် စိတ်မဝင်စားပါဘူး အဖေ တ်မှတ်တဲ့ရက်ကျရင် ရန်ကုန်ပြန်မယ်'

ဟု ပြောထားသဖြင့် မနက်စောစော ကားကြဲ့ခိုင်ရေး ဆေးနေသည့် ဦးစောညိမ်း မျက်စေ့လည်သွားသည်။

'ဘာမှ ကျားတွေမိုးကြိုးတွေ လုပ်မနေနဲ့၊ လာပါ သွား ရအောင်'

'ငါလည်း ဆိုက်ထဲမရောက်ဖူးဘူးကွ၊ မင်းနဲ့အပြိုင် အိပ် လိုက် စားလိုက် ကြည့်လိုက်လုပ်နေတာ'

'ခက်တာပဲဗျာ ဦးစောက နည်းနည်းပါးပါး မလေ့လာ ဘူးလား'

'ဗုဒ္ဓေါ ကိုယ့်ဆရာတာမှ စိတ်မဝင်စားတာ ကိုယ်လည်း လာတို့ မေ့သွားတာပေါ့'

'ထားပါတော့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



အကြံအိုက်သွားသဖြင့် လင်းရဲတစ်ယောက် ရေစိုနေဝဲ သမီးလေး ရှိလိုရှိငြား ညနေကတွေ့ခဲ့သည့် ချောင်းကမ်းနံဘေး ဖက်သို့ထွက်လာခဲ့သည်။ သူတို့နေထိုင်ရာ တဲအိမ်စုတလေးမှာ ၁၀လုံးခန့်ရှိမည် ထင်သည်။ အိမ်အားလုံးတွင် သူ့အိမ်ကလေး က သပ်ရပ်သည်။ သို့သော် မင်းတုန်းခေတ်လွှက် ဖြစ်၍ လင်းရဲ စိတ်ဓာတ်ကျသွားသည်။

'ဟုတ်ပါပြီ. . သူ ရွှေတွင်းမှာပဲ အလုပ်လုပ်တယ် ထင် တယ်'

စိတ်ထဲမှတွေးရင်း အနီးနားဓာတိုက်သို့ စူးစမ်းရန်ထွက် လာခဲ့သည်။ဆော့ကစားနေသောကလေးတသိုက်ကိုသာတွေ့ရသ ဖြင့် ခပ်လှမ်းလှမ်းရှိအိမ်ဆိုင်လေးသို့လျှောက်သွားလိုက်သည်။

'ဘာအလိုရှိသလဲရှင့်'

အသက် ၁၃နှစ်ခန့်ရှိ မိန်းကလေးက ဈေးသည်ဖြုံး အိုက်တင်နှင့် မေးလာသည်။

' ဘာမှမလိုချင်ပါဘူး တလေးရယ် ဒီကလူတွေ ဘာ လုပ်ကြသလဲ တစ်ယောက်မှလည်း မတွေ့ကြပါလား'





သူ့မေးခွန်းကို ဈေးသည်မကလေးက ပြုံးရင်း ပြန်မေး ခွန်းထုတ်သည်။

'ကြော် ဒါလား အစ်ကိုက ဘာလုပ်မလို့လဲ'

လင်းရဲစိတ်ညစ်သွားသည်။ သိချင်သည့်အဖြေကို တော် တော်နှင့်ရမည့်ပုံမပေါ်။

'စပ်စုတာပါ'

ရွဲ့ပြီးပြောလိုက်မှ သူလိုချင်သောအဖြေ ရသွားသည်။

'သူတို့အားလုံး ရွှေတွင်း သွားကြတယ်လေ။ အဲဒီမှာ အလုပ်လုပ်ကြတယ်။ ရွှေတွင်းကို ဒီကနေ ချောင်းအတိုင်းဆင်း သွား လူသွားလမ်းကလေးရှိတယ်ရှင့် ၁၅ မိနစ်လောက်တော့ လျှောက်ရမယ်၊ ခုချိန်တော့ စက်မမောင်းသေးဘူး စက်မောင်း ကြားတဲ့ဆီကိုသာ မှန်းပြီးသွားလိုက်'

'ကျေးဇူးပါပဲ မိန်းကလေးရယ်'

လင်းရဲဝင်း ထထွက်လိုက်သည်။ ဒီတော့မှ မိန်းကလေး

'စီးကရက် ဝယ်သွားဦးလေ'

'ကိုယ် စီးကရက်မသောက်တတ်ပါဘူး ဒါပေမဲ့ ဝယ်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ တစ်ဗူးပေး'

သူ့စကားကို အံ့အားသင့်ဟန်ဖြင့် မိန်းကလေးက စီးက ရက်တစ်ဗူး ထုတ်ပေးလိုက်သည်။

'ရော့'

'ဘယ်လောက်လဲ'

'ငါးရာ'

လင်းရဲဝင်း ငါးရာတန်တစ်ရွက်ထုတ်ပေးလိုက်ပြီး မိ ကရက်ဗူးပြန်ပေးခဲ့သည်။

'ညီမ တိုက်ချင်တဲ့လူ တိုက်လိုက်'

မိန်းကလေးက အံ့ဩသောမျက်နှာနှင့်သူ့ကိုမော့ကြည့် ရင်း ကျန်ခဲ့သည်။ လုပ်ငန်းခွင်ထဲသို့ ရောက်အောင် လင်းရဲ နစ် ၂၀နီးပါးလမ်းလျှောက်လိုက်ရသည်။ တောလမ်းဆိုဝေမဲ့ သ နည်းနည်းတော့ ပန်းသွားသည်။ စက်ယန္တယားကြီးများ၏ အသ ကိုမှန်းဆရင်းဖြင့် လုပ်ငန်းခွင်ထဲ သူ ဖြေးဖြေးချင်းရောက်သွား သည်။

'အားပါး ဒီလောက်ကျယ်ပြီး များတဲ့ အလုပ်သမားအု





ဲမှာ သူ့ကိုဘယ်လိုရှာရမလဲ'

စိတ်ထဲမှညည်းတွားရင်း သူအကြံအိုက်သွားသဖြင့် အရိပ် အောက်မှ ယန္တယားကြီးများ အလုပ်လုပ်နေသည်ကို ငေးကြည့် နေသည်။

'ဟော့လူ ဘာကိစ္စလဲ'

အရှေ့ထဲမှ လေသံမာမာနှင့် လုံခြုံရေးဝတ်စုံ ဝတ်ဆင် ထားသူတစ်ဦးက မေးလာသည်။

သူ့ခေါင်းထဲတွင် ဖြတ်ကနဲ အကြံရလိုက်သည်။

'ဪ ဒီက ဆိုက်မန်နေဂျာနဲ့တွေ့ချင်လို့ပါ'

လုံခြုံရေးဝန်ထမ်းက သင်္ကာမကင်းသည့် မျက်စေ့နှင့် သူ့ကိုကြည့်ပြီး

'ခင်ဗျားကို တွေ့ဘို့ချိန်းထားလို့လား'

'ဟုတ်ကဲ့ သူ့ဆီကို လိုက်ပို့ပေးပါ'

'ခင်ဗျား သေချာတယ်နော် နောက်မှ မဟုတ်ရင် ကျွန် တော် တာဝန်မကျေဘူးဆိုပြီး အဟောက်ခံနေရမယ်'

'စိတ်ချစမ်းပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးဝန်ထမ်းက ငါတ်တဲအတွင်းရှိ အဖော်တစ်ဦးအား လှမ်းမှာရင်း သူ့နောက်လိုက်ခဲ့ဘို့ ဖိတ်ခေါ်လိုက်သည်။

'ကမ်းပါးဘက် သိပ်ကပ်မလျှောက်နဲ့ ကမ်းပါး ပြိုတတ်တယ်'

ရှေ့က လျှောက်ရင်း သူ့ကို လှမ်းဆရာလုပ်နေသဖြင့် အန္တရာယ်မဖြစ်အောင် ဂရုစိုက်ပြီး သူလျှောက်လာခဲ့သည်။

'ခင်ဗျားတို့ဆိုက်ထဲမှာ အလုပ်သမား ဘယ်နှယောက်လောက် ရှိလဲ'

'သေသေချာချာတော့မသိဘူး ထောင်ကျော်မယ်ထင်တယ်'

'အတော်များတာပဲနော်'

'ဒါတောင် အလုပ်သမားမလုံလောက်လို့ စက်တစ်လုံးပိတ်ထားရသေးတယ်'

'လုပ်ခနည်းလို့လား'

'ဘာဗျ။ စကားကို ဆင်ခြင်ခြင်ပြောပါ ဒီနားက ဝိုက်မှာလုပ်နေတဲ့ ကုမ္ပဏီသေးခုမှာ ကျုပ်တို့ကုမ္ပဏီက လုပ်ခ





...ကောင်းဆုံးပဲ ဒီကြားထဲမှာ သူဌေးက ရွှေထွက်ကောင်းရင် ...ဘက်ဆု တနင့်တပိုးပေးတာဗျာ'

'ပြော့် ဒီလိုလား'

'ဒါတင်ဘယ်ကမလဲ အလုပ်ချိန် တစ်နေ့ အလုပ်ချိန် (၈)နာရီထက်ပိုရင် အိုဗာတိုင်ရသေးတယ်ဗျာ'

'တယ်ဟုတ်ပါလား'

'ဒါနဲ့ ခင်ဗျားက ဟိုဘက်ကုမ္ပဏီကလူတော့ မဟုတ်...ကူးနော်'

'ကြဲကြဲဖန်ဖန်ဗျာ ကျွန်တော်က ရန်ကုန်ကပါ ခင်ဗျား...မြန်နေရှာရဲ့ တူတော်တယ်'

'ဟုတ်လား စောစောက ပြောရောပေါ့ လာ လာ မန်...ကျော်ကြီး ဆိုက်ထဲမခင်းခင် ဝင်တွေ့လိုက်'

မုသားတစ်ဝက် အမှန်တစ်ဝက် သုံးလိုက်သည်။

မန်နေရှာသည် အမေနှင့် ငဆွေနီးမျိုးစပ်တော်သူ ဖြစ်...လည်း သွေးဝေးလှသည်။ သို့သော် တာဝန်ကျေပြွန်သော...ရေးဝန်ထမ်းကြီး လေသံပြောင်းသွားသည်က အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



'ရွှေ့က ရုံးခန်းပဲ ကျွန်တော် ဝင်သတင်းပို့ရမလား'

'ရပါတယ် ကျွန်တော့်ဘာသာ ဝင်သွားပါမယ်'

'မောင်စိုး လိုက်ပို့တယ်လို့ ပြောလိုက်နော်'

'စိတ်ချပါ ပြောလိုက်ပါ့မယ်'

လူ့သဘာဝကို သိသော လင်းရဲဝင်း ပြုံးပြီး ပြောလိုက်သည်။ ပြီးမှ

'ကိုမောင်စိုး ခဏစောင့်ဦးနော် ပြီးရင် ခင်ဗျားပဲ ဆိုင်ထဲလိုက်ပြရမယ်'

'ဟာ ဟုတ်ကဲ့ ဟုတ်ကဲ့'

လင်းရဲဝင်း မန်နေဂျာအခန်းထဲ တံခါးဖွင့်ဝင်သွားလိုက်သည်။

'ဟာ ဖိုးရဲ ဒီနေ့ ရွှေတျင် မသွားတော့ဘူးလား'

'မသွားချင်တော့ပါဘူးဗျာ။ တော်ကြာ အဖေက လုပ်ငန်းအကြောင်းမေးနေရင် ဖြေရခက်နေမှာစိုးလို့'

'ကောင်းတယ်ကောင်းတယ် ငါလည်း မင်းကိစ္စခေါင်းကြိမ်းနေတာ Boss က သေသေချာချာမှာလိုက်ရက်နဲ့ မင်းကခေါင်း





မာနေတော့ (၃)ရက်လောက် အချိန်ပုတ်သွားတယ် ကိုင်း ပြော ဘယ်လုပ်ငန်းခွင် အရင်ကြည့်မလဲ'

'အလျှည်းသင့်သလိုပေါ့ ကျွန်တော့်ဘာသာ ကျွန်တော် ခုနက လိုက်ပို့တဲ့ ကိုမောင်စိုးကိုပဲ ခေါ်သွားတော့မယ်'

'ဟာ မဟုတ်တာကွာ မင်းအဖေ ငါ့ကိုဆူလိမ့်မယ် သူက ကိုယ်တိုင်ရှင်းပြဖို့ မှာထားတာ'

'ရပါတယ်ဗျာ အဖေ့ကို ကျွန်တော် ကြည့်ပြောလိုက်ပါ့မယ်'

'ဖြစ်ပါ့မလားကွာ Boss က ညာတာ မကြိုက်ဘူး'

'ရပါတယ်ဗျာ ကျွန်တော်လည်း ဘောစ်ပါဘဲ ပြဿနာမရှိပါဘူး'

'ဘာလဲကွ ဘောစ် ဆိုတာ'

'ဒီလိုလေ ဦးလေးက ဖေဖေ့ကို Boss လို့ ခေါ်တော့ ကျွန်တော်က Boss ရဲ့သား ဘောစ်ပေါ့'

'ဟား ဟား နောက်တဲ့ကောင်ကွာ မင်းသဘော။ အဲဒီကောင် မောင်စိုးက ဘာမှမသိဘူး မင်းသိချင်တာရှိရင် တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ခံတွေမေး ငါ မောင်စိုးတို့ ဈာလိုက်မယ်'

'ဟာ မမှာနဲ့ ဦးသက်တင် ကျွန်တော့်ကိုယ် ကျွန်တော် ဘောစိ ဆိုတာ အသိမခံနိုင်ဘူး ကိုမောင်စိုးက ကျွန်တော့်ကို သူတို့မန်နေဂျာရဲ့ တူအဖြစ်ပဲ သိတားတာ'

ဦးသက်တင် စူးစမ်းသောအကြည့်ဖြင့် ကြည့်ရင်း

'ဟုတ်ရဲ့လား ဖိုးရဲရင့် ပဟုတ်တရုတ်တော့ မကြံစည်နဲ့နော် Boss ရဲ့သား ဘောစိဆိုတော့ အားလုံးက လေးစားကြမှာပါ မင်းအဖေကို ဒီက အလုပ်သမားတွေက အတုန့် ရှိသေလေးစားချစ်ခင်ကြတယ်ကွ မင်း အန္တရာယ်မရှိပါဘူး'

'အန္တရာယ်ကိုကြောက်လို့ မဟုတ်ပါဘူးဗျာ အလုပ်သမားတွေရဲ့အတွင်းရေးတွေကို သိချင်လို့ပါ'

'ဟာ ဒီလိုဆိုရင်တော့ ကောင်းတယ်ဗျာ ကာယ်ရီးအွန် ဘောစိ ကာယ်ရီးအွန်'

ဦးသက်တင်က ပြောပြောဆို သတိရသွားဟန်ဖြင့်

'နေပါဦးဟ မင်းပြောတဲ့ ဘောစိဆိုတာ ဘာအဓိပ္ပာယ်လဲ'





'ဟား ဟား ဦးလေးရေ တလွဲမထင်နဲ့ စက်ဘီးလုံးထဲက ဘောစီလေးတွေကို ပြောတာ'

'ဟူး တော်သေးတာပေါ့ ဟော့ကောင် မောင်စိုး ငါ့တူဘောစိကို သေသေချာချာလိုက်ပြလိုက်'

'ဟုတ်ကဲ့ ဆရာ'

မောင်စိုး အူလည်လည်ဖြင့် ဟုတ်ကဲ့ ဆရာ လုပ်လိုက်ပြီး သူ့နောက်မှလိုက်လာခဲ့သည်။

'ဟေ့ ခင်ဗျားနာမယ်က အဆန်းပဲနော်'

'ဟာဗျာ ဦးလေးက နောက်တာပါ ကျွန်တော့်နာမည်ဖိုးရဲပါ'

'ဟာ မသိပါဘူးဗျာ ကိုဖိုးရဲ ဘယ်ကိုအရင်ကြည့်မလဲ'

'ရေစိုးနုတ်သမီးကို'

'ဗျာ'

မောင်စိုး နားမလည်နိုင်အောင် ဖြစ်သွားသည်။ လင်းရဲခြင်းက သူ့စိတ်ထဲမှာ အတောင့်တဆုံးဆန္ဒတစ်ခုကို အမှတ်မထင်ပြောထွက်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ ဟဲ နောက်ထပ်ပါဗျာ ခင်ဗျား အဆင်ပြေတဲ့နေရာသာ လိုက်ပြ တစ်ခုတော့ရှိတယ် တစ်နေရာမှမကျန်စေနဲ့နော်'

'စိတ်ချ ဒီဆိုက်ထဲမှာ ကျွန်တော်မရောက်ဘူးတဲ့နေရာဆိုလို့ ပုရွက်ဆိတ်အုံထဲပဲ ရှိတယ်'

'ဒါဆို အဲဒီ ပုရွက်ဆိတ်အုံထဲပဲ လိုက်ပြတော့'

'ဗျာ မလုပ်လိုက်ပါနဲ့ ဒီ ... ကာထဲက ပုရွက်နီကောင်တွေက အဆိပ်ပြင်းပါဘိနဲ့'

လင်းရဲဝင်း၏ဖော်ရွေမှုကြောင့် မောင်စိုး သူ့ကိုအတော်ခင်မင်သွားသည်။

ကိုယ်ဆန္ဒပြည့်ဝဘို့အတွက် မိတ်ဆွေအပေါင်းအသင်းများ၏ခင်မင်မှုယုံကြည်မှု၏တန်ဘိုးကို လင်းရဲဝင်း မကြာမီတွေ့မြင်ရတော့မည် မဟုတ်ပါလား။

*





## အခန်း (၃)

ဖြူပြာမိုး မျက်လုံးပြူးသွားသည်။ နေရာတကာရောက်၍ စပ်စပ်စုစုနှင့် ဟိုဟိုဒီဒီမေးမြန်းပြီး စကားကို ကျယ်လောင်လောင်ပြောတတ်သည့် အသားမည်းသော မောင်စိုးကို အလုပ်သမားများနှင့် အလုပ်သမများက ကျီးကန်းဟု အမည်ပေးထားၪ်။

ဒီလူနှင့် တိုက်တိုက်ဆိုင်ဆိုင် မနေ့ကဖြူပြာမိုးကိုအတင်းလိုက်ရောသည့်လူစိမ်းနှင့် ဆိုက်ထဲတွင်တွဲလာနေသည်ကို သူဦးမြင်လိုက်၍ မမြင်ချင်ယောင်ဆောင်ကာ နေလိုက်သည်။

'ဟူး တော်ပါသေးရဲ'

ထို ကိုလူစိမ်းသည် မန်နေဂျာရုံးခန်းထဲဝင်သွားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

သူရှိနေရာ ရုံးခန်းထဲသို့ ဝင်မလာသဖြင့် ဖြူဖြူမိုး ရင်ထဲပေါ့သွားသည်။

'မိုး ဘာဖြစ်တာလဲ'

'ဘာမှမဟုတ်ပါဘူး မတိုးရယ် ကျိုးကန်းကို တွေ့လို့ပါ'

'ဪ ဒါလား ဒီကောင် အပြင်မှာသာ အာကျယ်ရဲတာ မတိုးတို့ ရုံးခန်းထဲမှာတော့ လာမကျယ်ရဲဘူး'

'မတိုးကို ကြောက်လို့လား'

'တဲ့ ငါ့ကိုတော့ ကြောက်မလား ဆရာကို ကြောက်လို့ပေါ့'

'ဒါတော့ မိုးလည်းသိတာပေါ့ မတိုးကိုကြောက်တယ်ဆိုရင် တိုင်မလို့'

'ဘာတိုင်မှာလဲ ကျိုးကန်း ငါတို့ရဲ့မိုးကလေးကို ဘာအာလိုက်လို့လဲ'

'ကျိုးကန်းလား မိုးကို အာရဲမှာ'

'ဒါဆိုရင် ဘယ်သူလဲ'





'သူနဲ့တွဲလာတဲ့ လူပေါ့'

မတိုး စဉ်းစားလိုက်သည်။

ပြီးမှ

'ဟာ ဆရာ့အခန်းထဲဝင်သွားတဲ့ညီ့သည်လား။ ဟိုခပ်ချောချောကောင်လေးမလား'

'သွားစမ်းပါ ဘာချောလို့လဲ လူပုံက အချိုးကိုမကျဘူး'

'ကြည့်စမ်း ကြည့်စမ်း ကောင်မလေး ခုမှ ရောက်တဲ့လူနဲ့ ဘယ်တုန်းက ဆုံပြီး ရန်ဖြစ်လိုက်တာလဲ ပြောစမ်း'

'မပြောချင်ပါဘူး မတိုးရယ်'

ပြောရင်းဖြင့် မနေ့က သူနှင့်ဆုံတွေ့ပုံကို စဉ်းစားမိရင်း ဖြူဖြူမိုး ရှက်သွားသည်။

'အမလေး ဈေးကိုင်နေလိုက်တာ မပြောချင်နေ'

'မိုး ရှက်လို့ပါ'

'ဘာ အဲဒီလူက မိုးကို ဘာလုပ်လိုက်လို့ ရှက်ရတာလဲ မိန်းကလေးသနားကမားနဲ့ ငါက စိတ်ဝင်စားနေတာ အကျင့်တန် ပြီကတော့'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပါတော့ မတိုးရယ် မဟုတ်တာရှုတ် တွေးမနေပါနဲ့'

ဖြူပြာမိုးက မဟုတ်တာ တွေး၍ ပေါက်တရလေးဆယ် ပြောနေသော မတိုးပါးစပ်ကို ကမန်းကတန်းပိတ်ပြီး တားလိုက်သည်။

'ဒါဆို အဖြစ်မှန်ရှင်းပြ'

'ရှင်းပြမယ် တကယ်တဲ့မှ မတိုးတစ်ယောက်ဟာလေ မပြောချင် ပြောချင်အောင်ကို လုပ်တတ်တယ်'

ဖြူပြာမိုး မနေ့ညနေက အဖြစ်အပျက်ကို အသေးစိတ် ရှင်းပြလိုက်သည်။

မတိုးတစ်ယောက် ပါးစပ်အဟောင်းသားနှင့်နားထောင် ရင်းက

'ဟာ ဟုတ်မယ် နှင့်ကိုယ်လုံးလေးနဲ့ ရေစိုပြီး တက်လာတာကို ငါတို့မိန်းမချင်းတောင် ငေးယူရတာ သူငေးတာ မလွန် ပါဘူးဟယ်'

'ကြည့် မတိုးကတော့လုပ်ပြီ အတျှင့်ယုတ်'





'တကယ်ပြောတာပါဟာ'

'တကယ်မပြောနဲ့ မိုးက အဲဒီလူ ဒီတစ်ခါ မိုးရေချိုးတာ ...ကြည့်ကြည့် ခဲနဲ့ တကယ်ပေါက်မှာ'

'ကောင်မလေးတစ်ယောက် တကယ်မလုပ်ရဲဘဲနဲ့'

'စိမ်လိုက်လေ ဒီညနေ မတိုး မိုးနဲ့ အတူ ရေလာချိုးပါ ...ား'

'မလုပ်ပါနဲ့ဟာ ငါ သွေးထွက်သံယို မမြင်ရဲဘူး'

'သတ္တိကောင်းလေး'

'ဒါနဲ့ အဲဒီလူက မနေ့က နင့်ကို တွေ့ပြီးမှ ခုမနက် တို့ ...ပ်ငန်းခွင်ထဲ ရောက်လာတော့ သေချာပြီ နင့်ကို လာရှာတာ ...မယ်'

'ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ မိန်းကလေးရယ် အဖက်ဖက်က ဆက်စပ် ...းတောလိုက်တော့ မပြေးသော်လည်း ကန်ရာရှိ နင့်ကို တွေ. ...င်လို့ တကူးတကကို လိုက်လာတာဖြစ်ရမယ်'

'မတိုးရယ် သူ့ဘာသာသူ မန်နေဂျာနဲ့ အလုပ်ကိစ္စလာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာဖြစ်မှာပေ့ါ'

'မဖြစ်နိုင်ပါဘူး မန်နေဂျာကြီးကိုယ်တိုင် တံခါးဝအ(ထိ) လိုက်ပို့တာ ကြည့်ပါလား ရယ်ရယ်မောမောနဲ့. . . အလုပ်လာ(လျှောက်)တာ မဖြစ်နိုင်ဘူး'

'အို အလုပ်ကိစ္စဆိုပါမှ အလုပ်လာလျှောက်တာ ဟုတ်(ရ)ပါ့မလား မတိုးရဲ့'

'ကဲပါ ရှင်းလေ ရှုပ်လေ ဖြစ်နေပြီ မိုးလည်း မိုးအလုပ်(ပဲ) လုပ်တော့ ငါလည်း ဒီစာရင်းလေးတွေ Data သွင်းပြီးရင် မိုးတို့ ငါထောက်လှမ်းလိုက်မယ်'

'အံမယ် မိုးနဲ့ ဘာဆိုင်လို့လဲ'

'ဟင်း ဟင်း ဆိုင်လာပါလိမ့်မယ်ကွယ်'

*

ဖြူပြာမိုး အလုပ်ကို လုပ်ရင်းဖြင့် အချိန်ကုန်မှန်းမသ(ိ) ကုန်သွားသည်။





အလုပ်သိမ်း အချက်ပေးသံချောင်းခေါက်မှ ညနေလေး (နာ)ရီထိုးမှန်း သူသိလိုက်သည်။

ဘေးဘီဝဲယာ ကြည့်လိုက်တော့ ကျန်လူများ အိမ်ပြန် (ရ)န် ပြင်ဆင်နေကြသည်။

'မိုးရေ ပြန်ကြရအောင်'

'ဟုတ်ကဲ့ မမအေး'

'ဒါနဲ့ မတိုးတစ်ယောက်ရော'

'မသိပါဘူးကွယ် မိတိုးတို့ ထုံးစံအတိုင်း ဘာလိုက်စပ်စု (ရ)လဲမှမသိတာ သူ့ကိုစောင့်မနေပါနဲ့ ငါက ယောက်ျားအတွက် (ဟင်း)ချက်ရဦးမယ် သွားကြစို့'

'ဟုတ်ကဲ့ မမအေး'

ဖြူပြာမိုး အလုပ်ကို လက်စသတ်လိုက်ပြီး ထမင်းချိုင့် (ပု)တ်ဘူး စသည်များကို ဆွဲခြင်းထဲ ထည့်လိုက်ရင်း အပေါက်ဝ (သို့) လှမ်းကြည့်မိသည်။

သေချာတာက မတိုးတစ်ယောက် မနက်က သူပြောပြ (သည့်) ကိုလှစိမ်းအကြောင်း လိုက်စုံစမ်းနေတာဖြစ်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုးတန်းနှင့် မတိုး တွေ့လို့ကတော့မလွယ်။

မိုး ပခုံးတွန့်ရင်း ပြုံးလိုက်တာ အခန်းထဲမှ ထွက်လာခဲ့သည်။

အပြင်တွင် မမအေးရပ်စောင့်နေသည်။

'လာ သွားကြစို့ မိုး'

မမအေးက မိုးကိုခေါ်ပြီး ပြန်ရန်တာန်ပြင်လိုက်စဉ်တွင်

'မိုးရေ မိုး'

အပြင်ဖက်မှပြန်လာသောမတိုးက တကြော်ကြော်ခေါ်ရင်း အပြေးတစ်ပိုင်းလျှောက်လာရင်း

'တကယ်ထဲမှာပဲ ငါ့တော့ မစောင့်ဘူး'

'ဩော် မိတိုးရေ ရုံးဆင်းချိန်လေ ဘယ်နှနာရီ ရှိပြီလဲ ဒီမှာ ၁၅ မိနစ်တောင် တော့်နေပြီ'

'မမအေးကလဲ တိုးကိစ္စမဟုတ်ပါဘူး မိုးကိစ္စမိုးကိစ္စ'

'အို မတိုးတို ဘယ်သူက ခိုင်းလို့လဲ'

'ခိုင်းတော့ မခိုင်းဘူးပေါ့ မိုးရယ် ဒါပေမဲ့ မိုးစိတ်ထဲက သိချင်နေတာကို မတိုးက အခမဲ့အကျိုးဆောင်ပေးတာ'





'ဟဲ့ နင်တို့က ဘာတွေလဲ'

ဘာရှုတ်သိုင်းတားကို အလယ်မှဖြတ်ကြည့်သလို ဖြစ်နေ...ဘ မမအေးက နားမလည်စွာ ဝင်မေးလာသည်။

'ဒီလို မမအေးရဲ့'

မတိုးက မမောနိုင်မပန်းနိုင် ဝင်ရှင်းပြနေသည်။

'ဒါဆို ခု အဲဒီလူနဲ့ နင်တွေ့ခဲ့ပြီလား မိတိုး'

'ဒါပေါ့'

မျက်ခုံးလေးချီ၍ဝင့်ကြွားဟန်ဖြင့် မတိုးက ဒါပေါ့ လုပ်...ုက်သည်။

'ဒါဆိုရင်'

'ဒါဆိုရင် ခဏထား မမအေး တိုး အထဲကပစ္စည်းတွေ ...ွားယူလိုက်ဦးမယ်'

မတိုး ပြောပြောဆိုဆို စကားတန်းလန်းထားခဲ့ပြီး ရုံးခန်း ...ဲ့ လှစ်ကနဲပြေးဝင်သွားသည်။

'မတိုးတစ်ယောက်ဟာလေ'

မနဲ့သဘာဝမို့ သိချင်စိတ်ပြင်းပြနေသူမမအေးက စိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှည်စွာ ခေါင်းကုတ်လိုက်ရင်း ညဉ်းညူလိုက်သည်။

၁၀မိနစ်ခန့်ကြာတော့ မတိုးထွက်လာသည်။

အပြန်ခရီးတွင် ကိုလူစိမ်းအကြောင်း စကားဖောင်ဖွဲ့လာသည်။

နာမည် အပြည့်အစုံက လင်းရဲဝင်း။

မန်နေဂျာ၏တူတော်သည်ဟု ကိုးတန်းတပြောပြသော်လည်း မတိုး မယုံသဖြင့် ညှိရိပ်သာဘက်ကို မသိမသာ စပ်စုရန်သွားခဲ့ရာမှ လင်းရဲဝင်း၏ Biography ကို အပြည့်အစုံ ဆောင်းသယ်ဆောင်လာခြင်း ဖြစ်သည်။

'ဟင် ဒါဆို သူက'

မိုး အံ့အားသင့်စွာ ရေရွတ်မိသည်။

'ဟုတ်တယ်လေ တို့တူမှူးဂါမန်နေဂျင်းရဲ့တစ်ဦးတည်းသော သားပေါ့'

'ဒုက္ခပါဘဲ'

'ဟဲ့ ဘာဒုက္ခဖြစ်ရတာလဲ မိမိုး'

'မနေ့ ညနေက မိုး သူ့ကိုတော်တော်လေးပြောပစ်လိုက်





...ယ် သူစိတ်ဆိုးရင်တော့ ဒုက္ခပဲလို့'

'နင် သွားတောင်းပန်လိုက်ပေါ့'

မမအေးက အကြံပေးသည်။

'အို ဘာဆိုင်လို့တောင်းပန်ရမှာလဲ'

မိုးက မိန်းကလေးမာန်ဖြင့် တင်းခံလိုက်သည်။

'ဟိုက အလုပ်ဖြုတ်ဖြစ်ရင်တော့ ဘယ်လိုလုပ်မလဲ'

'ဖြုတ် ဖြုတ်'

'ဟုတ်တယ် ဖြုတ်မှာတော့သေချာတယ် ရွှေတွင်းစာရေး ...သူဇာ ဖြုတ်ပြီးတော့ သူဌေးသားကတော်ဘဝကိုတင်မှာလေ'

'အို သွားစမ်းပါ ဒီလိုလူမျိုးတွေကို မိုးကြောက်ပါတယ်'

မတိုး၏ကလိသံ ရိသံကို မိုး ကြောက်လန့်တကြား ငြင်း...လိုက်သည်။

တွာယာလွန်းသောဘဝ ၂ခုသည် ပေါင်းစပ်ရန် ဘယ်လို ...ဖြစ်နိုင်မှန်း မိုးသိသဖြင့် ဖြစ်လာနိုင်သည့် သူ့အန္တရာယ်ကို ...ှောင်ရန် မိုးဆုံးဖြတ်လိုက်သည်။

ပြီးမှ -



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူကြီးက ဒီမှာ ဘယ်နှရက်နေမှာလဲ'

'၄-၅ရက်လို့ ပြောတာပဲ '

'အင်း ဒါဆိုတော်သေးတာပေါ့'

'ဘာဖြစ်လို့လဲ မိုး'

'အကြာကြီးနေရင် မိုးခွင့်တင်ပြီး ရွှေကျင်ပြန်နေမလို့'

'ဘာဆိုင်လို့လဲ မိန်းမရယ် အဖြစ်မသည်းစမ်းပါနဲ့'

"မိုး သိတယ် သူ့မျက်လုံးကြီးတွေကို မိုး ကြောက်တယ် မတိုး'

မိုးအား ငယ်တုန်လှုပ်စွာ ရေရွတ်လိုက်သည်။

သူ့ဘဝအခြေအနေနှင့်ဘာမှမဟုတ် တျောက်တောင်ကြီးကိုမော့ကြည့်နေရသည့် ယုန်သူငယ်လေးလို တဖြည်းဖြည်း အားငယ်စိတ်တွေ ဝင်လာခဲ့သည့်အတွက် စိတ်ထဲမှတိုးတိုးလေး ရေရွတ်လိုက်သည်။

'မိုးကို ချမ်းသာပေးပါ ကိုလူစိမ်းရယ်'

။





အခန်း (၄)

ယန္တယားကြီးများအလုပ်လုပ်နေသည့်နေရာသို့ လင်းရဲဝင်းတစ်ယောက် မောင်စိုးနှင့် အတူရောက်လာခဲ့သည်။ ကျင်းကြီးထဲတွင် ဘက်ဟိုး၂စီး ကုတ်၍ကော်ပုံသမျှ မြေစာတို့ကို မီးသတ်ပိုက်ကြီးများဖြင့်ထိုးကာ စီးသမျှရေကိုစုတ်၍ စင်မြင့်ကြီးများပေါ်သို့မောင်းတင်ကာ အဆင့်ဆင့် ရွှေကျင်နေကြသည်။

'ဒီနေရာမှာ အလုပ်သမားဘယ်နှယောက်ရှိမလဲ'

လင်းရဲဝင်း၏ အမေးကို မောင်စိုး ဝိုးတိုးဝါးတားသာ ပြန်ဖြေပေးနိုင်သည်။

'၁၀၀လောက်တော့ ရှိမယ်ထင်တယ်'

'ဪ အမျိုးသားတွေချည်းပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'ဆိုပါတော့'

'အမျိုးသမီးလုပ်သား မထားဘူးပေါ့'

'ဟာ ထားတာပေါ့ ဒီဆိုက်ထဲမှာ အမျိုးသမီးလုပ်သား စုစုပေါင်း ၃၈ ယောက်ရှိတယ်။ အိမ်ထောင်သည် ၁၀ယောက် အပျို ၂၆ ယောက်'

'တာ တယ်တိကျပါလား'

မောင်စိုးတို့က ပိုင်သည်။ အမျိုးသားလုပ်သားကျတော့ အရေအတွက်ပင်မသိ။ အမျိုးသမီးကိုတော့ ပျိုအိုခွဲထားသည်းလင်းရဲဝင်းက သိချင်လာ၍ မေးခွန်းထပ်ထုတ်လိုက်သည်။

'ဒါနဲ့ နေပါဦး တစ်ခုလပ်တို့ မုဆိုးမတို့ကိုရော စာရင်းကောက်ထားသေးလား'

'ကိုဖိုးရဲကလည်း နည်းနည်းငယ်တဲ့ တစ်ခုလပ် မုဆိုးမကို အပျိုစာရင်းထဲထည့်ထားလိုက်တယ် အသက်ကြီးတဲ့ဘူတားကြီးတွေတော့ အိမ်ထောင်သည်စာရင်းထဲမှာပေါ့'

'ဖြစ်ရမယ်'

မောင်စိုးနှင့်ထွေရာလေးပါးသာ ပြောဖြစ်သွားနေရသော်





လည်း စိတ်မပြောင်း။ ရေစိုနုတ်သမီးကို ရှာမတွေ့။ တွေ့တော့ တွေ့တယ်။ ကိုယ်တစ်ပိုင်း ရေစိုပြီး ပင်ပန်းကြီးစွာ ရွှေကျင်နေကြရသည့် အမျိုးသမီးများ။

'သူတို့ ဒီလိုပဲ နေကုန် အလုပ်လုပ်ကြရတာပဲလား'

'နံနက် ၈ နာရီက ညနေ ၄ နာရီအထိလေ။ ထမင်းစားချိန် ရှိတယ်'

'လခကျတော့ရော'

'ပုံသေတော့ မရှိပါဘူး။ နေ့စဉ် လူ ၃၀ အုပ် တစ်အုပ်ပန်းလေးတွေနဲ့ ကျင်လို့ရတဲ့ ရွှေ ၅ကျပ်သားကျော်ရင် ၁ကျပ်သားအပိုအတွက် တစ်ယောက် ဘောက်ဆူး ၁၀၀၀ ရတယ်'

'မကျော်ရင်ရော'

'လစာပဲပေါ့ တစ်လ ၆၀၀၀ လောက်တော့ ရတယ်၊ ပုံမှန်ကတော့ လစဉ်ဘောက်ဆူး အိုဗာတိုင်နဲ့ ပေါင်းရင် အလုပ်သမတွေက ၂၀၀၀၀ လောက် စီပါတယ်'

'မဆိုးပါဘူး ခင်ဗျားကျတော့ရော'

'ကျွန်တော်က ပုံသေ လစာ ၁၀၀၀၀ ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ရဲ့လား ကျွန်တော်တော့ မတောဘူးထင်တာဘဲ ခင်ဗျားပုံက ရေပေါ်ပုံပဲ'

လင်းရဲဝင်းက ခဲထားသော စီးကရက်နှင့် နေကာမျက်မှန်၊ ဆွဲကြိုးတို့ကို ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

'ဖိုးရဲတလဲ. . တစ်ခါတလေ ဝွင်တည့်တဲ့အခါမှာ ရေနည်းနည်းပေါ်တာပေါ့'

လင်းရဲဝင်း ကြိတ်ပြီး သက်မချလိုက်သည်။

ငွေရှာလွယ်ပြီး မြွေထွက်တဲ့နေရာမှာ သိုပေါက်အနည်းငယ်တော့ ရှိတတ်သည်ပေါ့။

'ဘယ်လို ဝွင်မျိုးလဲ'

'မဖြစ်ပါဘူးဗျာ ခင်ဗျားသိလို့'

'ဘာဆိုင်လဲ'

'ဆိုင်တာပေါ့ ခင်ဗျားက ဂျာကြီးတွေလေ ဒါနဲ့ စတားမစပ်ဆိုပြီးပြောပြလိုက်မှ ကျွန်တော့်ဝွင်တလေးပိတ်သွားပါဦးမယ်၊ သူများတကာတွေက အပိုဆုကြေး ဘောက်ဆူး အိုဗာတိုင်နဲ့ဝွတ်တယ်၊ ကျွန်တော်တို့ လုံခြုံရေးမှာ ဒါတွေမရှိဘူး'





'ဝွင်ပဲ ရှိတယ်ပေါ့'

'ဒါပေါ့ ဒါပေါ့ တဘ်ဟားဟား လာပါဗျာ ကိုဖိုးရဲ မေးပနေနဲ့ ဟိုနားက ကုလားကိုဝန်ထမ်းသက်သာမှာ နေ့လည်စာကျွေးပါမယ်'

'မလုပ်ပါနဲ့ဗျာ ကျွန်တော့်ဦးလေး ပြောနေပါ့မယ် ကျွန်တော် မဆာသေးပါဘူး စားချင်ရင် ကျွန်တော်ကျွေးမယ်'

'ရတယ် ဘာ့ မပူပါနဲ့ ကိုဖိုးရဲကို ကျွေးထားတာ ဂျာဘူးဆီမှာ ပြန်တောင်းလိုက်မယ်'

လင်းရဲဝင်း အလုပ်သမားများ၏အခြေအနေကိုသိချင်၍ စားသောက်ဆိုင်အတွင်းသို့ လိုက်ဝင်ကာ ကော်ဖီမစ်တခွက်မှာသောက်လိုက်သည်။ မောင်စိုးကတော့ ထမင်းစားသည်။

ဆိုင်ကလေးမှာ လူစည်ကားလှသည်။ ထမင်းစားချိန်မို့ အလုပ်သမားများ စုံလင်လှသည်။ လင်းရဲဝင်း မျက်စေ့ကစားပြီး ဂျပိုနက်သမီးလေးကို ရှာကြည့်သည်။

'ကိုဖိုးရဲ ဘာကြည့်နေတာလဲ ခေါင်းက ဆေးရုံကားပေါ်က ဘုသီးအနီလို ၃၆၀ ဒီဂရီ လည်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ် မဟုတ်ပါဘူး လေ့လာတာပါ နေစမ်းပါဦး ခင်ဗျားတို့ ရွာကျင်မှာ ဘုသီးအနီပါတဲ့ဆေးရုံကား ရှိလို့လား'

'အဟဲ ဒီမှာတော့ မရှိဘူးပေါ့ ရန်ကုန်မှာ ရှိတယ်လေ ကျွန်တော်က ရန်ကုန်သားပါ'

'ဟင် ဟုတ်လား ဒီရောက်နေတာ ကြာပြီလား'

'ကြာပါပြီဗျာ ၁၈ နှစ်သားလောက်ကတည်းကပေါ့'

'မိဘတွေနဲ့ လိုက်လာတာလား'

'မဟုတ်ပါဘူး ခိုးပြေးလာတာ'

'ဗျာ ဒါဆို ခင်ဗျားက ဝရမ်းပြေးပေါ့'

'ဟာ ကြဲကြီးစီရာဗျာ မိန်းမခိုးပြေးလာတာကိုပြောတာ'

'ဟား ဟား တော်သေးတာပေါ့ ခု ခင်ဗျားမိန်းမရော အလုပ်ထဲမှာပဲလား'

ကိုမောင်စိုးက ဘာမှမပြောဘဲ အဝေးသို့ငေးရင်း သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။ ပြီးမှ -

'ဟင်း ဆုံးရှာပါပြီဗျာ'

'အို ဆောရီး ဖြစ်မှ ဖြစ်ရလေဗျာ ကိုင်း ကျွန်တော်မသိ





လို့မေးမိတာပါ စိတ်မရှိနဲ့နော်'

'ရပါတယ်ဗျာ'

စကားဝိုင်းက နှုတ်ဆိတ်သွားသည်။ လင်းရဲဝင်း စိတ်ထဲမှာ မသက်မသာ ခံစားလိုက်ရသည်။ ဆက်မစုံစမ်းချင်တော့သဖြင့် ကိုမောင်စိုးကိုနှုတ်ဆက်ပြီး ခည့်ရိပ်သာဘက် ခြေဦးလှည့်လိုက်သည်။ အချစ်ကိုရှာနေသူတစ်ဦးအနေဖြင့် အချစ်ပျောက်သူကို အဖော်ပြုရှုံမဖြစ်နိုင်မှန်း သူ့စိတ်က အလိုလိုနားလည်လိုက်သဖြင့် စိတ်မှုကြိတ်ဆုတောင်းလိုက်သည်။

'ခါတ်တူနာခံတွ မဖြစ်ပါစေနဲ့ ဘုရား'

'ဖြူဖြူ သမီး ရေမချိုးသေးဘူးလား'

ဖြူပြာမိုးအလုပ်မှပြန်လာပြီးအဝတ်အစားလဲကာ အခန်းထဲဝင်လှဲနေသဖြင့် ဒေါ်မိုးမြင့်က လှမ်းမေးလိုက်ခြင်းဖြစ်သည်။

'စာရင်းဇယားတွေ တစ်ပတ်စာ ချုပ်ပေးနေရလို့ နည်းနည်းခေါင်းကိုက်သွားလို့ပါ အမေ။ ခဏနားပြီးရင် ရေချိုးပါ့မယ်'

'အေး အေး သမီး ဂရုစိုက်ဦး မှောင်သွားရင် ရေချိုးလို့ မကောင်းဘူးလေ အမေ ရေသွားချိုးဦးမယ်။ ထမင်းအိုးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦး'

'ဟုတ်တဲ့ အမေ'

ဖြူပြာမိုး လှဲနေရာမှထပြီး မီးဖိုဖက်ဝင်သွားလိုက်သည်။ ထမင်းအိုးက မဆူသေးသဖြင့် အမေထွက်သွားသည်ကို လှမ်းကြည့်ရင်း အဖေ့ကို သတိရလာသလိုဖြစ်သွားသည်။

'အဖေရယ်'

အဖေသည် ဤရွာတွင်းတွင် ယခင်က ကြီးကြပ်ရေးမှူးဖြစ်သည်။ လွန်ခဲ့သည့်နှစ်က ငှက်ဖျားရောဂါဖြင့် ဆုံးသွားသဖြင့် ဖြူပြာ ပညာတစ်ပိုင်းတစနှင့် အလုပ်ဝင်လုပ်နေရသည်။ အမေလည်း မနေသာ၍ ဤရွာတွင်း၌ပင် အမျိုးသမီးလုံခြုံရေးတာဝန်ခံအဖြစ် ဝင်လုပ်နေရသည်။ သိပ်တော့ မပင်ပန်း။ အမေ့အလုပ်က နေ့ဝက်ကို တစ်လှည့်စီဝင်ရသဖြင့် အချိန်ပိုသည်။

တစ်ခါတစ်ရံ ညနေပိုင်း တာဝန်ကျလျှင်တော့ ဖြူပြာ ထမင်းချက်ရသည်။ မနက်ပိုင်းတာဝန်ဆိုလျှင် နံနက်စာ ဖြူပြာ ထချက်ပြီး အမေ့အတွက် ထမင်းချိုင့်ပါ ယူသွားပေးရသည်။

အဖေ ရှိစဉ်တုန်းကတော့ သူတို့သားအမိ ရွှေတွင်းမှာ နေရ





ဖြင့် သက်သက်သာသာရှိလှတ် အဖေ မရှိမှ စားဝတ်နေရေးအတွက် ရှာဖွေရသည်မှာ မလွယ်ပါလားဟု သူသိလာသည်။

ထမင်းအိုးကိုစွပြီးသွားသဖြင့် သူရေမိုးချိုးရန် ပြင်ဆင်လိုက်သည်။မနေ့ညနေကအချိန်ကို နည်းနည်းကျော်သွားသဖြင့် ကိုလှစိမ်းခေါ် လင်းရဲဝင်းနှင့်မတွေ့နိုင်တော့ဟု သူဆုံးဖြတ်ပြီး ရေချိုးဆိပ်ဘက်ဆင်းလာခဲ့သည်။အမေနှင့်လမ်းတွင် ဆုံသည်။

'သမီး ရေချိုးတော့မလား မြန်မြန်ချိုးနော်'

'ဟုတ်ကဲ့ အမေ ထမင်းအိုးလည်း နှပ်ပြီးသွားပါပြီး'

'အေး အေး အေး'

အမေက မြန်မြန်ချိုး ဆိုသော်လည်း ဖြူပြာမိုး ချောင်းရေအတွင်း ရေစိမ်ချိုးရင်း မနေ့ညနေက အဖြစ်ကို ပြန်သတိရ ရင်ဖိုမိသည်။

'စိတ်လှုပ်ရှားတာပါလေ ဘဝချင်းမတူတဲ့လူကိုချစ်မိရင် ဒုက္ခရောက်မှာပေါ့ မေ့လိုက်တော့မယ် ကိုလှစိမ်းရေ'

စိတ်ထဲကြိတ်၍ ဆုံးဖြတ်ချက်ချကာ ချောင်းရေပြင်တွင် ပျော်းဖွမ်းကူးခတ်ပစ်လိုက်သည်။ သို့သော် သိပ်ကြာကြာမကူး



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ မွေးရာပါနှလုံးရောဂါအခံဘ ရှိနေသဖြင့် တမ်းစပ်တွင်နှ... ရင်း ဆပ်ပြာကို စိတ်ပြေနပြေတိုက်နေမိသည်။

'ယော. . သမီး ပြန်လာပြီ။ ကြာလိုက်တာ သမီးရဲ့ အမေအေးမိကော့မှာပဲ ကြည့်စမ်း ခေါင်းမှာ ရေဆိုလာတယ်'

အမေက တဖြစ်တောက်တောက်ပြောရင်း ဖြူပြာမိုး ... တေသာထက်မှရေစများကို တဘက်ဖြင့်ဖယ်ရှားပေးလိုက်သည်၊

'အညောင်းပြေသွားအောင်လို့ ရေကူးပစ်လိုက်တာပါ အမေ'

'ခက်တာပဲ'

အမေက စူဋ္ဌစူပွလုပ်ပြီးပွပ်တိုက်ပေးနေသဖြင့် ဖြူပြာမိုး သဘောကျပြီး အမေရင်ခွင်ထဲတိုးဝင်လိုက်သည်။

'မနေ့ညနေကတွေ့တဲ့ တောင်ကလေး လာသွားသေးတယ်'

'ရှင်'

အမေ့စကားတစ်ခွန်းကြောင့် ဖြူပြာမိုးအံ့အားသင့်သွားသည်။ မေ့ပစ်ဘို့ကြိုးစားနေသူသည် အိမ်သို့ ဆိုတ်ဆိုတ်မြိုက် ...က်ရောက်လာပြန်သည်၊





'သူ ဘာလာလုပ်တာလဲ အမေ'

'ဘာရယ်မဟုတ်ပါဘူး ဖျင်းလို့လမ်းလျှောက်ရင်း ဒီမေ့ ...တွေ့လို့ ဝင်နှုတ်ဆက်တာတဲ့'

'သူ ချောင်းဘက် ဆင်းလာသေးလား'

ဖြူပြာမိုး မလုံမလဲ့ခြုံစွာ ရင်အစုံကို လက်ဖြင့် ယှက်လျက် ...င်း မေးလိုက်သည်။

'ရှက်ဓမနေပါနဲ့တော့ မောင်မင်းကြီးသား စည်းရှိပါတယ် ...ရေချိုးနေတယ်ဆိုတာနဲ့ အိမ်မှာအမေနဲ့စကားပြောနေတာ'

'အမေ ဘာတွေပြောလိုက်လဲ'

'ဘာပြောရမှာလဲ အမေတို့ သမီးတို့အလုပ်အကြောင်း ...။ သမီးစာတတ်တဲ့အကြောင်း အဖေဆုံးလို့ အလုပ်ဝင်ရင် ...သင်ဆက်တက်တဲ့အကြောင်းပေါ့'

'အမေတာလဲလေ ခဏလေးပဲ စကားပြောလိုက်ရတယ် ...အကြောင်း အတုန်ဖော်တော့တာဘဲ'

'ပြော်၊ တောင်ကလေးက ရည်ရည်မွန်မွန်ကလေးမို့ ပါ



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုက်ထဲက အကောင်တွေနဲ့များ တခြားစီ'

'တူမလား သူတာ သူဌေးသားကို'

'ဘာ သူဌေးသား သမီးဘယ်လိုလုပ်သိသလဲ'

ဖြူပြာမိုးက မတိုးထံမှသတင်းရသည့်အကြောင်းကို မှ တစ်ဝက် ညာတစ်ဝက် ရှင်းပြလိုက်သည်။

'အို ဒါဆို တို့အတက်က ဆက်ဆံတာ ရှိင်းများ သွားလားပဲ'

'ရှိင်းတာ မရှိင်းတာ အပထား အမေ လောလောဆယ် ခွင့်ယူပြီး ရှောင်ရှောင်နေရင် ကောင်းမလားလို့'

'ဘာဆိုင်လဲ သမီးရယ်'

'တျှားတချောင်းနေပြီလေ မပြေးသော်ကန်ရာရှိ ရှော လိုက်တာကောင်းပါတယ်။အခုခွင့်တွာလွန်းတော့ သမီးတို့ပဲ ဒု ရောက်မှ'

'ငါပြောရမှဲ့စကားပါ'

'သမီးသိပါတယ် ဒါပေမဲ့'

*





'ဖိုးရဲ တက်ကြွလှချည်လား ဘယ်တို့ ခြေလှမ်းပြင်နေ ပြီလဲ မနက်ဖြန်ဆိုရင် ရှေ့ကျင်ချောင်းဘက်တက်ရမှာနော်'

ဦးစောညိမ်းက စောစောစီးစီးအိပ်ယာထ ရေမိုးချိုးကာ ါတင်နေသောလင်းရဲခင်းကိုကြည့်ပြီး မှတ်ချက်ချလိုက်သည်။

'မနေ့က လှေလာတာမပြီးသေးလို့ ဒီနေ့ထပ်လှေလာ ယ်လေ အမေ့စကားဆိုတာမြေဝယ်မကျနားထောင်ရတယ် လ'

'ဟုတ်ပါပြီ ဟုတ်ပါပြီ ဒါပေမဲ့ တစ်ခုခုတော့ မှားနေသ ပဲ'

'ဘာမှမမှားဘူး ဦးစောရေ အလုပ်ခွင်ထဲကို ရောက်မှ လုပ်ကိုစိတ်ဝင်စားမှုပိုလာတာ ဥပမာ စစ်စည်စစ်မောင်းစစ် ှုန့်တွေ ကြားရမြင်ရမှ တက်ကြွတဲ့ တိုက်ဆင်ကြီးတွေလိုပေါ့'

'တိုင်း ဘာမှမဝေဖန်တော့ပါဘူး ဖိုးရဲရေ သဘောရှိသာ လာရစေတော့ ငါတော့ ခင်း မရှိရင် ပီးစက်နှိုးပေးမဲ့လူမရှိလို့ ဖတ်ပြီး အိပ်တော့မယ်'

'အေးအေးဆေးဆေးသာ နား ဦးစောရေ'



www.burmeseclassic.com

ပြောပြောဆိုဆို ထွက်ခွာသွားသော ဖိုးရဲ၏ကျောပြင်ပ
ကြည့်ပြီး ဦးစော မှတ်ချက်ချလိုက်သည်။

'တစ်ခုခုတော့ မှားနေတာ သေချာတယ် ဘာမှားမှ
တော့ မသိဘူး အင်း'

'ဦးစော ဦးစော '

'ဦးစောရေ '

'ဦးစောညိမ်း '

တစ်မှေးမှျပင် ပြန်မနှပ်လိုက်ရ။ထွက်သွားပြီး နာရီ
ဝက်ကျော်ခန့်အကြာ လင်းရဲဝင်း အမောတကော ပြန်လ
တကြော်ကြော်အော်ခေါ် တော့သည်။

'ဘာဖြစ်တာလဲကွာ ငါပြန်တောင်မနှပ်ရသေးဘူး'

'မာပျင်းမထူမနေနဲ့ ထ အင်္ကျီဝတ် ပစ္စည်းတင် ရှေ့
သွားမယ်'

'ဟာ ဆိုးပါလား'

'မဆိုးနဲ့ မြန်မြန် ပေးတားသော့ ကျွန်တော်မောင်းမ
ပျာယာခတ်အောင်အလုပ်ရှုပ်နေသော ဖိုးရဲကို ကြ





း ဦးစော အထုပ်အပိုး မြန်မြန်သိမ်းပြီး ပါဂျဲရိုးကား နောက်
နားပေါ် ပစ်တင်လိုက်သည်။ ပြီးမှ အဆက်အစပ်ကို မေးယူရ
သည်။

'တိုင်း အေးဆေး ရှင်းပြပါဦး ဘာကိစ္စ ဘယ်လိုဖြစ်ရ
တာလည်း'

'ကားပေါ်ကြမှ ရှင်းပြမယ်ဗျာ'

ပြောပြောဆိုဆို ကားပေါ် တက်ကာ လာလမ်းအတိုင်း
ပြန်မောင်းထွက်လိုက်သည်။

'ဝူး ဝူး ဝူး'

တစ်အောင့်လောက်ကြာမှ လင်းရဲဝင်းက စကားစလာ
ည်။

'ကျွန်တော့်ကောင်မလေး ရွှေကျင်ပြန်သွားလို့'

စကား အဆက်အစပ်မရှိ။

'ဘယ်ကောင်မလေးလဲ'

'ဖြူပြာမိုး'

ဦးစောညိမ်း ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မနေ့က ညနေစောင်း သူ့အိမ်ရောက်ခဲ့သေးတယ် သူ့ အမေက ဖော်ဖော်ရွေရွေပါပဲ'

စကားစပြတ်ကာ တောင်အတွေ့တစ်ခုကို သတိထား ရင်း ကွေ့လိုက်သည်။

'ကြည့်လည်းမောင်ဦး ဖိုးရဲ တောင်မလေးနဲ့မတွေ့ရာ) ယမမင်းနဲ့ တွေ့နေရမယ်'

'ခုမနက်မှ ပြန်းစားကြီး ရွှေကျင်ထထွက်သွားတာ တ ခုခုကော့ ထူးခြားတယ်'

ဦးစောညိမ်းစကားကို ဂရုမပြုဘဲ သူ့အရှိန်နဲ့သူ ဆ ပြောနေသည်။

'လမ်းမှာ တွေ့နိုင်တယ်'

'သူတို့ဘယ်အချိန်က ထွက်သွားလို့လဲ'

'မနက် ၅ နာရီခွဲ'

'ခုချိန်က'

'နာရီကြည့်လေဗျာ'

မေးခွန်းတွေအများကြီးထုတ်နေသူဦးစောညိမ်းကို လင်





ရဲဝင်းက စိတ်မရှည်စွာ အော်လိုက်သည်။

'စိတ်ကြီးပဲ ခုနစ်နာရီခွဲဆိုတာ ငါသိတာပဲ ခုဟာက ဖိုး ရဲကို အချိန်တွက်မိအောင် ရှင်းပြတာပါ'

'အဲဒီတော့ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ ဒီအချိန်ဆို သူတို့ ရွှေကျင်ရောက်ရော ပေါ့'

'ဟာ အဟုတ်မှတ်လို့ နားထောင်နေတာ'

လင်းရဲဝင်းက ပြောပြောဆိုဆို ကားသရိတ်ကို အုပ်ချ လိုက်သည်။

'ကျွီ'

လမ်းပေါ်မှာ ဖုန်လုံးကြီးများ အလုံးလိုက်ထသွားသည်။

'ဘာဖြစ်ပြန်ပြီလဲ'

'ဘာဖြစ်ရမှာလဲ ဦးစောရယ် သူတို့က ရွှေကျင်သွားတာ ကားနဲ့မှ မဟုတ်တာ ခြေလျင်ဗျာ'

'ဒီတော့'

'ဒီတော့ ၂ နာရီဆို သူတို့ မိန်းကလေးခြေထောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခရီး ၃ ပုံ ၁ပုံတောင် ရောက်ဦးမှာ မဟုတ်ဘူး'

'အေး ဒါလည်း ဟုတ်တာပဲ'

'ခက်တာပဲဗျာ ကျွန်တော်က လမ်းမကျွမ်းဘူး'

စတီယာရင်ကိုလက်နှစ်ဖက်တင်ရင်းက စိတ်ပျက်လက်ပျက်ဖြစ်သွားသောလင်းရဲဝင်းကို ကြည့်ပြီး ဦးစောညိမ်း လေ တစ်ချက်မှုတ်ထုတ်လိုက်သည်။

'ဖူး'

'ဦးစောညိမ်းကလဲဗျာ. . သက်ပြင်းချဘို့လောက်ပဲ သိတယ်၊ အကြံထုတ်စမ်းပါဦး'

'အလိုဗျာ မောင်တို့ယ်တော် ငါက ဒီလမ်းကို ခင်ဗျားထက် ၃/၄ခေါက်လောက် သူဌေးနဲ့အတူရောက်ဖူးလို့ ထွက်ခါနီးမှာ အကြံပေးဘို့မေးတယ်လေ လက်မှုမခံပဲ'

'ဒါဆို ပေးဗျာ အကြံ'

'မင်း စိတ်ရှည်ရှည် နားထောင်'

'ရှည်ပါတယ်ဗျာ ပြောမှာသာပြော'

'တို့ လက်ရှိရွှေတွင်းကနေ ရွှေကျင်တစ်ဖက်ကမ်း တဲ





ခွန်တိုင်ကို ခု နွေရာသီဖောက်ထားတဲ့မြေသားကားလမ်းက ၁၂ မိုင်ဝေးတယ် လူသွားလမ်းက ၉ မိုင်ဝေးတယ်'

'ဒီတော့'

'ဒီတော့ တို့က လူသွားလမ်းနဲ့ ကားလမ်းဆုံတဲ့နေရာမှာ စောင့်ရင် မင်းကောင်မလေးကို မိနိုင်တယ်'

'တွေ့နိုင်တယ်ပြောပါဗျာ'

'အေး အေး တွေ့နိုင်တယ်'

'ဒါဆိုရင် လူသွားလမ်းနဲ့ကားလမ်း ဘယ်နားမှာဆုံမလဲ'

'အင်း ဒါတော့ ငါလည်း မသိဘူး'

'ကောင်းရော '

လင်းရဲဝင်း ခေါင်းငိုက်စိုက်ချအကြံအိုက်သွားပြန်သည်။ ပြီးမှခေါင်းထောင်ကြည့်ပြီး ဘေးဘယ်ညာအကဲခတ်လိုက်သည်။ ဘယ်လှမ်းလှမ်းတွင် နွားလှည်းတစ်စီးမောင်းနှင်လာသည်ကို သူ တွေ့လိုက်သဖြင့်

'ဟိုမှာ နွားလှည်း'

'ဟင် ဘယ်မှာလဲ ဪ တွေ့ပြီ ဘာလုပ်မလို့လဲ လှည်း



www.burmeseclassic.com

www.burmeseclassic.com



ကြုံစီးမလို့အား'

'အရေးထဲဗျာ မနှောက်စမ်းပါနဲ့ ဆင်း ကားပေါ်က'

'ဟော'

ဦးစောညိမ်း မျက်လုံးပြူးသွားသည်။

'ဖိုးရဲရာ ငါနည်းနည်းနှောက်မိတာနဲ့ အဲဒီလိုတော့ စိတ်မဆိုးပါနဲ့ မင်းအဖေ Boss ငှါးကို ကားပေါ်ကတစ်ခါမှဒီလိုမောင်းမချဘူး'

'ဟာဗျာ ဦးစောကလည်း မောင်းချတာ မဟုတ်ဘူးဗျာ အဲဒီလှည်းသမားကို ခုနက ဦးစော ပြောတဲ့ ကားလမ်းနဲ့ လှည်းလမ်းဆုံတဲ့နေရာကို မေးခိုင်းမလို့ အမှတ်အသားအကွာအဝေး ပါ တစ်ခါထဲ မေးခဲ့လို့ ပြောမလို့ ဆင်းခိုင်းတာ'

'ဒါဆို တော်သေးတာပေါ့ကွာ'

'ငါ့ခမျာ သောင်ပြင်လွှတ်တဲ့ ပိုအတောင် ဖြစ်တော့မလို့ စိတ်ပူသွားတယ်'

ဦးစောညိမ်း ပြောပြောဆိုဆို ကားပေါ်မှ ဆင်းသွားပြီး လှည်းမောင်းလာရာဖက်ရှေ့ရှုလျှောက် ပုဆိုးမ,ကာ ဖုံတောအတွင်း





…က်ခက်ခဲခဲ လျှောက်လှမ်းသွားနေသည်။ လှည်းသမားနှင့်စကား …ပြောနေသည့် ၅မိနစ်ခန့်အချိန်ကာလလေးကို လင်းရဲဝင်း နာရီ …ကြည့်ကြည့်နှင့် စိတ်မရှည်စွာ စောင့်ဆိုင်းနေသည်။ ပြီးမှ ခပ် …တ်သွက်လေး ကားဘက်ပြန်လျှောက်လာသော ဦးစောညိမ်း …ကို ကားတံခါးမှန်ချပြီး မေးလိုက်သည်။

'ဘာတဲ့လဲ ဦးစော'

'နေပါဦးကွာ ကားပေါ်တက်ပါရစေဦး'

ဦးစောက ကားတံခါးဖွင့် ကားပေါ်ပြန်တက် ခုံမှာထိုင် …င်း မှန်ပြန်တင် ရေဗူးကိုဖွင့်သောက်နေသဖြင့်

'မြန်မြန်ပြောပါအချိန်မရဘူး အရေးထဲ မောနေပြန်ပြီ'

'အသက်ကြီးပြီကွ'

'သိပါတယ်ဗျာ လမ်းခွဲဘယ်မှာလဲ'

'ရှေ့နားမှာ'

'ဟို'

စကားမဆုံးမီ လင်းရဲဝင်း ကားမောင်းထွက်လိုက်သည်။

'ဟေ့ စကား မဆုံးသေးဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



'ရှိပြီ ဆက်ပြောတော့'

'ခုနက လှည်းထွက်လာတဲ့နေရာလေး၊ အခု မင်းထွက်မောင်းတာနဲ့ ကျော်တော့မယ်'

'ကွဲ'

လင်းရဲဝင်း ဘရိတ် ဆောင့်အုပ်လိုက်သည်။

ဦးစောညိမ်း ရှေ့ဒူးကုန်းထားလိုက်ချိန်မှာမို့ ကားဒက်ရှ်ဘုတ်နှင့် ခေါင်းဆောင့်သွားသည်။

'ဒုန်း'

'အားလားလား သေပါပြီ'

ကျွတ်ကျသွားသော မျက်မှန်ကို ငုံ့ကောက်ရင်း ဦးစောညိမ်း ညည်းညူလိုက်သည်။

'မင်းကွာ အရှမ်းချည်းပဲ'

'ဦးစောညိမ်းပဲ ကျော်တော့မယ်ဆို'

'စကားအဖြစ်ပြောတာကွာ ရှေ့မှာ ၂မိုင်လောက် လိုသေးတယ် ဖြေးဖြေးမောင်း လှည်းသမားပြောတာက ခြေလျှင်လျှောက်တဲ့လူက ခပ်သွက်သွက်လျှောက်မှ သူပြောတဲ့ လမ်းဆုံ





...ို့ ချွေကွင်းကနေ ၃ နာရီလောက် လျှောက်ရတယ်တဲ့'

လင်းရဲ နာရီကို မြှောက်ကြည့်လိုက်သည်။

'၄၅ မိနစ်လောက် မောင်းရမှာပေါ့'

'ဘယ်ကမလဲ. . . မိန်းမခြေထောက်ဆိုတော့ ၁နာရီခွဲ...ောက် အသာလေးပဲ'

'သူ့အမေပါလို့ ဖြစ်နိုင်တယ်'

'တုတ်မှာပေါ့ မိန်းကလေး ငယ်ငယ်ဆိုရင်တော့ ရောက်...င်ပါတယ်'

'ဒါနဲ့ ဖိုးရဲကောင်မလေးက လှလို့လား'

'ခင်ဗျားဗျာ မေးရက်လိုက်တာ'

'ဩော် ပုံမလာဘူးပေါ့'

'ပြောလေ ကဲလေပဲ နားထောင် ကျွန်တော်ပြောပြမယ်'

လင်းရဲဝင်းက မဒမချောင်းဘေးတွင် ထိုမိန်းကလေးကို ...ုင်းစပ်မှုစတွေ့စဉ် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်မိပုံ...ပြောပြရင်း

'ဦးစော ခင်ဗျား ရောဟဏီနတ်သမီးကို မြင်ဖူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း မင်းရော မြင်ဖူးလို့လား'

'ဘယ်မြင်ဖူးမလဲဗျာ အဲ့ ခေတ်ရီး ကြားဖူးလားလို့ မေးတာ'

'ဒီအသက်အရွယ်ရောက်မှတော့ကွာ'

'ကြားဖူးတယ်ပေါ့'

'ဟင့်အင်း ခုမှကြားဖူးတာ'

'လုပ်ပြီ ဦးစောကတော့လေ အသက်သာ ကြီးလာတာ ဗုဒ္ဓစာပေတွေကို လေ့လာပုံမရဘူး'

'အသားလွတ်ကြီးပါလား'

'ဟုတ်တယ်လေ ရောဟဏီနတ်သမီးဆိုတာ ဗုဒ္ဓစာပေထဲမှာပါတဲ့ သာဓကတစ်ခုလေ ရှည်ရှည်ဝေးဝေးပြောရရင်'

'ရောဟဏီ အသာထားဦး လှည်းသမားပြောတာ ရှေ့နားက ကညင်ပင်ကြီးအောက်က နတ်စင်နားမှာ လူသွားလမ်းနဲ့ဆုံတယ် ပြောတယ် တားရပ်လိုက်'

လင်းရဲဝင်း တားကိုရပ်ပြီး ဘယ်ညာကြည့်လိုက်သည်။ ဖုံနေသော လူသွားလမ်းလေးကို တွေ့လိုက်ရသဖြင့်





'ဖြစ်နိုင်တယ် လူသွားလမ်းတွေ့ရတယ်'

'ကိုင်း ဒါဆို တားကို လမ်းဘေးက အရိပ်ထဲမှာ ချထား ...် စက်ပိတ်ထားလိုက်ကွာ ဓာတ်ဆီကုန်တယ် သဘာဝလေ ...ကောင်းပါတယ်'

'ဦးစောကလဲ ကပ်စေးနည်းရန်ကောဗျာ'

'ငါကပ်စေးနည်းတာမဟုတ်ဘူး မင်းတို့ကုမ္ပဏီအတွက် ...ကာပေးနေတာ မလိုအပ်ဘဲ အကုန်အကျမများအောင်'

'ထားပါတော့ဗျာ'

'ကိုင်း ခမ္ဘကထိတလေး ခုနက ရောဟဏီဇာတ်လမ်း ...ပါဦး မင်းတောင်မလေးနဲ့ ဘာပတ်သက်မှုရှိတယ် ဆိုတာ ...တောင်ရအောင်'

'နားချင်တယ်ပေါ့'

'နားချင်တယ်လို့တော့ မဟုတ်ပါဘူးကွာ မင်းရဲ့ လည် ...ပြီး ရှည်လာမလောက်စောင့်ရတဲ့အတွက် စိတ်တိုနေမှာမို့ ...ယရှည်ညီသွားအောင် မင်းပြောချင်တာလေးတွေပြောဖို့ ...င်းဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးစောညိမ်းက လျှကြိုးပီပီ အမှုန့်ခဲ့ဘူး သုံးသပ်ပြလိုက်

ဖြင့် လင်းရဲဝင်း ကျေနပ်သွားပြီး

'ဒီစကားကတော့ အမှန်တကယ် တန်ဘိုးရှိတယ် ဝ

စားတယ်ဗျာ ဦးစောက အလကား အသက်ကြီးတာမှမဟုတ်

'လုပ်ပြီ ပြောမှာသာ ပြော'

'ဒီလို ဦးစောရဲ့ ဒီနာမည်မနိပ်ပါဘူးဗျာ အနက်ကယ်

လို့ ပြောင်းခေါ်မယ် ဓော်ဒယ်နိုက်စ် ဖြစ်တာပေါ့'

'ကြိုက်သလိုပြော ကြိုက်သလိုခေါ်'

ဦးစောညိမ်း စိတ်မရှည်။ အာမြူးနေသော ဖိုးရဲကို လှ

ပေးထားလိုက်သည်။

'အဲဒီနတ်သမီး ဘာတဲ့'

'လုပ်ပြီ ကိုယ့်ဇာတ်ကိုယ်မနိုင်ဘူး ရောဟာဏီလော

'ဟုတ်ပြီ ရောဟာဏီ. . လူ့ဘဝက ကိုယ်ရွေးရော

သည် ဟုတ်တယ်'

'ဖိုးရဲ ဇာတ်လမ်းစဆုံးမသိရင် မပြောနဲ့တော့ သိကြ

တယ် ကိုယ့်ဘာသာဖေး ကိုယ့်ဘာသာဖြေလိုက်နဲ့ စိတ်ရှုပ်တ





'အနက်ကယ်စော မေ့တာမဟုတ်ဘူးဗျ. . မူ့တ်သွင်းတာ

မူ့တ်(mood) ဆက်ပြောမယ် ကြားဖြတ် မပြောနဲ့။ ရောဟာဏီ

ယ်ပီ အရွေးရောဂါသည် မတိုင်မီ ဘဝက အကုသိုလ်တစ်ခု

ုပ်ဖူးလို့ ဒီဘဝမှာ ဒီလိုဖြစ်တယ် ပြီးရောပေါ့ မဟုတ်ဘူးလား'

'× × × × × ×'

'နည်းနည်းပါးပါးတော့ ဟုတ်တယ်လေး ဘာလေးပြော

ပေလ'

'လုပ်ပြီ အမျိုးမျိုး မင်းပဲ ခုနက ကြားဖြတ်မပြောနဲ့ဆို'

'ထားပါတော့ အဲဒီမိန်းကလေးက ကုသိုလ်ကောင်းမှု

ာ်ခဲ့ကြောင့် ကုသိုလ်ဆိုတာ ဘုရားရှင်ပြင်မှာ တံမြက်စည်းလှဲ

ုတို့ သန့်ရှင်းရေးလုပ်တာတို့ စတဲ့ အလုပ်တွေကို အပတ်တ

က်လုပ်လိုက်တာ ကိုယ်ရေပြားရောဂါပျောက်တယ်'

'လူ့ဘဝမှာပဲပေါ့'

'ဒါပေါ့ နောက်တော့ သေလွန်တော့ နတ်ပြည်ကို On

the spot ရောက်သွားတယ်။

'ချက်ခြင်းရောက်တယ်ဆိုရင် ပြီးတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရောက်တဲ့နေရာကလည်း နတ်သားလေးပါးရဲ့ဘုံဗိမာန် အလယ်မှာ ဘယ်ကိုမှမကြည့်ဘူး အပေါ်ကို မော့ကြည့်နေတယ်'

'ဒီတော့'

'ဒီတော့ ဒီလောက်လှတဲ့ နတ်သမီးကို နတ်သား ၄ပါး က လိုချင်တယ်ပေါ့ ငြင်းကြခုံကြ တိုင်းကြထွာကြပေါ့'

'ငြင်းကြခုံကြတာတော့ ဟုတ်ပါပြီ တိုင်းကြထွာကြ ဆို တာ ဘာလဲ ဟို... ဆဲတာလား ဟာတွာ မဟုတ်သေးပါဘူး နတ် တွေက ဆဲမလား'

'လုပ်ပြီ အန်တယ်စော နားထောင် ပြောမယ် နတ်သား ၄ပါးအလယ်မှာ ပေါ်လာတယ် အပေါ်ကို မော့ကြည့်နေတယ် ဘယ်သူ့ဖက်မှ လှည့်မကြည့်ဘူး ဒီတော့နတ်သမီးပေါ်လာတဲ့ နေရာကို ဘယ်နတ်သားနဲ့နီးလဲလို့ တိုင်းတာပေါ့'

'အဲဒီလို ရှင်းရှင်းပြောလေကွာ ဘယ်သူနဲ့နီးလဲ'

'ဘယ်သူနဲ့မှမိုမနီးဘူး ဒါကြောင့် နတ်သား၄ပါးက နတ် တို့သခင် သိကြားမင်းဆီသွားပြီး အဆုံးအဖြတ်ခံယူတယ်'

'သိကြားမင်းက ဘာပြောသလဲ'





'မရှိဘူး လူ့ပြည်သကြန်ပွဲ ခဏသွားနေတယ်'

'ဟော ငါမတ်ဖူးတာတော့ ဒီလိုမဟုတ်ပါလား ဟော့ ဟော့ ူကြီးကို မရှိုးနဲ့'

'ဟား ဟား ပေါ်ပြီ လူကြီးကို ကျွန်တော်က ရှိုးတာ မ ုတ်ဘူး လူကြီးက ကျွန်တော့်ကို ရှိုးတာ ရောဟဏီနတ်သမီး ကြောင်း မကြားဖူးဘူးဆို'

'ဒါတော့ မင်းရဲ့ ဘာသာရေးဗဟုသုတကိုသိချင်လို့ပါ ယက်ပြောလေ'

'အင်း ပြောရမှာပေါ့ ဇာတ်လမ်းက အဓိကမဟုတ်ဘူး ျွန်တော့်ရင်ထဲက ပေါက်ဖွားလာတဲ့ ပထမဆုံးနဲ့ တစ်ခုတည်း သော နောက်ဆုံးအချစ်စတင်မွေးဖွားပုံကို ခမ်းခမ်းနားနားပြော ျချင်လို့ပါ အဲဒါကို တွေးဋ္ဌပြုပြီး အန်ကယ်စောက လေးလေး ုက်နတ်နားထောင်ပြီး အသိအမှတ်ပြုပေးပါ'

လင်းရဲဝင်း လေးလေးနက်နက်ပြောနေသည်။

သူ့လေသံနှင့်ဟန်ပန်အမူအရာက ပျက်ချော်ချော်လုပ် ချြင်းမဟုတ်ဟု ဦးစောညိမ်းက မှတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း အတည်နေဦး '

'အတည်ပါဗျာ ကျွန်တော်တို့စကား ဘယ်ရောက်သွားပါပြီလဲ'

'သိကြားမင်းဆီ ရောက်တော့ သိကြားမင်းက ပြဿနာကိုမေးပြီး ရောဟဏီနတ်သမီးကိုခေါ်လိုက်တယ် ဒီအခါမှာ နတ်သမီးလည်း ရောက်လာရော သိကြားမင်းက မေးပြီး သတိလက်လွှတ် ဖြစ်သွားတော့ နတ်သားလေးပါးက ဝိုင်းပြီး ပြုစုလိုက်ရတယ်'

'သိဝိမင်းကြီးလိုပေါ့'

'ဒီမှာပဲ သိကြားမင်းက အမောင်နတ်သားတို့ ရောဟဏီ နတ်သမီးကိုမြင်တဲ့အခါ ဘယ်လိုခံစားလိုက်ရလဲလို့ မေးတော့'

'နတ်သားတွေက'

'နတ်သား ၄ ပါးက သူတို့ခံစားချက်တွေကို ပြောပြတာပေါ့ မျက်လုံးပြူးသွားတို့ ရင်ထဲမှာ လှိုင်းတံပိုးတွေလို တစုန်းစုန်း ထန်သွားတာတို့ မြင်းရထားအစင်းတစ်ရာခုတ်သွားတာတို့ ဘာ





ပေါ့'

'ဒါနဲ့'

'သိကြားမင်းဟာ အမောင်နတ်သားတို့ မင်းတို့က အဲဒီလို ခံစားရတာ ငါ သိကြားမင်းက ဒီရောဟဏီနတ်သမီးမှ မရရင် အသက်ကြွေလိမ့်မယ်တဲ့'

'ဂွတ်အိုင်ဒီယာဘဲ '

'အိုင်ဒီယာမဟုတ်ဘူး တကယ် [illegible]မှာ ကျွန်တော်လည်း ကိုမှမရရင် ကြွေလိမ့်မယ်'

'ဘာကြွေမှာလဲ'

'အသက်နဲ့ခန္ဓာကြွေမှာကို ပြောတာပါဗျာ'

လင်းရဲ့ဝင်း ပြောရင်းဖြင့် လူသွားလမ်းလေးဘက်ကိုငေး နေသည်။

သူတို့နှစ်ဦး အတန်ကြာနှုတ်ဆိတ်သွားကြသည်။

'တို့စောင့်နေတာ ၁နာရီ ကျော်ပြီနော်'

တိတ်ဆိတ်ခြင်းကို ဦးစောညိမ်းက ဖြိုခွဲလိုက်သည်။

'ကျွန်တော်က တစ်ကမ္ဘာလောက်ကို ထင်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



ပိုရန့်တော ဟူသည့် အမူအရာဖြင့် လင်းရဲတို ဦးဓေ
ကြည့်လိုက်သည်။

သို့သော် နှုတ်က ပြောထွက်ဟန်မတူ။

'ဒီနေ့ ဒီနေရာမှာ သူနဲ့သာ မတွေ့ရရင် ကျွန်တော်တို့
ချင်း ဝေးပြီလို့ စိတ်ထဲမှာအလိုလိုခံစားရတယ်ဗျာ'

ဆွေးသံပြည့်နေသောတမြေ့မြေ့ဝေဒနာသံသည် လင်း
ရဲဝင်း၏နှလုံးသားမှတစ်ဆင့် ယိုစီးထွက်ပေါ်လာသည်။

'တွေ့ရမှာပေါ့ကွာ ဟော. . ပြောရင်းဆိုရင်၊
တွင်းစပ်မှာ လှုရိပ်တွေ့တယ်ကွာ'

'ဟင် ဘယ်မှာလဲ ဘယ်မှာလဲ'





အခန်း (၅)

မနက်ဝေလီဝေလင်း ၅နာရီကျော်ကျော်လောက်ကပင်
သူတို့နှစ်ဦး နံနက်စာ ထမင်းချိုင့်ကလေးကို ခြင်းထဲ ထည့်ဆွဲကာ
အဝတ်အစားနည်းနည်းယူ၍ ထွက်ခဲ့ကြသည်။

အလုပ်မှခွင့်ကိုတော့ မတိုးမှတစ်ဆင့်အကျိုးအကြောင်း
ရေးကာ မန်နေဂျာထံတင်ပြလိုက်သည်။

သွားခါနီး မတိုးက အမေ့ကွယ်ရာတွင် ရင်ဖွင့်သည်။

'မိုးရယ် နင် အဲဒီလောက်တော့ တွေးကြောက်စရာ လို
မယ်မထင်ပါဘူး သူကြည့်ရတာ သူဌေးသားဆိုပေမဲ့ မာနထောင်
လွှားပုံတော့ မပေါက်ပါဘူးဟာ'

'မတိုးရယ်. . မိုး တွေးကြောက်တာ မဟုတ်ဘူး အခု



www.burmeseclassic.com

www.burmeseclassic.com



မသေခင်က ပြောဖူးတယ် အဆင့်အတန်းချင်း တွာလွန်းတဲ့သူ ကိုမမှန်းနဲ့တဲ့။ ငါ့သမီးက သိပ်လှလွန်းတဲ့ တောပန်းလေးတစ်ပွင့်မို့ အလှာပေါင်းစုံက ပုရိသတွေ လိုချင်ကြမှာပဲတဲ့။ ချမ်းသာတဲ့ အသိုင်းအဝိုင်းထဲရောက်ရင် သမီးဟာ အိမ်ထောင်ရှင်မဘဝကို မရဘဲ အိမ်ထောင်ကျွန်မဘဝကို ရောက်သွားမှာကို အဖေစိုးရိမ်တယ်တဲ့ ဒါကြောင့်ပါ သူ့အပေါ် မှန်းလို့မဟုတ်ပါဘူး'

ဖြူပြာမိုးက ဖခင် မဆုံးမီ မှာကြားဆုံးမသည့်စကားကို ပြန်ပြောပြကာ အမေနှင့်အတူ ထွက်ခွာလာခဲ့သည်။

သို့ပေမဲ့ ဖြူပြာမိုး၏ရင်ထဲတွင်မူ ခံစားနေရသည့်အမည်မသိဝေဒနာတစ်ခုကြောင့် တလှုပ်လှုပ်ဖြစ်နေခဲ့သည်။ လမ်းခရီးတွင် အမေက

'သမီးဆန္ဒကြောင့်သာ အမေ လိုက်ခဲ့ရတယ် တကယ်ဆိုရင် သူ့ကို သမီးပြတ်ပြတ်သားငြင်းဆန်လိုက်ရင် ဖြစ်ပါတယ် အေ'

အမေ၏စကားကို ဖြူပြာမိုးက

'သမီး သူ့အပေါ်ငြင်းဆန်နိုင်တဲ့အင်အားမရှိဘူး အမေ'





ဟု ရင်ထဲကပြောမိသည်။

နှုတ်ကမူ

'သူက သမီးအပေါ် မှာ တစ်ခုခုကို ဖုံးကွယ်ထားချင်နေတယ်'

'ဘာအကြောင်းလဲ သမီးထင်တာ ပြောပါဦး'

ဖြူပြာမိုးက

'သူက သမီးကို မန်နေဂျာရဲ့တူ အဖြစ်နဲ့ပဲ သိထားစေချင်ပုံရတယ်။ အဲဒါကို မတိုးက လိုက်စုံစမ်းမှ သူဌေးရဲ့သားမှန်းသိရတာ တကယ်လို့ သမီးကို ရိုးရိုးသားသားစိတ်ဝင်စားရင် သူ့ရဲ့အမှန်ဘဝနဲ့ ချဉ်းကပ်ဘို့ ကောင်းတာပေါ့'

ဝမ်းနည်းသံနှင့် ဖြေရှင်းချက်ထုတ်လိုက်သည်။

ပြီးမှ

'တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်မဖြစ်ခင် အခုလို ထွက်သွားတာ ကောင်းမလားလို့။ သူလည်း ဒီနေရာမျိုးမှာကြာကြာကြီး မနေနိုင်ပါဘူး အမေ'

အမေ့ဘက်မှ အသံမထွက်တော့။



www.burmeseclassic.com

www.burmeseclassic.com



လူသွားလမ်းကလေးက ကျဉ်းသဖြင့် အမေ့နောက်မှာ ဖြူပြာမိုး တိတ်ဆိတ်စွာ လိုက်ပါနေလိုက်သည်။

အမေက အသက်ကြီးပေမဲ့ ကျန်းမာရေးကောင်းသည့်အတွက် ဖြူပြာမိုးနှင့် ကိုက် ၁၀၀ခန့် ဝေးသွားသည်။

သူ့ခေါင်းထဲတွင် မူးဝေလာသဖြင့် ခဏထိုင်နားလိုက်သည်။

အမေက လှည့်ကြည့်ပြီး ဘိန်းရှောက်သီးပင်၏ အရိပ်အောက်၌ ထိုင်စောင့်နေသည်။

သူ ဖြည်းဖြည်းချင်းထပြီး အမေထိုင်သည့်နေရာဘက် လျှောက်လာခဲ့သည်။

'သမီး မောနေပြီလား'

'ခေါင်းထဲက နည်းနည်းမူးလို့ပါအမေ'

'အင်း ဒါဆိုရင် ခဏထိုင်နေလိုက်ဦး ရှေ့မှာ ဦးသာခင်ရဲ့ ဘိန်းရှောက်သီး(ကျွဲကောသီး)စိုက်ခင်းစောင့်တဲ ရောက်ရင် နားလိုက်တာပေါ့'

'ဟုတ်ကဲ့ အမေ'





၁၀မိနစ်ခန့်နားပြီး သူတို့ ၂ဦးဆက်လျှောက်ခဲ့ကြသည်။

တဲနားအရောက် စိုက်ခင်းရေသွင်းသောမြောင်းကူးတံတားအရောက်တွင် စီးနေသောရေကိုကြည့်ရင်း အကူးတွင် မိုးပိုက်တနဲ့ ဖြစ်သွားပြီး

'အမေ'

'အမလေး'

'ဝုန်း'

မျက်စေ့ပြာပြီး မြောင်းထဲကျသွားသည်။

အမေ၏ အလန့်တကြားအော်ဟစ် အကူအညီတောင်းသံကို သူ နောက်ဆုံးကြားလိုက်ရသည်။

လင်းရဲ့ဝင်း စိတ်ဓာတ်ကျသွားသည်။ မြင်လိုက်ရသော ပုံရိပ်သည် သုတ်သီးသုတ်ပြာနှင့်လျှောက်လာသော အမျိုးသားတစ်ဦးဖြစ်နေသည်။

'မဟုတ်ပါဘူးဗျာ'

ကားကူရှင်ကျောမှီကိုမှီချလိုက်ပြီး စိတ်ပျက်သံနှင့် ညည်းညူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦးကွာ ငါမေးပါဦးမယ် သူနဲ့ လမ်းမှာ ဆုံချင်ဆုံခဲ့မယ်'

ဦးစောညိမ်း၏အတွေးအာခေါ် မှန်ကြောင်း နောက်ပိုင်းသူ သိလိုက်ရသည်။

'ဒီမယ် နောင်ကြီးတို့ ဘယ်သွားမလို့လဲ'

'ဒီနားက ရွာကိုပါဗျာ'

'တစ်ခုလောက်မေးချင်လို့'

စိတ်ရှုပ်တန်တူသောထိုပုဂ္ဂိုလ်ကြီးက ဘုဆတ်ဆတ်ဖြင့်

'ဘာလဲဗျာ ဒီမှာအရေးကြီးလို့'

'ဟိုဒင်းဗျာ လမ်းမှာ သားအမိ ၂ ယောက်များ တွေ့ခဲ့လားလို့'

'ဘာ သားအမိလဲ'

'အသက်၄၀ကျော် အမျိုးသမီးနဲ့ ၂၀ကျော် မိန်းကလေးသားအမိပါ'

'ဟေ'

ပုဂ္ဂိုလ်ကြီး ဒုံ့အားသင့်သွားသည်။





'ခင်းတို့ပြောတာ မိုးမြင့်တို့သားအမိထင်တယ်'

'ဟုတ်တယ် ဟုတ်တယ် သူ့သမီးက ဖြူဖြူမိုးလေ'

'ဩော်'

ပုဂ္ဂိုလ်ကြီး ဩော် တစ်လုံးဖြင့် ငိုင်သွားသည်။

'အခုပဲ သူတို့အတွက် လှည်းသွားငှားမလို့'

'ဟင် ဘာဖြစ်လို့လဲ'

'မိုးမြင့်သမီး မူးလဲလို့လေ ခုထိ သတိမရသေးဘူး'

'ဗျာ'

လင်းရဲဝင်း ဗျာကနဲ ဖြစ်ကာ စိတ်ပူသွားသည်။

'ဟာ လှည်းငှားနေနဲ့ ကျွန်တော်တို့ လိုက်ပို့မယ်'

'မောင်ရင်တို့ကားမှ ဦးလေးတဲထဲ ဝင်လို့မရတာ'

လင်းရဲဝင်း ခေါင်းကုတ်လိုက်သည်။

'လှည်းဝင်လို့ရတယ် မဟုတ်လား'

'ဟုတ်တယ်လေ ကားတော့ ဝင်လို့မရဘူးထင်တယ်'

ဦးစောညိမ်းကြားမှ ဝင်အကြံပေးလိုက်သည်။

'ခင်ဗျားတဲက ဝေးလား'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်မဝေးဘူး။ ဒီလမ်းအတိုင်း သွားရင်. . ၁၀မိနစ်လောက်ပဲ လှည်းလမ်းတာတော့ နည်းနည်းဝတ်ရမယ်'

'ဒါဆို လှူနဲ့ပဲ သွားသယ်မယ် ဗိုးရဲ ချိန်ိုင်ပါမလား'

'ရတယ်'

အချစ်၏ခွန်အားများနှင့် လင်းရဲဝင်းအားမဘာန္တေခံလိုက်သည်။

'ကိုင်း ဦးလေး ရှေ့တလမ်းပြတော့'

၃ဦးသား ခပ်သွက်သွက်လေးလျှောက်လှမ်းခဲ့ကြသည်။ တဲနားသော့ရောက်

'ဒီတဲတာတလေးပေါ်ကပဲ မိန်းတလေး မူးပြီးပြုတ်ကျတာ'

တဲတားကိုခုန်ကျော်တာ လင်းရဲဝင်း အိမ်ပေါ်ပြေးတက်ခဲ့သည်။

'အဒေါ် အဒေါ် ဖြူပြာ ဘယ်လိုနေသေးလဲ'

'ဟင် မင်း'

'ဟုတ်ပါတယ် ကျွန်တော်ရွှေကျင်သွားမလို့ပါ ဒီက ဦး





...လးတွေ့တာနဲ့ အခုလိုဖြစ်တာကို သိရတာနဲ့ ပြေးလာခဲ့တာ'

'ကိုသာဒင် လှည်းရော ပါလား'

'မပါဘူး သူတို့ကားနဲ့ပို့ပေးမယ်ဆိုတာနဲ့'

'ရပြီ ဦးလေး မိုးကို ကားအထိ ကျွန်တော်ပွေ့ခေါ်သွားမယ် အဒေါ် ခွင့်ပြုပါ'

လင်းရဲဝင်း ခေါ်မိုးမြင့်ထံခွင့်တောင်းရင်း ပွေ့ချီရန်ဟန်...ြင်လိုက်သည်။

သတိမေ့နေသော အပြစ်ကင်းစင်သည့် ဖြူပြာ့မျက်နှာ...လေးသည် လင်းရဲ၏တစ်ကိုယ်လုံး အချစ်စိတ်တို့ဖြင့် ပြည့်စုံ...က ခွန်အားသစ်များတိုးပွားလာစေသည်။

'ဖြူပြာရယ်'

နှုတ်မှ တိုးတိုးတိတ်လေး ညည်းကာ ပွေ့ယူလိုက်သည်။

'ဖြစ်ပါမလားကွယ် ပြုတ်ပျက်ကျနေပါဦးမယ်'

'ဖြစ်ပါတယ် အဒေါ်'

'ဒီလိုလုပ်ကွာ ခရိုက နည်းနည်းလှမ်းတော့ မင်း ကျော...ပြ ပိုးလိုက် ခေါ်မိုးက နောက်က ထိန်းပေး။ ငါက ဘေးက ကူ



www.burmeseclassic.com

www.burmeseclassic.com



ညီပေးမယ်'

ဦးစောင်၏အကြံအတိုင်း သယ်မှိုမှေ့နေသော မိုး၏ ... ကိုယ်တလေးကို လင်းရဲဝင်း၏ ကျောပြင်ထက်၌ သက်တော ... သတ်သာနေရာယူစေလိုက်သည်။ နွေးထွေးနေသော ခန္ဓာ ... သည် လင်းရဲဝင်းအဖို့ လှုပ်ပြက်သလို ရရှိလိုက်သော ခွန် ... များပင် ဖြစ်ပါသည်။

※





အခန်း (၆)

ချစ်ဇနီး၏ဓာတ်ပုံကို မော့ကြည့်ရင်းက လင်းရဲဝင်း၏ ...ရင်ထဲဝယ် ဆို့တက်လာခဲ့သည်။ထိုအချိန်ကျမှ သူ့တွင် မွေးရာ ...ပါနှလုံးရောဂါရှိကြောင်း သိရှိလိုက်ရသည်။

'ဆရာ'

ချစ်ဇနီး၏ဓာတ်ပုံကိုမော့ကြည့်ရင်း အတိတ်ကိုကူးသွား ...သည့် သူ့စိတ်အလျှင်သည် တပည့်ကျော်အိုစမာ လာခေါ်မှနိုး ...လာခဲ့သည်။

'ဘာလဲကွ'

'ဘရိတ်ဖတ်စ်ရပြီ ဆရာ ရေမချိုးသေးဘူးလား'

'ဒေး ချိုးတာပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ဆရာ့အဖေက ၈ နာရီ တီတီမှာ ဒီအိမ်ကို သူလာခဲ့မယ် တဲ့ ဆရာ့ကို အဆင်သင့် စောင့်နေဘို့ မနက်က ဆရာလမ်းလျှောက်နေတုန်း ဖုန်းဝင်လာတယ်'

ဖခင်၏မှာကြားချက်များ တိတိကျကျပြောပြနေသော တပည့်ကျော် အိုစမာ ခေါ် ရဲသူရကို ခေါင်းညိတ်ပြပြီး ရေချိုးခန်းဝင်ခဲ့သည်။ ကြွေဇလုံတွင် ရေပူရေအေးစပ်ကာ တဝကြီး စိမ်ရင်း ဖခင်ကြီးထံ အတွေးရောက်သွားသည်။

'ရှီးမှာလဲ တွေ့နေရသားနဲ့ ဘာကိစ္စများပါလိမ့်'

အတွေးထဲဝင်လာသည်ကို ချက်ချင်းအတွေးထဲမှာပင် ဖြေရှင်းပေးလိုက်သည်။

'မိသားစုကိုယ်ရေးကိုယ်တာကိစ္စဖြစ်မှာပါလေ'

သူ့ဖခင်သည် ရုံးတွင် အိမ်တွင်းရေးကိစ္စများ ပြောလေ့ပြောထ မရှိသည်မှာ သူ လူမှန်းသိတတ်တာတောည်းက မဟုတ်ပါလား။ ၁၅ မိနစ် ရေစိမ်ချိုးပြီး အိပ်ခန်းထဲတွင် အဝတ်အစားဝတ်ကာ သူ့စာကြည့်ခန်းဖက်သို့ဝင်ပြီး ရုံးတွင်လိုအပ်မည့် စာရွက်စာတမ်းများကိုဖိုင်တွင်ညှပ်ကာ စားပွဲပေါ်တင်ထားလိုက်သည်။





တပည့်ကျော်အိုစမာသည် ယူဆောင်၍ကားတွင်းထည့်ထားပေးလိမ့်မည် မဟုတ်ပါလား။ နံနက် ၇နာရီ မိနစ်၃၀ သာရှိသေးသဖြင့် မြူပြာမိုး၏ပုံရိပ်များရှိရာ ဓာတ်ပုံအယ်လ်ဘန်လေးကို တယုတယဖွင့်ကြည့်လိုက်သည်။ ရွှေကျင်ပြည်သူ့ဆေးရုံကြီးအရေးပေါ် ခန်းအတွင်း ပက်လက်ကလေး သတိမေ့နေသောသူကိုစောင့်ကြည့်နေသောသူတို့ကို အပြင်ထွက်ရန် ဆရာဝန်ကြီးက အချက်ပြသဖြင့် သူတို့ ၃ဦး အပြင်သို့ထွက်လာခဲ့သည်။

'ဘယ်လိုကဘယ်လို ရွှေကျင်ကို အရေးကြီးထွက်လာရတာလဲ အဒေါ်ရယ်'

'အဲဒါ မောင်လင်းရဲကြောင့်ပါကွယ်'

'ဘာ ဘယ်လို'

'ဟုတ်တယ် မောင်လင်းရဲ အဒေါ့်သမီးက မင်း သူ့ကိုသုပ်ထဲမှာ လိုက်ရှာတာ ညနေဘက် သူ့အကြောင်းစုံစမ်းတာနောက်ပြီးတော့'

ဒေါ်မိုးမြင့် ဆက်မပြောတော့သဖြင့် လင်းရဲဝင်း သိချင်စောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီးတော့ ဘာဖြစ်လဲ အဒေါ်'

'နောက် မင်းက တို့ကုမ္ပဏီသူဌေးရဲ့ သားမှန်း သိသွားတော့ အရမ်းကို စိတ်အားငယ်သွားပြီး ညဖက်မှာ ရွှေတျင်မှာ သွားရှောင်ဘို့ အဒေါ်ကို အတင်းပူဆာတော့တာပဲ'

'ဖြစ်ရလေဗျာ'

လင်းရဲဝင်း ငြိမ်ကျသွားသည်။ ဒါဆို သူ့ဝေယျာဝစ္စမတောင်း ဘူးပေါ့။

'သူမှာ နှလုံးရောဂါရှိနေတာကို ကျွန်တော်မှ မသိတာ စိတ်ချပါ ဒေါ်ဒေါ် နောက်ထပ်ပြီး သူ့ကို ဒီလိုမဖြစ်စေရပါဘူး'

'အေးပါကွယ် တစ်ခုတော့ အဒေါ် တောင်းပန်ချင်တယ် သမီးလေး သတိရလာရင် မောင်လင်းရဲ့ ချက်ခြင်း ဝင်မတွေ့ပါ နဲ့ သူ ရှုတ်တရက် အံ့အားသင့်သွားရင် ထပ်ဖြစ်မှာစိုးလို့ပါ'

'ကျွန်တော်နားလည်ပါတယ် သူ့စိတ်ခံစားချက်ကို ဖြန်း စားပြီး ဝေဒနာတစ်ခု ထပ်မပေးရက်ပါဘူး'

'နောက် တစ်ခုမေးချင်တယ် အဒေါ် သမီးကို မောင် လင်း ဘာရည်ရွယ်ချက်နဲ့ အခုလိုလုပ်ရတာလဲ အထင်သေးလို့





...ပင်'

'တာ ကြံကြီးစည်ရာ ဒေါ်ဒေါ် ရယ် ပော့ဒီဦးစောညိမ်း ...ပးကြည့်ပါ။ ကျွန်တော် လူပို့ပေါက်အရွယ်ရောက်ကတည်း ...မိန်းကလေးတွေနဲ့ ကင်းရှင်းခဲ့သူပါ အခုလဲ'

ပြောသင့်မပြောသင့် နှိုင်းနှိုင်းချင့်ချင့်တွေးရင်း လင်းရဲ ...း ပြောလိုက်သည်။

'နားနဲ့မနာ ဖဝါးနဲ့နာပါ ဒေါ်ဒေါ် သူ့ကိုမြတ်နိုးတဲ့စိတ် ...ကျွန်တော့်ဘဝ ကျွန်တော့်ရဲ့နှလုံးသားထဲမှာ တစ်ခါမှ မပေါ် ...လို့ ရူးရူးမူးမူးဖြစ်ခဲ့ရတာပါ'

'အင်း အဒေါ် သဘောပေါက်ပါပြီ အခုဟာက အဆင့် ...တန်းချင်းက မိုးနဲ့မြေလို ကွာနေတော့..'

'ဒါက အဓိက မဟုတ်ပါဘူး ဒေါ်ဒေါ် ကျွန်တော်တို့မှာ ...ပို'

'လူနာရှင်တွေရှိလား'

နာ့စ်မကြီးတစ်ဦးထွက်လာပြီး မေးသဖြင့် လင်းရဲဝင်း ...တားစပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှိပါတယ်'

'ဆရာကြီးက ရွှံ့ခန်းကို ခဏတဲ့'

'ကျွန်တော်လိုက်လို့ ရမလား'

လင်းရဲဝင်းက ဒေါ်မိုးမြင့်ထံ ခွင့်ပန်လိုက်သည်။

'ရပါတယ်ကွယ် သမီးအခြေအနေကို မောင်လင်း သိထားရတာပေါ့'

'ကျေးဇူးပါပဲ'

နဂါစ်နောက်မှ နှစ်ယောက်သား ဝင်လိုက်သွားခဲ့သည်။

'တိုင်း ထိုင်ကြ'

'ကလေးမဟာ ချော်လဲတဲ့အရှိန်နဲ့ လန့်ပြီး ရှော့ခ်ဖြစ်သွားတာ ဒါ ဒုတိယအကြိမ်နော်'

'ဟုတ်ပါတယ် ဆရာကြီး သူ့အဖေ သေတုန်းက တစ်ကြိမ် ရှော့ခ်ဖြစ်ဖူးတယ်'

'ဝရုဇိုက်မှာပေါ့ဗျာ ဒုတိယအကြိမ်ဆိုတော့ စိုးရိမ်ရတယ် ကျွန်တော်တို့ဆီက အကောင်းဆုံးလုပ်ပေးထားတယ် သို့သော်ငြား ဒီမှာ တစ်ပတ်လောက်နားပြီးရင် ရန်ကုန်ပို့ရမယ်'





'ရှင် ဒီ ဒီမှာကုလို့မရဘူးလား ကျွန်မတို့ကသားအမိနှစ်ယောက်တည်းဆိုတော့ အလုပ်ကလည်း ခွင့်၅ရက်ပဲယူလာတာ'

'အလုပ်နဲ့ခင်ဗျားသမီးအသက် ဘယ်က ပိုအရေးကြီးလဲ'

'ဒါတော့ ဆရာကြီးရယ်'

လင်းရဲဝင်း မနေသာတော့။

'ကျွန်တော်ကို ပြောခွင့်ပြုပါနော်'

ဆရာကြီးက မော့ကြည့်ပြီး

'သူက'

'သမီးရဲ့ မိတ်ဆွေပါ'

'ပြောပါ'

လင်းရဲဝင်း လည်ချောင်းတစ်ချက်ရှင်းပြီး အားယူလိုက်သည်။

'ကျွန်တော်က ရန်ကုန်ကပါ ခု အဒေါ်နဲ့ဖြူပြာတို့လုပ်တဲ့ကုမ္ပဏီကပါပဲ။ ကုမ္ပဏီကို တင်ပြပြီး ဖြူပြာမိုးရဲ့ကျန်းမာရေးအတွက် ရန်ကုန်မှာကုသဘို့ တာဝန်ယူပေးပါ့မယ်။ ဒါ့ကြောင့် ဆရာကြီးစကားကို နားထောင်ပေးဘို့ ဒေါ်ဒေါ်ကို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ်'

'ဟာ ဒါဆို သိပ်ကောင်းတာပေါ့ ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် ကျွန်တော်တို့ဆရာဝန်တွေကတော့ ကိုယ့်လူနာကောင်းတာကိုပဲ မြင်ချင်တယ် ကိုင်း ခင်ဗျား ခေါင်းမာမနေနဲ့တော့'

ဒေါ်မိုးမြင့် ဘာမှမပြောတော့။ ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူလိုက်သည်။ ပြီးမှ

'သမီးလေးရော သတိရပြီလား ဆရာကြီး'

'သတိရပါပြီ ဒါပေမဲ့ သူ့ကို အိပ်ဆေးနဲ့ ဆက်ပြီး အနားယူခိုင်းထားတယ် နောက် ၂ နာရီလောက်ဆို နိုးပါပြီ'

'ဒါဖြင့် ကျွန်မတို့ကို ခွင့်ပြုပါဦး'

'ရပါတယ် ၂ နာရီမထိုးခင် ပြန်လာခဲ့ပေါ့'

'သမီးက လက်ခံမယ်မထင်ဘူး'

'ကျွန်တော်ကြိုးစားပါ့မယ် ရန်ကုန်ရောက်ရင် မိဘတွေကိုဖွင့်ပြောပြီး အဒေါ်ဆီမှာ လာကြောင်းလမ်းပါ့မယ်'

'ရန်ကုန်မှာ အသိမိတ်ဆွေမရှိဘူးကွဲ့'

'ဘာမှမပူပါနဲ့ ဒေါ်ဒေါ် ကျွန်တော့်ကားနဲ့ ခေါ်သွားပြီး





ျွန်တော့်တိုက်ခန်းမှာ ဒေါ်ဒေါ်တို့ကို ပို့ထားပေးမှာ နေ့စဉ်

ားခန်းပို့တာတွေ အားလုံးစီစဉ်ပေးပါမယ်'

'သမီးဆန္ဒပါပဲကွယ်'

ဒေါ်မိုးမြင့် နောက်ဆုံးလျှော့ချလိုက်သည်။ထိုနေ့က ဖြူ

ုမိုး အိပ်ယာမှနိုးနိုးချင်းတွေ့ခွင့်ကိုတော့ လင်းရဲဝင်း မရခဲ့။

'သား'

ဖခင်၏ကြင်နာခွေးထွေးသောအသံကြောင့် လင်းရဲဝင်း

တိတ်လွင်ပြင်မှ နိုးထခဲ့သည်။

'မင်း သူ့ကို မမေ့နိုင်သေးဘူးနော်'

တုလားထိုင်တစ်လုံးကို ဆွဲထိုင်ချလိုက်ရင်း ဦးဟန်လင်း

ကားစလာသည်။ လင်းရဲဝင်း ဘာမှမပြော။ လက်ထဲရှိ အယ်လ်

ာန်စာအုပ်ကလေးကိုပိတ်လိုက်ပြီး သူ့နေရာသူထားလိုက်သည်။

ပြီးမှ 'သူ့အရိပ်တလေးတွေနဲ့ သူ့ပုံတင်သံလေးတွေနဲ့ သား

ာဝပျော်ရွှင်ချမ်းမြေ့ဆဲပါ ဖေဖေ'

ဦးဟန်လင်း ခေါင်းခါရင်းက

'သတိရလွမ်းဆွတ်တယ်ဆိုတာ အချိန်ကာလတစ်ခုထိ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကောင်းတယ် သား'

'× × × × ×'

'ခုဆိုရင် သားကို ဖေဖေ တာဝန်တွေလွှဲဘို့ ပြင်ဆင်ရတော့မယ် ဒါပေမဲ့ လုပ်သားအင်အား ထောင်ပေါင်းများစွာနဲ့ လည်ပတ်နေတဲ့ကုမ္ပဏီကြီးကို အုပ်ချုပ်ဘို့လွယ်တာ...'

ဖေဖေ့အသံ ရပ်သွားသည်။ သူ့ကို အသိဉာဏ်ထိုင်းမှိုင်းနေသူ အတိတ်ဟောင်းရိပ်အောက်ကလူဟု မစွပ်စွဲရက်မှန်း သူ သိလိုက်သည်။

'သားရဲ့နှလုံးသား မကောင်းမဲ့သေးပါဘူး လက်ရှိ ဖေဖေ တာဝန်ပေးထားတဲ့ ဂျီအမ်ရာထူးကို သား နိုင်နိုင်နင်းနင်းလုပ်နိုင်ပါတယ် ဖေဖေ'

'ဒါပေမဲ့ သားရယ် အသက်၆၀ကျော်လာတဲ့ မင်းအဖေကို သေခြင်းတရားအတွက် ပြင်ဆင်ချိန်တော့ ပေးရမယ်လေ'

တရားသမား ဖခင်ကြီး ဘာကို ဆိုလိုသည်ကို သူ သိသည်။ နေ့စဉ်လုပ်ငန်းခွင်မှလွဲလျှင် တရားကိုသာ အာရုံပြုနေသည့် သူ့ဖခင်ကြီးအတွက် သူ ပါရမီဖြည့်ပေးသင့်သည်။





'စိတ်ချပါ ဖေဖေ သား သူ့ကို မမေ့နိုင်တာက လွဲလျှင် ကျန်တဲ့ကိစ္စအားလုံးကို တာဝန်ကျေအောင် ဆောင်ရွက်ပါမယ်'

'ဒါတင်ပဲလား'

'ဘာကျန်သေးလို့လဲ ဖေဖေ'

'အရေးကြီးဆုံးတစ်ချက် ကျန်သေးတယ်'

ဦးဟန်လင်းက သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

'အဲဒါ ဘာလဲဆိုတော့ မျိုးရိုးစဉ်ဆက်ကို ထိန်းသိမ်းဘို့ပဲ။ ဦးဟန်လင်းထူထောင်ခဲ့တဲ့ ဟန်လင်းကုမ္ပဏီကြီးဟာ သူ့ရဲ့ တစ်ဦးတည်းသောသား မုဆိုးဖို လူလွတ် လင်းရဲဝင်းက နောက်ဆုံးဆက်ခံပြီး မျိုးဆက်ပြတ်သွားမှာကို ဖေဖေအပူဆုံးပါပဲ'

'ဒါကတော့'

'ဒါတော့ မလုပ်နဲ့သား ဒါဟာ မျိုးရိုးတာဝန်ပဲ မင်းရဲ့ ကွယ်လွန်သွားတဲ့ဇနီးကို ကြည့်။ မင်းထက်တော်တယ်။ အသက်ရှင်ပြီး ဖေဖေတို့မျိုးဆက်ရဘို့ သူကြိုးစားရင်းရေတိမ်နစ်ခဲ့ရတယ်'

'တော်ပါတော့ ဖေဖေရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ ငါ့သား နားလည်ရင်ပြီးရော.မင်းအသက် ငေါ် ပါသေးတယ် ၃၃နှစ် ဆိုတဲ့အရွယ်ဟာ ယောက်ျားတစ်ယောက် ရဲ့ ခွန်အားအရှိဆုံးအချိန်ဆိုတာ မင်းသိထားဘို့လိုတယ်'

'သား ကြိုးစားပါ့မယ်'

'သားရဲ့ ဒီတစ်ခေါက် ရွေးချယ်တဲ့ ဖူးစာဖက်ကို မင်းရဲ့ နှလုံးသားတစ်ခုတည်း မစဉ်းစားပါနဲ့ ချုပ်မလှရင်နေပစေ အရပ် သမီးကလေးလို့ပဲ ဆင်းရဲချင် ဆင်းရဲပါစေ။ ကျွန်းမှာသန့်စွမ်းပြီ အကျင့်စာရိတ္တကောင်းတဲ့ မိန်းကလေးမျိုးကို ရွေးပါ အေး မင်း မရွေးနိုင်ရင်တော့ ဖေဖေ ရွေးပေးရလိမ့်မယ် ငါ့သား နားသည် မှာပါ'

ပြောစရာရှိတာပြောပြီး လှည့်ထွက်သွားသောဖခင်ကြီး ကို ကြည့်ပြီး လင်းရဲဝင်း သက်မောရှည်ကြီး မှုတ်ထုတ်ပစ်လိုက် သည်။

'ဖူး'

※





## အခန်း (၇)

နံနက်စောစောလမ်းလျှောက်သည့်နေရာကို လင်းရဲဝင်း ပနေတာ မနက်တာ ဘိုးတော်ဘွဲ့အပေးခံရသည့် ဦးဝိစာရလမ်းမှ ကန်တော်ကြီးတံတားပေါ် သို့ရွှေ့ပြောင်းလိုက်သည်။ကန်ရေပြင် တွင် ဝေ့နေသည့် ရေခိုးရေငွေ့နှင့် အပြန်တွင် ရွှေတိဂုံဘုရားကို ဦးခိုက်ကြည်ညိုရင်း လျှောက်ရသည့် အရသာသည် ဦးဝိစာရ လမ်းတွင် ကားမီးခိုးငွေ့ကြားလျှောက်ရသည်ထက် ပိုမိုကောင်း ပြန်သည်။ မျက်နှာချင်းဆိုင် ရွှေတိဂုံစေတီတော်ကိုဖူးမျှော်ကြည် ညိုရင်း ခေါင်းကိုမော့လျက် လျှောက်လာသည့်သူ့ကို မထိတထိ ကလိလိုက်သံကြောင့် လင်းရဲဝင်း အံ့အားသင့်သွားသည်။

မာန်နုတ်မင်း၏ သမီးတော် (၂)ပါး။



www.burmeseclassic.com

www.burmeseclassic.com



'ဒီတစ်ခါတော့ ဘိုးတော်က မာနကြီးသွားပြီ'

'အေးလေ ခေါင်းတို မော့နေတာပဲ'

'ဟော့ မင်းတို့ ဘယ်သူ့ကိုပြောတာလဲ'

'ရှင်'

မိန်းကလေး(၂)ဦးက မသိသလို အူတူတူလုပ်နေလိုက်သည်။

'ဩော် ကလေးမလေးတွေ နားမကြားဘူးနော် ဆောရီး ဆောရီး'

'ဘာရှင့် ကျွန်မတို့က အကန်းမဟုတ်ဘူး'

'ဟုတ်လား ကောင်းတာပေါ့'

'ဟုတ်ပါတယ် ရှင့်ကို တေမိထင်နေတာ ရုတ်တရက်ပြန်ပြောလိုက်တော့ အံ့အားသင့်သွားတာပါ'

'ဒါဆို ကြေပြီပေါ့ ကိုယ်လည်း မအဘူး မင်းတို့လည်း မကန်းဘူး ဒါပေမဲ့ နောက်ကို လူကြီးသူမကိုမနောက်နဲ့လို့ ဆုံးမပါရစေ'

'အလို ဘယ်တုန်းက ကျွန်မတို့က နောက်ဖူးလို့လဲ'





'မေ့တတ်တယ်ပေါ့'

'ရှင်းရှင်းပြောလေ'

'မနေ့ကမနက်က ကိုယ်လမ်းလျှောက်နေတုန်းက တစ်

နောက်ဖူးတယ် မင်းတို့အသံကို ကိုယ်မှတ်မိတယ်'

'ကြုံကြိုးစီရာ မနက်က ဒီမှာ ကျွန်မတို့ မလျှောက်ပါဘူး'

'ဒီမှာ မဟုတ်ဘူး ဦးဝိစာရလမ်းမှာ'

'အဟဲ အဲဒါဆို ဟုတ်တယ်'

ခပ်ငယ်ငယ်တောင်မလေးက ဝန်ခံလိုက်သည်။

အကြီးမလေးက

'မိခိုင်နော် နင် ရိုက်မစစ်ရဘဲနဲ့'

'ရိုးရိုးသားသားဝန်ခံတဲ့လူကို အပြစ်မတင်ပါနဲ့'

'ဟုတ်သားဘဲ မမကလဲ'

'ဟင်းဟင်း ကျွန်မတို့က တစ်ယောက်ထဲ အမြဲလျှောက်

တဲ့ အဲဒီက လူကြီးကို စချင်လို့ပါ ခွင့်လွှတ်တယ်မဟုတ်လား'

'အင်းပေါ့ ခွင့်လွှတ်ရမှာပေါ့ ဒါပေမဲ့ မင်းတို့ကို ကိုယ်

ချင်တာ တစ်ခုမေးမယ် အဲဒါဖြေရင်တော့ ခွင့်လွှတ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မေးလေ ဖြေနိုင်ရင် ဖြေမှာပေါ့'

'မင်းတို့ မနက်တိုင်း ဘယ်အချိန်ဘယ်နေရာတွေ လ... လျှောက်ထက် ပြေးတာတ်သလဲ'

'ဘာလုပ်မလို့လဲ'

'ဖြေလေ'

'ဒီနေရာရယ် ဦးဝိစာရလမ်းရယ် ရှင်ဥပဂုတ္တဝန်းခြံရ...'

'ဒါပဲလား'

'ဒါပဲ ဘာလုပ်မလို့လဲ'

'ရှောင်မလို့'

'တယ်တော့ လူ့ကိုများ လူဆိုးမတွေ့ကျနေတာပဲ သူ... တစ်ပြန်ကြီး'

အရွယ်မငယ်ပေမဲ့ မိန်းခလေးကလေးလို နုငယ်သ... အကြီးမတာ နှုတ်ခမ်းစူလျှက် ရန်တွေ့နေပုံကို ကြည့်ပြီး လင်း... ဝင်း မျက်စေ့ပြာသွားသည်။

*





'ရှင်အဲ့ကြောင်ကြောင် မလုပ်နဲ့ ချောင်းဘေးမှာ မိန်းမပျို... ...ပ်ယောက် ရေချိုးတာကို ရှင်ဘာဖြစ်လို့ ဒီလောက်ရှိုင်းတဲ့မျက်... ...ုးကြီးနဲ့ ကြည့်ရတာလဲ'

မြူ သူ့ကိုစတွေ့တွေ့ချင်း ရန်တွေ့သည့်အိုက်တင်၊ မျက်... ...ုး၊ အသံနေအသံထား၊ ခြေဆောင့်ပုံ အကုန်တူတယ်။

'မြူရယ်'

*

'ဟယ်တော့ သူ့ကိုအော်လိုက်တာနဲ့ တေမိပြန်ဖြစ်သွား... ...ပြီငယ် နှင်ရော နားကြားသေးလား'

'ဘာဆိုင်လို့လဲ'

'ဩော် မသိဘူးလေ သူက တေမိ ပြန်ဖြစ်သွားရင် တို့... ...းများ ကန်းသွားမလားလို့'

'ဟင်း'

လင်းရဲဝင်းသက်ပြင်းချလိုက်ပြီး ဖြူနွင့်တူသူ မိန်းကလေး... ...တ် လှည့်လိုက်တာ

'ကိုယ့်စကားက မိန်းကလေးကို စော်ကားသလိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရင် တောင်းပန်ပါတယ်၊ မင်းတို့လည်း လုပ်နေကျလေ့ကျင့်ခန်
တို ကြိုက်တဲ့နေရာမှာလုပ်ပါ ကိုယ်လည်း မင်းတို့ကို မရှောင်ပါ
ဘူး ဒါဆို တျေနပ်တယ်နော်'

'ကျေနပ်တယ်'

မိန်းကလေးနှစ်ယောက်က သံပြိုင်အော်ရင်း တုန့်ပြ
လိုက်သည်။

'ဒါဆို ကိုယ့်ကို ပြန်ခွင့်ပြုပါဦး'

လင်းရဲဝင်း လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

'နေဦးလေ လူကြီး

'ဘာလဲ ကလေးမ'

ဖြူနှင့်တူသူ မိန်းကလေးက သူ့ကို လူကြီးဟု ဆိုသဖြ
လင်းရဲဝင်း ကလေးမဟုခေါ်ပြီး ပြန်တုန့်ပြန်လိုက်သည်။

ခုတော့ ပေါ်လာသည့် ဆွေးရိပ်ကလေးသည် ရွှင်ပြ
စိတ်နှင့်အတူ ပျောက်တွယ်သွားသည်။

'တိုလေ တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ကြမယ်
တော့ နာမည်လေး ဘာလေးတော့ ပြောပြထားမှပေါ့'





'ဪ ဒါလား'

'ဟုတ်တယ်လေ ကျွန်မက သိမ့်သူသူဇော် သူက နိုင်ဇင်
..တ်'

'နာမည်လည်း မတူပါလား'

'ဟင်း ဘာဆိုင်လို့လဲ'

'ညီအစ်မ မဟုတ်ဘူးလား'

'တင်း ဟင်း မဟုတ်ဘူး ကျွန်မတို့နှစ်ယောက်က လုပ်
..ဖော်တိုင်ဘက်'

'ဪ အလုပ်လုပ်တာပေါ့'

'အလုပ်မလုပ်ဘဲ ဘယ်သူက ကျွေးမှာလဲ'

'မိဘတွေပေါ့'

'လူကြီးရော မိဘလုပ်စာ ထိုင်စားနေတာပဲလား'

'ဟုတ်တယ်'

'အံ့ဩစရာပဲ ဒီအသက်အရွယ်ကြီးနဲ့'

ဖြူနှင့်တူသည့်သိမ့်သူသူဇော်က အထင်သေးသည့်လေ
..နှင့်ပြောသည့်အတွက် သူကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း. . . အလုပ်လတ်မဲ့မှီ မီတ်ဆွေမဖွဲ့ချင်တော့ဖူး မဟုတ်လား သွားမယ်နော် '

'လူကြီးနော် စကားရောဖောရောမလုပ်နဲ့ သူများ နာမည်တွေ သိပြီးတော့ သူ့နာမည်လည်း ပြောသွားဦး'

လင်းရဲဝင်း နောက်ချင်လာသဖြင့်

'စိုးကျော်ရာဇာလွင်ဒွေး'

'အို ရှည်လျားတော်မူလိုက်တဲ့ နာမည် ဘာတဲ့ စိုးကျော်ရာဇာလွင်ဒွေး'

လက်ချိုးပြီး နာမည်ရွတ်နေခိုက် လင်းရဲဝင်း လစ်ထွက်လာခဲ့သည်။ ဖြူဆုံးပြီးနောက်ပိုင်းတွင် သူ့စိတ်တို့ ပထမဆုံး ရွှင်မြူးလာခြင်းပင်။

'ဦးစိုးကျော်ရာဇာလွင်ဒွေး'

အနီးကပ်ခေါ် လိုက်သည်အသံကြောင့် လင်းရဲဝင်းလန့်သွားသည်။ထိုးရန်ချိန်ထားသည့်ဘီလီယက်တုတ်တန်သည် ဘောလုံးကို ချော်ထိသွားသဖြင့် ပစ်မှတ်ဘောလုံးကို မထိဘဲ လွဲသွားသည်။





'တောက်'

'အိုး ဆောရီး စိတ်မဆိုးနဲ့နော်'

ဒေါသတကြီးတက်ခေါက်ပြီး လှည့်ကြည့်လိုက်စဉ် ဖြူနှင့်

ပုံးသောမိန်းကလေး သိမ့်သူသူဇော်။

'ဪ မင်းကိုး မနက်ပိုင်းတွေ နှောက်ယှက်ရတာ အားနာလို့ ကိုယ့်အားလပ်ချိန်လေးတွေကို လိုက်ဒုက္ခပေးတယ်ပေါ့'

မိန်းကလေး မျက်နှာအိုသွားသည်။ ပြီးမှ

'မဟုတ်ပါဘူးရှင် လူကြီးကို တွေ့လို့ ဝမ်းသာအားရနဲ့ ပြုံး‌ခေါ် တာပါ နောက်ပြီး'

သိမ့်က ပထမ ရှက်ရွံ့ဟန်နှင့်ပြောရာမှ နောက်ပြီး ဟု ဆိုကာ မျက်နှာမဲ့သွားပြီး

'ရှင်က မိန်းကလေးတွေကို အနိုင်ကျင့်တယ်'

'ဗျာ'

ကြီးမားလေးလံသောစွဲချက်တစ်ခုကို ပြင်းပြင်းထန်ထန် ပုံ၍စွဲလိုက်ရသဖြင့် လင်းရဲဝင်း တုန်လှုပ်သွားသည်။

'ဘယ်လို ခင်ဗျားလေးတို့ကို ကျုပ်က အနိုင်ကျင့်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ ပေါက်တာရုနှာမည်တွေပြောပြီးတော့

'အားပါးပါး အကြီးမားဆုံး မုသာဝါဒပဲ အို. . လော
ပါလနတ်အပေါင်းတို့ ဒီသူငယ်မ၏စကား မှန်ကန်ပါက ကျွန်ုပ်
အပေါ်သို့ ခုချက်ချင်း တောင်ကြီးတစ်လုံးပိပါစေ'

'လူကြီးနော် မဟုတ်တာ မကျိန်နဲ့'

လင်းရဲဝင်း ရယ်ချင်စိတ်ကို ပါးစပ်ပိတ်ကာ ဘေးဘယ်
ညာကြည့်လိုက်သည်။ ဘယ်သူမှမရှိ။ ဘီလီယက်ကလပ်က ချ
တိတ်တ တောင်မလေးဝင်လာတာတည်းက ထွက်သွားဟန်ရှိ၏။

'ဟား ဟား ဟား ဟား'

'ဘာရယ်တာလဲ'

'ကြော် ကိုယ်နဲ့ရောပြီး တောင်ပိသေမှာစိုးလို့ လန့်သွား
တယ်မှတ်လား'

'ဝေးသေး'

နှုတ်ခမ်းစူချွန်မှုနဲ့ ပုံက ဖြူနှင့်ပိုတူသည်။ သို့သော် ဒီမိန်း
ကလေးက ပိုမိုပွင့်လင်း၍ တလေးဆန်သည်။

'နေပါဦး ဒီလို ဘီလီယက်ဘားခန်းတွေလည်း မင်းတို့





ိန်းကလေးတွေ လာထိုးတာပဲလား'

'အို ဒါ ကျွန်မတို့အလုပ်ရှိတဲ့နေရာပဲ'

'အလုပ်'

လင်းရဲဝင်း ဘေးဘယ်ညာကြည့်လိုက်သည်။

အပြင်ဘီလီယက်ခန်း တစ်ခု နှစ်ခုတွင် ဝတ်စုံနှင့်မိန်းက
လေးများ ၂ ယောက် ၃ ယောက်ခန့် တွေ့လိုက်သည်။

'တခြားမိန်းကလေးတွေက ဝတ်စုံနဲ့ပါ'

'ကျွန်မအလုပ်က သူတို့နဲ့မတူဘူး အပေါ်ထပ်မှာ'

သိမ့်သူသူဇော်က အပေါ်ထပ်လက်ညှိုးကလေးထိုးပြပြီး
ပြောလိုက်သည်။

'ဒါဆို ကိုယ်တို့မြင်လို့ဆင်းလာတာတော့မဟုတ်ဘူးပေါ့'

'ဘာဆိုင်လဲ အပေါ်မှာ ညောင်းတာနဲ့ ဘီလီယက် လာ
ထိုးတာ ဒီခုံက ကျွန်မထိုးနေကျခုံနဲ့အခန်း သီးသန့်ခန်းလေ'

'ဒါဆို ကိုယ်ဖယ်ပေးရမှာပေါ့'

'ရှင်နော် စကားကို တပ်မပြောနဲ့ ရှင်နဲ့မထိုးရင် ကျွန်မ
တစ်ယောက်တည်း ထိုးရမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ခင်းဆင်းလာတာ တစ်ယောက်တည်းလေ'

'ဟုတ်တော့ ဟုတ်ပါတယ် ရှင်နဲ့မတွေ့ရင် ခုနကောင်လေးနဲ့ ထိုးမလို့ ရှင့်ကိုတွေ့တာနဲ့ သူ့ကို ပြန်ခိုင်းလိုက်တာ '

'တယ်ပိုင်ပါလား'

အခန်းသည် သီးသန့်ခန်းလေးဖြစ်သည်။အခြားခုံများထက် ဆက်ရှင်ကြေး ၃ ဆ ယူးယားသည်။ ဤခုံနှင့် အခန်းတွင် ထိုးနေကျဟုပြောသောမိန်းကလေး၏အဆင့်အတန်းသည် သာမန်ဝန်ထမ်းမဟုတ်မှန်း လင်းရဲဝင်း တွက်ဆကြည့်လိုက်သည်။

'တိုင်း ဘာထိုးမလဲ ဘီလီယက်လား စနူကာလား'

'ဟင်အင်း အဲဒါတွေ ဖျင်းတယ် ရာရှင်ပူးထိုးမယ် ရှုံးတဲ့သူ ညစာကျွေးကြေး'

မိန်းကလေးက သွေးမနည်းပါ။ တွေ့တွေ့ချင်း လောင်းကြေးထပ်နေသည်။

'ကြိုက်ပြီ ဒါပေမဲ့ လက်ရည်အခြေအနေ မသိရတော့ မင်းကို တိုယ်အကြောပေးရမလား'

'မလိုပါဘူး ရှင့်လက်အခြေအနေ မှုနက ကျွန်မ တွေ့





လိုက်ပြီပဲ'

ချော်ထိုးလိုက်သည့် ဘောလုံးတစ်လုံးကြောင့် ဖြစ်မည်င်သည်။အမှတ် ၂၀၀( ၃ )ပွဲကစားကြရန် သဘောတူကြသည်။ထမပွဲတွင် လင်းရဲဝင်းရှုံးသွားသည်။ အမှတ်၁၀၀ပင် မရလိုက်။

'ဟော့ ဘယ်လိုလဲ မင်းက ခုပိုင်ဆိုတော့ အပြတ်အသတ်လက်စွမ်းပြလိုက်တာပဲ'

'ရှင်က အချက်ကြောတောင်းချင်တဲ့သဘောလား'

'ကိုယ့်သိက္ခာကို ထမင်းတစ်ပွဲနဲ့တော့ရောင်းမစားပါဘူး'

'ဒါဆိုရင်လဲ ပြီးတာပဲ တစ်ခုတော့ရှိတယ်နော် ကျွန်မကပွဲလောက်ကစားချင်တာ ပွဲပြတ်ဖြစ်နေရင် ၂ပွဲပဲ ကစားနေရမယ် ၅ ပွဲ ကစားမလား'

ပွဲဦးထွက်တွင်အနိုင်ရလိုက်သဖြင့် တက်ကြွနေသောမိန့်သူသူဇော်က ပွဲထပ်တိုးရန် စိမ်ခေါ်လိုက်သည်။

'စိန်လိုက်လေ'

ဒုတိယပွဲကို လင်းရဲဝင်းက ပွတ်ခါသီခါ အနိုင်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကော်ဖီသောက်ရအောင်လေ'

အရှုံးကို မခူသည့်လေသံဖြင့် သိမ့်သူသူဇော်က လင်းရဲ

ဝင်းကို ဖိတ်ခေါ်လိုက်သည်။

'ကောင်းသားပဲ'

ဆက်တီတွင်ထိုင်ရင်း အနားသူ ကော်ဖီထိုင်သောက်

ရင်း သူတို့နှစ်ဦး ငြိမ်းချမ်းနွေးနွေးလိုက်ကြသည်။

'ရှင့်ကို ကျွန်မ ဒီလောက်ထိ ထိုးနိုင်လိမ့်မယ်မထင်ဘူး'

'ကိုယ့်အတွေးလည်း ဒီလိုပါပဲ မိန်းကလေးတစ်ယောက်

ကစားနိုင်တာထက် မင်းက ပိုတယ်'

'ဒါနဲ့ ရှင်ကြီး ကြည့်ရတာ ကျွန်မထက် ၅နှစ်လောက်

တော့ ကြီးမယ်ထင်တယ် '

'ကိုယ့်အသက် ၃၄ နှစ်ရှိပြီ '

'အို ဒါဆို မှန်းတာလွဲသွားတာပေါ့'

'ငယ်သွားလို့လား'

'ထင်တာထက် ပိုကြီးလို့ နောက်ဆိုရင် ဦးကလိမ်လို့ပဲ

ခေါ်တော့မယ်'





'နာမည်လွှဲပေးထားလို့လား'

'နာမည်အမှန်မှမပြောတာ ဒီလိုပဲ ခေါ်မှာပေါ့'

'ဟုတ်သားပဲ ကိုယ့်မိတ်ဆွေအချို့ကတော့ ဖိုးရဲလို့ခေါ်

ကြတယ် နာမယ်အရင်းက လင်းရဲဝင်းပါ'

'ဒါဆို ကျွန်မ ကိုရဲလို့ခေါ်မယ်'

'ဟင် ကိုရဲ'

※

ဆေးရုံတက်နေသော ဖြူပြာမိုး ၃ ရက်မြောက်နေ့တွင်

ဆေးရုံရှေ့ ဓယောင်မလည်နှင့် နေ့စဉ်အစားရောက်နေသော

လင်းရဲဝင်းကို ဒေါ်မိုးမြင့်က တွေ့သည်။

'မောင်လင်း မင်းကို သမီးက တွေ့ချင်လို့တဲ့'

'ဟာ တကယ်ပြောတာလား ဒေါ်ဒေါ် သူနေကောင်း

သွားပြီပေါ့'

'ဖြည်းဖြည်း ပြောပါ ဖိုးရဲရယ် ဒေါ်မိုးမြင့် လန့်သွားပြီး

သူ့သမီးဆီက နှလုံးရောဂါကူးသွားပါဦးမယ် '

'ဦးစော အသာနေပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပေါ့ ခေါင်လင်းရယ် သမီးကို မင်းစေတနာကို သဘောပေါက်အောင် အနတ်ီနားချလိုက်ပါတယ်'

ဆေးရုံရှိ သီးသန့်ခန်းထဲရှိ ကုတင်ပေါ်တွင် လှဲလျောင်းနေသောဖြူပြာမိုးသည် လင်းရဲဝင်းကိုမြင်သည့်အခါ ထရန် အားယူလိုက်သည်။

'မထနဲ့ ဖြူ ကိုယ် အနားလာခဲ့ပါမယ်'

မျက်လုံးရွဲကြီးဖြင့် လင်းရဲဝင်းတို့ငူးစိုက်ကြည့်ပြီးနောက်

'ကိုရဲ'

ဖြူ့နှုတ်မှ တိုးတိုးညင်သာခေါ်လိုက်သံသည် လင်းရဲဝင်း၏အာရုံမှတစ်ဆင့် နှလုံးသားအတွင်းသို့ စီးဝင်သွားခဲ့သည်။

*

'ရှင် ဘာငိုင်သွားတာလဲ မကြိုက်လို့လား'

သိမ့်သူသူဇော်၏အသံကြောင့် လင်းရဲဝင်းလှည့်ကြည့်ရင်း -

'ဘာရယ်မဟုတ်ပါဘူး အခေါ် အဝေါ် စိမ်းသွားလို့ပါ'

'ကိုရဲလို့ တစ်ယောက်မှ မခေါ် ဖူးဘူးပေါ့'





'တစ်ယောက်တော့ ရှိပါတယ် ဒါပေမဲ့ မရှိတော့ဘူး'

'အို ကိုရဲရဲစတားက တစ်မျိုးပါလား'

'တိုင်း အခေါ် အဝေါ် ကိစ္စ ခဏထားလိုက်ပါ။ တတိယပွဲဆက်ရအောင်'

'ဆက်ကြတာပေါ့ ရှင်ကရော ကျွန်မကို ဘယ်လိုခေါ်မှာလဲ'

လင်းရဲဝင်း ဘူးတနိထိပ်ကို ချေးဖြင့်ပွတ်တိုက်ရင်း စဉ်းစားလိုက်သည်။ ပြီးမှ ဘိလိယက်ခုံနား ထသွားပြီး

'မင်းက ငါ့ရဲ့ ငြိမ်နေတဲ့နှလုံးသားကို တသိမ့်သိမ့်လှုပ်ခတ်အောင်လုပ်နိုင်တဲ့အတွက် သိမ့်လို့ခေါ်မယ်'

ဟု ရင်ထဲကပြောလိုက်ပြီးမှ

'သိမ့်'

'သိမ့် ကောင်းတယ် ကောင်းတယ် သူများတွေက ကျွန်မကို သူသူလို့ပဲ ခေါ်တာ ရှင့်အခေါ်က ရှင်ပြောသလို စိမ်းတယ် ဒီလိုမျိုး တစ်ယောက်မှမခေါ် ဖူးဘူး'

'မင်းကျေနပ်ရင် ပြီးတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



လင်းရဲဝင်း အနက်ရောင်ဘောလုံးကို ထိအောင် ထိုးချလိုက်ပြီး ကင်းနယ်ယှဉ်၍ ဆက်တိုက် အမှတ် ၅၀ခန့် ဘူးယူလိုက်သည်။

'ကိုရဲ လက်ပိုမြူးလာသလိုပဲ'

'သိမ့်ရဲ့ အခေါ် အဝေါ် ကြောင့်ဖြစ်မယ်ထင်တယ်'

သိမ့်က မျက်စောင်းထိုးကြည့်ပြီး သူ့ကျူဘာန်ကို ယူကာ ခုံပေါ်ရှိ ဘိလိယက်ဘောလုံးလေးများကို လှုလှုပပ ပလေစင်ချ ထိုးကာ ကစားပြလိုက်သည်။

'မင်းက ပိုကောင်းတယ်'

'ကိုရဲရဲ့ အခေါ် အဝေါ် ကြောင့်တော့ မဟုတ်ပါဘူး'

ထိုပွဲတွင် သိမ့်နိုင်သည်။

စတုတ္ထပွဲတွင် ဖိုးရဲ နိုင်သဖြင့် ပဥ္စမမြောက် ဖိုင်နယ်ပွဲ အတွက် နှစ်ယောက်သား အနားယူကြသည်။

'ကိုရဲ ကျွန်မကို ဒီတစ်ပွဲမှာ နိုင်အောင်ကစားပေါ့'

'ဖြစ်ပါတယ် ကိုယ် မိန်းကလေးတစ်ယောက်က ကျွေးတဲ့ ညစာကို စားဖူးတယ်ရှိအောင် ကြိုးစားရမှာပေါ့'





'ကိုရဲ တစ်ခါမှ မစားဖူးဘူးလား'

'ဟင့်အင်း'

'ဒါဆိုရင် အိမ်မှာ ဘယ်သူချက်ကျွေးလဲ'

'အိုစမာ'

'ဘာရှင့်'

သိမ့် မျက်စေ့လည်သွားသည်။

'ကိုယ့်အိမ်က ဟိန္ဒူဂေါ် ရခါးလူမျိုး တပည့်လေးပါ နာမည်အရင်းကတော့ ရဲသူရ။ ရုပ်က အိုစမာဘင်လာဒင်နဲ့တူလို့ အိုစမာလို့ ကိုယ်က နာမည်ပေးထားတာ'

'တင်း တင်း ကြဲကြဲဖန်ဖန်ရှင်'

ပွင့်ပွင့်လင်းလင်းရယ်နေသောသိမ့်ကိုကြည့်ပြီး လင်းရဲ ဘျေနုပ်သွားသည်။မြူကိုပင် သတိမရတော့သလိုဖြစ်သွားသည်။ ဘိုသော် -

'ကိုရဲက လူပျိုကြီးပေါ့'

လင်းရဲဝင်း ပြန်ငိုင်သွားသည်။ သူ့ဘဝမှာ မြူရှိခဲ့တာကို ပြန်သတိရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး'

'ဟင်း ဒါဆို မိန်းမရှိတယ်ပေါ့'

'မရှိပါဘူး'

'တော်ပြီကွာ ကိုရဲစကားတွေကို သိမ့် နားမလည်တော့ဘူး ဖိုင်နယ်ပွဲစမယ်'

နောက်ဆုံးပွဲတွင် သိမ့် အမှတ် ၂၀ပင် မရလိုက်။ ပွဲ သွားပြီ။

'ဦးကလိမ် မတရားဘူး အနိုင်နဲ့ပိုင်းတယ်'

'ဘယ်နှယ့်-ဘယ်လို နာမည်အရင်းကိုပြန်ခေါ် ရပြန်တ တုန်း'

'ဟုတ်တယ်လေ လက်ရေချင်း ဒီလောက်ကွာတာ တ ချက်အကြောမပေးဘဲ အနိုင်ယူသွားတယ်'

'သိမ့်ပဲ ပွဲစတုံးကာထဲက မယူဘူးဆို'

'ကိုင်း ထားပါလေ ည(၇)နာရီ ရွှေလင်းယုန်မှာဆုံ ကိုရဲ ကြိုရောက်အောင် လာနော် မိန်းကလေးတစ်ယောက် ထိုင်စောင့်ရတာ ကြောင်တယ်'





'မင်းအိမ်ကို လာကြိုမယ်လေ'

'ရပါတယ် ကိုယ့်ဘာသာကိုယ် လာခဲ့မယ်'

'အိုကေ'

သူမှာထားသည့်အတိုင်း လင်းရဲဝင်း ခုနစ်နာရီ မထိုးမီ ရောက်သွားသည်။

စားသောက်ဆိုင်က လူစည်ကားချိန်ဖြစ်၍ သူ့ကို မည်သူမျှ သတိထားမိဟန်မတူ။

စားပွဲထိုးကလေးတစ်ယောက်က ခရီးဦးကြိုပြုသည်။

'ဦးလင်းရဲဝင်းလားခင်ဗျာ'

ဖိုးရဲ အံ့အားသင့်သွားသည်။

ဒီဆိုင်ကို လွန်ခဲ့သည့်ရက်များက တစ်ကြိမ်မှ မလာဖူး သည်မှာ သေချာသည်။

'မင်း ကိုယ့်နာမည်သိလား'

စားပွဲထိုးက ဘာမှမပြော။

'နံပါတ်တစ်အခန်းထဲမှာပြင်ထားပါတယ်ခင်ဗျာ ကြွပါ'

'ဩော် ကြိုတင် ဘွတ်တင်လုပ်ထားလား'



www.burmeseclassic.com

www.burmeseclassic.com



'ဂုတ်ကဲ့ခင်ဗျား'

စားပွဲထိုးခေါ် ဆောင်ရာ နောက်သို့ လင်းရဲဝင်း လိုက်သွားသည်။

ခန့်ညားသောစားသောက်ဆိုင်ကြီး၏သီးသန့်အခ တစ်ခုသည် ခန့်ညားထယ်ဝါလှသည်။

ထိုထက် ပို၍လှပနေသောအရာမှ သိမ့်သူသူစော ဖြစ်သည်။

'သိမ့်က ကြိုရောက်နေတာတိုး သိပ်ကြာသွားလား'

'ကိုရဲထက်တော့ ၂ဌ့နဲ့ ၃၀၀ လောက်စောပါတ'

'အို သိပ်မကြာသေးဘူးပေါ့'

'ဒီလိုလဲ ပြောလို့ရတယ်လေ မိန်းကလေးတစ်ယေ အပေါ် စာနာစိတ်နဲ့ ၁၅ မိနစ်လောက် စောလာပေးတဲ့ ကို ကျေးဇူးတင်ပါတယ်'

သိမ့်သည် တကယ်မလွယ်သော မိန်းကလေး ဖြစ် သည်။ စောစောလာဘို့မှာပြီး ဘယ်လောက်စောစောလာ လည်း သိချင်၍ ကြိုရောက်အောင်. . . သည်။





'စားပွဲထိုးကို ကိုယ်မှန်း သိအောင် သိမ့် ဘယ်လို ညွှန် ပြားလိုက်လဲ'

'ဘာဖြစ်လို့လဲ'

'ဒီလောက် လူဝင်လူထွက်များတဲ့ဆိုင်မှာ ကားတွေက များကြီး ကိုယ့်ကားအမျိုးအစားနဲ့နံပါတ်ကို သိမ့် မသိဘူးလို့ ယ်ထင်တယ်'

'ဟင်း ဟင်း ကိုရဲက သိမ့် မသိဘူးလို့ ထင်တယ်'

'အင်းပေါ့'

'သိမ့်က ဘယ်တော့မှ အမှတ်တမဲ့မနေဘူး ဘီလီယက် လစ်က ထွက်တော့ သိမ့်နောက်မှ ထွက်တာလေ ကလပ်ထဲ နေ့ မောင်းထွက်သွားတဲ့ ကိုရဲရဲ့ ကားအမျိုးအစားနဲ့ ကားနံ က် အရောင်ကို တစ်ခါထဲ မှတ်ပြီးသားပဲ'

'သိမ့် ယာဉ်ထိန်းရဲ လုပ်ဘို့ကောင်းတယ်'

'စဉ်းစားဦးမယ် ဟင်း ဟင်း'

နှလုံးသားကို ပြတိုက်ပို့မည်ဟု ကြွေးကြော်ထားသည့် ၏နှလုံးသားကို အသစ်ပြုပြင်မည့် မက္ကင်းနစ်တစ်ယောက်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမလားဟု သူ မရဲတရဲ တွေးလိုက်မိသည်။

'ကိုရဲ့ကြိုက်ဟာမှာလေ ဒီပွဲမှာ အနိုင်ရသူရဲ့ သဘေ၊

ပါဲ'

'ကို မင်း ခွင့်ပြုရင် Black Label နှစ်ပက်လောက်

သောက်ချင်တယ်'

'Blue Label သောက်ပါလား'

'ဘီလီယက်လေး နိုင်ယုံနဲ့ သိမ့်အကုန်အကျ သိပ်မျ၊

သွားအောင် မနိုင်ဂကပ်ပါဘူး'

'ရဲပါဟယ်ရှင် ကိုရဲရဲ့ အောင်မြင်မှုအတွက်ပေါ့ ကျွန်၊

က ဂုဏ်ပြုတဲ့ သဘောပါ'

သိမ့်ကပင် ဦးဆောင်၍ စားသောက်ဖွယ်ရာနှင့်အဖေ၊

ယမကာများ မှာလိုက်သည်။

'သိမ့် အသီးအရွက်ကြိုက်တယ်ပေါ့'

'မိန်းကလေးဆိုတော့ အဆီပို မရှိအောင် ကြိုးစား စ၊

သောက်ရတာပေါ့ သိမ့်က လျှာကို အလိုမလိုက်ဘူး'

'ဘာကို အလိုလိုက်လဲ'





'နောက်တော့ပြောပြမယ် ခုတော့အချိန်မတန်သေးဘူး'

သိမ့်သည် လှို့ဝှက်တတ်သောမိန်းကလေးတစ်ဦးလား

ပုမဟုတ် လည်လွန်းသောမိန်းကလေးလား။

တစ်ခုရှိသည်ကတော့ သူ့ဝတ်ပုံစားပုံသည် တန်ဘိုးကြီး

အထက်တန်းဆန်သည်ကတော့ သေချာသည်။

'ကိုရဲ Winner ဘီလီယက်ကလပ်ကို အရင်က လာထိုး

ဖူးလား'

'လွန်ခဲ့တဲ့နှစ်က (၃) ခါ လာထိုးဖူးတယ် ခုအခါ ဒုတိယ

မြောက်အခေါက်ပဲ'

'ဩော် ဒါကြောင့်ကို'

သိမ့်က တွေးတွေးဆဆလေး ပြောလိုက်သည်။

'မနှစ်က ကျွန်မ ရန်ကုန်မှာမရှိဘူးလေ ဒါကြောင့် ကိုရဲ

နဲ့မဆုံဖြစ်တာ'

'သိမ့် ဘီလီယက်ကလပ်မှာ အမြဲရှိတယ်ပေါ့'

'နေ့တိုင်း ရှိတာပေါ့'

'ဩော်'



www.burmeseclassic.com

www.burmeseclassic.com



'နေ့တိုင်းဆိုတာ ရုံးပိတ်ရက်ပဲနေ ရုံးဖွင့်ရက်တွေတော့ အလုပ်ဆင်းရတယ် '

**Blue Label** ကို **Sode** ရေ မျှအောင် များများရောပြီး လင်းရဲ အရသာခံဖြည်းဖြည်းသောက်လိုက်သည်။

'သိမ့်အလုပ်က ဘယ်ရုံးမှာလဲ'

'အပြင်အလုပ်တွေပါပဲ အစုံပဲ ကိုရဲရော ဘယ်မှာလုပ်လဲ ဦးကလိမ်တော့ မလုပ်နဲ့ ဒါပဲ'

'မလိမ်ပါဘူးဗျာ အရင်ကပြောပြီးသားပဲ'

'မိဘလုပ်စာထိုင်စားတယ်ဆိုတာလား'

'သိမ့်က မှတ်မိသားပဲ ဒီသဘောပဲပေါ့ ကိုယ့်အစွမ်းအစနဲ့ မလုပ်နိုင်လို့ အဖေ့ကုမ္ပဏီမှာ အလုပ်လုပ်ရတော့ မိဘလုပ်စားပဲပေါ့'

'အိုကွယ် ကိုရဲအရည်အချင်းမရှိရင် ဘယ်လုပ်နိုင်မလဲ'

'ဒါတော့ ဒါပေါ့'

စားသောက်ဖွယ်ရာများ ရောက်လာချိန် နှစ်ယောက်သား စားကြသောက်ကြ စကားဖောင်ဖွဲ့ကြရင်းဖြင့် ရင်းနှီးမှု ပို





လာသည်။

'ကိုရဲက ထင်တာထက် ပိုခင်စရာကောင်းတယ်'

'သိမ့်ကတော့ ပိုပြီး နားလည်ရခက်လာတယ်'

ဟုကိုလဲ'

'သိမ့်ဘဝအကြောင်းပေါ့။ တယ်လီဖုန်းနံပါတ်လည်း မပေး အိမ်လိပ်စာလည်း မသိဘူး အခုရော ဘာကားနဲ့လာလဲ ကိုယ့်ကားနံပါတ်ကိုတော့ သိမ့် မှတ်ထားပြီးပြီ '

'နောက်တော့ သိရမှာပေါ့ သိမ့်ကိုပြန်ရင် လိုက်ပို့ပေါ့'

'အိမ်အထိလား'

'ဟင့်အင်း အလုပ်ရှိတဲ့နေရာ'

'ညဖက်အလုပ် လုပ်ရသေးလား'

'လုပ်ရတယ်လေ ဒါပေမဲ့. . . သိမ့်တစ်ယောက်တည်း မဟုတ်ပါဘူး ခိုင်ဇင်ပါလာလိမ့်မယ်'

'သူ့ကို ဘာလို့ခေါ်မလာတာလဲ'

'နေရာတကာ ခေါ်လို့ မကောင်းဘူးလေ သူက အေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ်'

ယိုဥ္ဇာက လင်းရဲဝင်းဖြင့် သိမ့်ကို သူ့အလုပ်ရှိသည့် ဘော့ဆိုင်ကြီးတစ်ခုရှေ့တွင် ပို့ပေးခဲ့သည်။

ထိုဆိုင်တွင် ခိုင်ဇင်သက်ရောက်နှင့်နေပြီး ည ၉ နာရီတွင် သူတို့လမ်းခွဲလိုက်ကြသည်။

*



BURMESE CLASSIC .com



အချစ်သမားက အမျှော်ကြီးတော့ စိတ်ကြီးတယ်လေ။ အဲ့ဒီစိတ်က အရာရာကို ကျော်ဖြတ်ချင်နေတာ။

လင်းရဲဝင်း

ရှုမငြီးသော ချစ်ဇနီး၏ အသက်စွန့်တိုက်ပွဲကို သူ မကြည့်လို။ ဖြစ်နိုင်ရင် ရေနဂါးအထီးလို သူကိုယ်တိုင် ကိုယ်ဝန်ဆောင်ပေးလိုသည်။ သို့သော်. . သူက 'လူယောကျ်ား'

လင်းရဲဝင်း



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၈)

ကုတင်ပေါ်တွင် ၃ ရက်ခန့် လဲလျောင်းနေရသည့် မြှု သည် လင်းရဲအပေါ် အားကိုးစိတ်ကြောင့် ထင်သည်။ ညနေ စောင်းတွင် အတော်လန်းဆန်းလာသည်ကို တွေ့ရသည်။

'ကိုရဲ'

'ပြောလေ မြှု'

'ရွှေတွင်းက မြှုတို့ ဘာလို့ ထွက်လာတာလဲ သိလား'

'ကိုယ် သိပြီးပါပြီ'

'ကိုရဲကို ကြောက်လို့'

'ခုရော ကြောက်သေးလား'

'ကြောက်တဲ့စိတ်ပျောက်သွားပြီ ဒါပေမဲ့ အဲဒီစိတ်ထက်





www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတဲ့စိတ်က ဖြူ့ကို အနိုင်ယူသွားပြီ'

'ဘာစိတ်လဲ'

'သံယောဇဉ်ပေါ့ ကိုရဲရယ်'

'ဖြူရယ် ဖြူ့ကို ကိုယ်အရမ်းချစ်တယ် ချစ်လွန်းလို့ အခု လို အချိန်တိုအတွင်းမှာ အသည်းအသန် ကြိုးစားခဲ့ရတာပါ'

'ဘယ်လိုမှမဖြစ်နိုင်ဘူးလို့တွေးပြီး ဖြူ အခုလိုထွက်လာ ခဲ့တာပါ ဒါပေမဲ့ ကိုရဲလက်က ဖြူမလွတ်တော့ဘူးနော်'

'အချစ်သမားတာ အချစ်ကြီးတော့ စိတ်ကြီးတယ်လေ၊ အဲဒီစိတ်က အရာရာကို ကျော်ဖြတ်ချင်နေတာ'

'ကိုရဲမိဘတွေ ကြည်ဖြူပါ့မလား'

'ကို့အဖေက တရားသမားပါ'

'အမေရော'

'အဖေ့သဘော ခုချိန်အထိ ကိုယ့်ကိစ္စကို တစ်ခွန်းမှဝင် စွက်ဖက်မှုမရှိဘူး'

သူတို့နှစ်ဦး၏ ဘဝရောင်နီသည် အနှောင့်အယှက်မရှိ ထွက်ပြူရန် တာစူနေပြီဖြစ်သည်။





'ဖြူ ကိုယ့်ကို တကယ်ချစ်လား'

'ချစ်တာပေါ့ ကိုရယ် ချောင်းဘေးမှာ ဖြူ့ကို စိုက်ကြည့် နေတဲ့မျက်လုံးကြီးတွေကို ကြောက်လိုက်တာ အသည်းကို အေး သွားတာပဲ'

'ဒါဖြင့် ဘာလို့ ရန်တွေ့လဲ'

'ချစ်နေတဲ့စိတ်ကို ဒေါသစိတ်နဲ့ ဖုံးပစ်ပြီး ရန်တွေ့တာ လို့ ထင်တာပဲ'

'ထွက်ပြေးတာရော'

'နောက်တစ်ကြိမ် ကို အတင်းလာတွေ့မယ့် အချိန်မှာ တောင့်မခံနိုင်မှာစိုးလို့ တကယ်တော့ ဖြူတို့ဘဝဟာ'

'တော်တော့ ဖြူ . . ကိုယ့်ရဲ့ ချစ်ခြင်းမေတ္တာတရားဟာ ခြားဘေးပယောဂတွေကို အရောင်ဆိုးခွင့်မရှိဘူး ကိုယ့်မိဘ တွေက ဖြူ့ကိုမြင်ရင် အရမ်းသဘောကျမှာ နောက်ပြီး ဖေဖေ့ကို ကိုယ်အလျှော့ပေးလိုက်တော့မယ်'

'ဘာကိုလဲ ကိုရဲ'

'သူ့ကုမ္ပဏီမှာ ဝင်ပြီး အလုပ်လုပ်ဖို့ ကိစ္စကိုလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ ကိုယ်က အလုပ်မလုပ်သေးဘူးပေါ့'

'ဟုတ်တယ် ကို ဘွဲ့မိဘေဒနဲ့ဘွဲ့ရပြီး အစိုးရအလုပ်ကို လျှောက်ထားတာ ဒါကို ပေဖောက တာန့်တွက်နေတာ သူကူမှုပါ မှာပဲ လုပ်ရမယ်ပေါ့'

'ဟုတ်သားပဲ'

'ကိုက အစိုးရအလုပ်မှာ အတွေ့အကြုံ ရချင်လို့ပါ ဒီ မှာက ကိုယ်က စဝင်ကတည်းက အပေါ်က ဝင်ရမှာ ဆိုတော့ အောက်သက်မတွေ့ဘူးပေါ့'

'ကိုယ့်အတွေးအခေါ် ကောင်းပါတယ် ဒါပေမဲ့ မကို တော့ဘူးလေ အောက်သက်တို့ ဖွတ်ဖွတ်ကြေနေတဲ့လူတ ကိုကို အနားမှာရှိနေမှာပဲထား'

'ဘာ ဖြူက ဖွတ်ဖွတ်ကြေနေပြီ ဟုတ်လား'

'ကိုနော် ဖြူ ငိုလိုက်မယ်'

'စတာပါကွာ ဖြူကိုကြည့်လိုက်ကတည်းက စင်းလုံးချေ လေးမှန်း သိပါတယ်'

'ဒါနဲ့များ'





ချမ်းမျက်စောင်းခေလးသည် ကိုရဲ၏ရင်တွင်းသို့ ဖရဏ ပိတွမ်းဘီထိသတဲ့သို့ ပေသိမ့်သိမ့်ဝင်ရောက်လာသည်။

'ဟော့ ဒီပုံဆို ရန်ကုန်မှာ ဆေးကုဘို့ မလိုတော့ဘူး ထင် ယ်'

နယ်ဆိုးသည် အလိုက်မသိဝင်ရောက်လာသည်။

ကြည်နူးမှုအရှိန်အဟုန်သည် ဦးစောညိမ်း၏ သာယာမှု ပျို့သည့်အသံကြောင့် ပျောက်ပျက်သွားသည်။

'အန်ကယ်စောဗျာ... အလန့်တကြားမလုပ်ပါနဲ့ ဖြူက ယုံးရောဂါသည်ဗျ'

'မသဲပါနဲ့ကွာ မင်းသာ ငါလာတာ မွန်ပြီး မမြင်တာပါ ဖြူတာ မြင်ပြီးသား'

'ထားပါတော့ ဖြူနေကောင်းကောင်း မကောင်းကောင်း ကုန်ခေါ်သွားမယ် ခင်ဗျားပဲ ရွှေတွင်းမှာနေခဲ့ ဘက်ပိုးမောင်း လူလိုတယ်လို့ မန်နေဂျာက မနေ့ကပြောတယ်'

'အာ ဒီလိုမနေ့ဘက်နဲ့လေ မင်းအဖေ ငါ့ Bossက သေ ချာချာမှာလိုက်တာ ဒီကောင်ကို ရင်အုပ်မကွာစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ပါကွဲ'

'ခု ရှင်အုပ်ကွာသွားပြီ မှတ်လား'

'အေး ကွာသွားပြီး မင်းက တခြားရှင်အုပ်ကို ပြော[င်း] သွားပြီကို'

'အေးလေ ဒါဆို ဦးစောညိမ်းမလိုတော့ဘူးနေခဲ့တော့'

'ဟေ့ ဟေ့ နေဦးလေ'

'ဟား ဟား ဟား'

ပြောပြောဆိုဆို ဖြူပြာမိုး၏လက်ကို ဆွဲတာ ချာက[ဲ] လှည့်ထွက်သွား၍ ဦးစောညိမ်းက ကမန်းကတန်းတားပြီး ရော[က်] လျှက် ခုံတန်းပေါ်တွင် ထိုင်ကာ ကျန်ရစ်ခဲ့တော့သည်။

'လာ ထိုင်ကြ'

ဦးဟန်လင်းက ခေါ်မိုးခြင့်နှင့်ဖြူပြာမိုးကို သားအမိ[…] ခရီးဦးကြိုဆိုမှုပြုပြီး ထိုင်ခိုင်းလိုက်သည်။ ဆိုဖာဆက်တီပေါ် တွ[င်] သားအမိနှစ်ယောက် ကြုံ့ကြုံ့တလေးဝင်ထိုင်လိုက်သည်။

'သားက အခြေအနေကိုပြောပြပြီးလို့သိပြီးပါပြီ သမီး[…] ကျန်းမာရေးကို အန်တယ်တို့ တာဝန်ယူတယ်'





ဦးဟန်လင်း၏ဖော်ရွေမှုကြောင့် သားအမိနှစ်ယောက် [..]နေအနည်းငယ်ချောင်သွားသည်။

'လွတ်လွတ်လပ်လပ် နေချင်ရင်တော့ သားအမိ နှစ် [..]ယာက် ဗဟန်းက သားတိုက်ခန်းမှာပဲ သွားနေပေါ့ သားက [..]ပ်မှာပဲနေတာလေ အခန်းအားနေတယ်'

အမေက ဝင်ထောက်သည်။ အဖေ့သဘောကို လင်းရဲ [..]း စူးစမ်းဘို့ခလိုတော့။ ကျေနပ်ပုံရသည်။

'ဖြူပြာမိုးက ဒီနှစ် အဝေးသင်ဒုတိယနှစ်ဆို'

'ဟုတ်ပါတယ် အန်ကယ် ကျွန်မ နောက် ၂ လလောက် [..] ဖြေရတော့မှာပါ'

'ဘယ်မှာ ဖြေရမှာလဲ'

'ပဲခူးမှာပါ'

'ရန်ကုန်မှ ဆက်နေလိုက် ဟိုကအလုပ်က ဒီအတိုင်းရှိ [..]ဖယ် ရုံးချုပ်တာပဲ ဒါရိုက် လစာထုတ်ပေးမယ် သားအမိနှစ် [..]ယာက်စလုံးနေဘ် '

'ကျေးဇူးတင်ပါတယ်ရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးမြင့် လှိုက်လှိုက်လှဲလှဲဝင်၍ပြောလေသည်။

'ကိစ္စမရှိပါဘူး ဘွဲ့ရပြီး ၁နှစ်ယောက် အဖေစကား နား မထောင်တဲ့သားကို အဖေ့စကား နားထောင်အောင်လုပ်နိုင်ဝ) သမီးကို တစ်သက်လုံးသဘောပေးထားမယ် ဖော့ ဒီမှာ သားလင်း ရဲ့ မင်းမနက်ဖြန်ကစပြီး တုမ္ဘဏီမှာ အလုပ်ဝင်'

'ဗျာ'

'မဗျာနဲ့ မင်း မကြာခင် အိမ်ထောင်ပြုသော့မှာ ခုထဲက စမှ နောက် ၁လကြာတှာ မင်းကို ပါမစ်နစ်ရာထူးပေးလို့ရမှ'

'ဘယ်က စလုပ်ရမှာလဲ'

'စာပေးစာယူဌာန'

'ဗျာ မနိမ့်လွန်းဘူးလား'

'မရှည်နဲ့ ကုမ္ပဏီရဲ့ဝင်သမျှထွက်သမျှစာတွေ တစ်နေ ကုန်ထိုင်ဖတ် ဒါမှ မင်း အလုပ်အကြောင်းနားလည်မှာ'

'ဟုတ်ကဲ့'

လင်းရဲဝင်း စိတ်သေးသေးညစ်သွားသည်။ သို့သော် အဖေပြောသလို ချစ်သူအဟွင်းဆိုတော့ သူ ကြိုးစားလေ့လာ





ည်ဖြစ်သည်။ ထိုနေ့ သူတို့သားအမိကို လင်းရဲဝင်း ယုဇနတာ ရှိ သူ့တိုက်ခန်းသို့ပို့ပေးခဲ့သည်။ ဖြူတစ်ယောက် ထိုနေ့ရာက လေးမှာဝင် ခေါင်းချသွားရလိမ့်မည်ဟု ထိုစဉ်ကသူတို့နှစ်ယောက် လုံး မတွေးဖြစ်ခဲ့ကြပါ။

*

ညက ဆုံခဲ့သည့်ကို မနက် အိပ်ယာထတွင် လင်းရဲဝင်း သပ်လိုက်၏။ ထိုလျှို့ဝှက်တတ်သောမိန်းကလေးအကြောင်း မစဉ်းစားပေမဲ့ခေါင်းထဲဝင်လာသည်။ ထူးဆန်းသည့်အချက် စ်ခုကို သူသတိထားမိသည်က သူ ၂နှစ်နီးပါးအိပ်ခန်းထဲဝင် ျှင်မော့ကြည့်တတ်သော ချစ်ဇနီးဖြူ၏ဓာတ်ပုံကို မော့မကြည့် ခြင်းနှင့် စာဖတ်ခန်းကိုဝင်ကာ အလ်ဘန်ဖွင့်မကြည့်မိခြင်းပင် ည်သည်။အိပ်ယာမှ လူးလဲထလိုက်ပြီး ဖြူပြုံး၏ဓာတ်ပုံကိုမော့ ကြည့်လိုက်ပြီး

'ဖြူရယ် ကိုယ့်ကို ခွင့်လွှတ်ပါ'

ဖြူမျက်နှာက ခွင့်လွှတ်နေသယောင်။ တပည့်ကျော် ပြင် င်ပေးသည့် နံနက်စာစားနေတုန်း တယ်လီဖုန်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးယံမှ ဖြစ်သည်။

'မင်းညက တိုးတက်တဲ့အပြုအမူပြုတယ်လို့ဖေဖေကြား တယ် သား ဟုတ်လား'

ဦးဟန်လင်းက ပဟေဠိဆန်သောမေးခွန်းဖြင့် မေးလ သည်။

'ညက ရွှေလင်းယုန်မှာ သား ညစာစားနေတုန်းက အ ဖေ ရှိနေလား'

'ဖေဖေကိုယ်တိုင်တော့မရှိပါဘူး ဒါပေမဲ့. . ဖေဖေ့ရဲ့ အရိပ်တစ်ရိပ် ဆိုင်မှာ ရှိတယ်'

'ဟုတ်လား ဖေဖေ ဘယ်သူလဲ'

'ဖေဖေ့အတွင်းရေးမှူးပေါ့ သူ girl frendနဲ့ ညစာစား နေတုန်း မင်းကို အထူးခန်းထဲဝင်သွားတာကို မြင်လိုက်တယ်'

'ဒါပဲလား ဖေဖေ'

'အင်း သူကတော့ မစပ်စုပါဘူး သူ့girl frendက ထုံး အတိုင်း စားပွဲထိုးကိုစပ်စုလိုက်လို့ အထဲမှာ မင်းအဖော်က ကြို ရောက်ပြီး စောင့်နေတယ်ဆိုတာ ဖေဖေသိလိုက်တယ် သား'





'× × × ×'

'အဲဒီညက ပွဲက ဘယ်သူစီစဉ်တာလဲ'

'သူ စီစဉ်တာပါ'

'ယော ကြိုလည်း ရောက်နေတယ်ဆိုတော့ သူကပဲ မင်း ကို ဦးဆောင်လိမ့်မယ်ထင်တယ်'

'သိပ်လှို့ဝှက်လွန်းတဲ့ မိန်းကလေးပါဖေဖေ'

'ကျန်းမာရေးကောင်းရဲ့လား'

'ဤလောက် သက်သက်သာသာမွေးနိုင်တဲ့ ကျန်းမာ ရေးမျိုးရှိမယ်လို့ သားတော့ ထင်တာပဲ'

'ဘာကြောင့်လဲ'

'မနက်တိုင်း ပြေးတယ်။ မအားရင် ညနေဖက် လမ်း လျှောက်တယ်'

'မင်းနဲ့ အဲဒီမှာ တွေ့တာလား'

'သာမန်ပါပဲ'

'ထူးခြားတာကရော'

'ဘီလီယက်တာလပ်မှာ ထပ်တွေ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဆိုးတယ်ဟော့ ဖေဖေကူညီပြီး စုံစမ်းပေးနေပလား'

'သား သိကွာကျပါတယ်'

'ကောင်းပြီး သား မင်း ဦးမိန်းကလေးရဲ့ Biography ကို တစ်ပတ်အတွင်း ရအောင်စုံစမ်းပါ ဒါနဲ့ မင်းတို့ နားလည်မှု ရသွားကြပြီလား'

'ကျွန်တော် မဆုံးဖြတ်ရသေးပါဘူး'

'ကောင်းတယ် ဆုံးဖြတ်မကျွံစေနဲ့ဦး'

ပြောပြောဆိုဆို ဖေဖေဖုန်းချသွားသဖြင့် လင်းရဲ သူ့ဖုန်းကိုပိတ်လိုက်သည်။ ပြီးမှ ဘူဟွန်ဒါစီးဗစ်ကားပေါ် တက်လိုက်ပြီး ကုမ္ပဏီရှိရာသို့မောင်းထွက်လာခဲ့သည်။ အမှတ်တမဲ့ ဘေးမှ ထိုင်ခုံကိုငေးကြည့်လိုက်သည်။ ပိုင်ရှင်ကင်းမဲ့ခဲ့သည်မှာ ကြာပြီ ဖြစ်သည့်ထိုထိုင်ခုံလေးသည် မနေ့က ပိုင်ရှင်အသစ်ဖြစ်နိုင်သည့် မိန်းကလေးတစ်ဦးထိုင်သွားခဲ့သည် မဟုတ်ပါလား။ထိုင်ခုံကို သူ ဘယ်လက်ဖြင့် စမ်းသပ်လိုက်သည်။ နွေးထွေးမှုရှိနေဆဲဟု သူ စိတ်ကထင်သော်လည်း အေးစက်သောအရသာခံစားလိုက်ရ၏။

✻





'တို့ရဲ့'

'ဘာလဲ ဖြူ'

'အိမ်ထောင်ကျတာ ငါးနှစ်ပြည့်တော့မယ်နော်'

'ဩော် ဘာဖြစ်လို့လဲ'

'ဖေဖေတို့အတွက် မြေးချိုပေးဘို့ ဆည်းလည်းကလေးများလိုမလားလို့'

'ဖြူကမှ ကျန်းမာရေးမကောင်းတာ မယူပါနဲ့ကွယ်'

'ကိုရဲက မလိုချင်လို့လား'

'မဟုတ်ပါဘူး ဖြူ့အတွက်ပါ'

ဖြူပြာမိုး ငြိမ်သွားသည်။ မိန်းမသဘာဝအတိုင်း သားသမီးလိုချင်နေဟန်ရှိသည်။ ပါရဂူနှင့်တွေ့ဆုံစဉ်က

'ရှင့်ဇနီးအနေနဲ့ သားသမီးမွေးနိုင်လောက်တဲ့အင်အားတော့ ရှိပါတယ် ဒါပေမယ့် နှလုံးက ကြိမ်ပြင်းပြင်းထန်ထန်ထိထားတော့ နည်းနည်းခက်မယ်'

'ဒါဆိုရင်'

'ကလေးမယူရင်တော့ အကောင်းဆုံးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

အခြေအနေကို ဖြူပြာကို သူရှင်းပြခဲ့သလို မိဘနှစ်ပါးကိုလည်း ရှင်းပြရန် လိုလာသည်ကို လင်းရဲဝင်းတွေးလိုက်မိ၏။

'အင်း ဖေဖေနဲ့မေမေကိုတော့ ရှင်းပြဖို့ လိုမယ်ထင်တယ်'

ထိုနေ့ညက ဖေဖေတို့ဆီသွားလည်ရင်းဖြင့် ရှင်းပြလိုက်သည်။

'ဘာ'

ဖေဖေ အကြီးအကျယ်အံ့ဩတုန်လှုပ်သွားသည်။

'မင်းဥစ္စာက ကလေးတစ်ယောက်တောင် မွေးမပေးနိုင်တော့ဘူးလားကွာ'

'ဒီလိုတော့ မဟုတ်ဘူးဖေဖေ အသက်အန္တရာယ်တော့ရှိတယ် ပြောတာပါ'

'ယောကျ်ားဖောင်စီး မိန်းမငါးနေ တဲ့ မင်းအမေတို့ကြည့်သူ့မှာလည်း သမီးဖြူပြာလိုပဲ မွေးရာပါနှလုံးရောဂါရှိတယ် အနေအထိုင် အစားသောက် ဆင်ခြင်တော့ တစ်ခါမှ ကြီးကြီးကျယ်





ကျယ် မဖြစ်ဘူး၊ မင်းကို မွေးပြီးတော့ တစ်ခါတည်း ဆရာဝန်ထောက်ခံချက်နဲ့ သားကြောဖြတ်လိုက်ပယ်'

'ဟုတ်တော့ ဟုတ်ပါတယ် ဖေဖေ'

'မင်းဟာ ငါ့ရဲ့တစ်ဦးတည်းသောမျိုးဆက်ပါသားရယ်'

သားအဖနှစ်ဦး၏ မျိုးဆက်တည်တံ့ရေး ဆွေးနွေးပွဲကို ထိုစဉ်က ဖြူ ထောင့်တစ်နေရာက အမှတ်တမဲ့ နားထောင်မိသွားသည်ကို သားအဖနှစ်ဦး သတိမထားမိလိုက်ပါ။ ထို့အတွက်

'ကိုရဲ ခဏ'

ဖြူက သူတို့သားအဖ မျိုးဆက်ဆွေးနွေးပွဲအပြီး ၂ လ ဖကြာတွင် သူ့ကို တိုးတိုးလေးကပ်ခေါ်သည်။

'ဘာလဲ ဖြူ'

'ဟိုလေ ဖြူ့ဆီမှာ . . . ရှိနေပြီလား မသိဘူး'

'ဟင် ဟုတ်လား ဘယ်လိုသိလဲ'

'. . . မလာတာ ၂ ပတ်ကျော်သွားပြီလေ'

'ဆရာဝန်ပြကြည့်ရင် ကောင်းမယ်'

သူတို့လင်မယား ၂ ဦး ဆရာဝန်ပြပြီးပြန်အလာ မျိုးဆက်



www.burmeseclassic.com

www.burmeseclassic.com



သစ်တိန်းအောင်းနေကြောင်း လင်းရဲဝင်း မိသားစုတိုကြေညာလိုက်သည်။

'အဲဒါမှ ငါ့သမီး'

အကဲဆုံးက ဦးဟန်လင်းဖြစ်၏။ လင်းရဲဝင်းကတော့ မိဘများပျော်ရွှင်မှုကိုသောင့်တစ်နေရာမှကြည့်ကာ ဝမ်းနည်းနေသည်။ ရွှမငြိမ်းသောချစ်ဇနီး၏အသက်စွန့်ဟိုက်ပွဲကို သူ ကြည့်လို။ ဖြစ်နိုင်ရင် ရေနဂါးအထီးလို သူကိုယ်တိုင် ကိုယ်ဝန်ဆောင်ပေးလိုသည်။ သို့သော် သူက လူယောကျ်ား။

'ဟော့ သား မောင်လင်း'

'ဗျာ ဖေဖေ'

'ဒီမှာ မင်းကလေး အထဲမှာ ဘာလေးလဲဆိုတာ ကြိုသိဘို့လိုမယ်'

'ဘာလေးဖြစ်ဖြစ် ချစ်မှာပါ'

'ချစ်တာတော့ချစ်တာပေါ့ကွာ ဒါဝေမဲ့အနာဂတ်ရဲ့ရှော်လင့်ချက်ကလေးတွေကို ဖေဖေ စိတ်တူးနဲ့ကြည်နူးချင်လို့ပါ'

'ကိုယ်ဝန်ဆောင်စဉ်မှာ အယ်လ်ထရာဆောင်းရိုက်ရင်





ကလေးများ နည်းနည်းထိခိုက်မလားလို့ပါ'

'မင်းက ဆရာဝန်လား'

ဦးဟန်လင်း ကျွဲမြီးတိုသွားသည်။ ပြီးမှ

'အေးပါကွာမထူးပါဘူး နောက်ဥလကြာရင်သိရမှာပေါ့'

'သားက သိပါတယ် မြူမျက်နှာ နည်းနည်းရင့်နေတယ် ယောကျ်ားလေးမွေးမှာ'

လင်းရဲဝင်းက ဖခင်ကြီးကို စိတ်ပြေစေရန် နည်းနည်းနောက်လိုက်သည်။ အမှန်တကယ်ပင် နောက် ၉လကျော်ကျော်ကြာသည့်အခါ သိရပါသည်။ လင်းရဲဝင်းပြောသလို ယောကျ်ားလေးဖြစ်သည်။ သို့သော် လူ့ပြည်ကို မရောက်မီမှာပင် သူ့အမေအသက်ကိုပါ နှုတ်ယူ၍ လာရာလမ်းသို့ ပြန်သွားရှာသည်။

✻



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း (၂)

## အတိတ်ဟင်းလင်းပြင်မှသက်တံရောင်အနာဂတ်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com







ကိုယ့်နှလုံးသားအခင်ဖျင်ကို အသစ်ပြန်ကိုင်ဖို့ မက္ကင်းနှစ်
ကျွမ်းကျင်ဆုံးမက္ကနစ်တစ်ယောက် ရှာရတာပေါ့။

လင်းရဲဝင်း



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၉)

သူ၏ရုံးခန်း အရှေ့ဘက်တွင် လင်းရဲဝင်း ဖခင်ဖြစ်သူ၏ ကားတို အနုလုံပဋိလုံသုံးသပ်ရင်း အတွေးပင်လယ်ကြောတွင် ကူးခတ်နေမိသည်။ ကုဋ္ဋာဖွ သံသယစိတ်သည် လူကို နှိပ်စက် တတ်သောတရားဓမ္မန်းကို ဘာသာရေးနှင့်မစိမ်းသော သူလိုလူက းလည်သဘောပေါက်သော်လည်း တစ်ယောက်တည်းကိုသာ ဖွဲ့လမ်းလမ်းချစ်တတ်သည့် အချစ်သမားရဲ့စိတ်က မြူစင်သန့် ငြင်းလွန်းသည့်ချစ်ဇနီး၏နေရာတွင် ဆန့်ကျင်ဘက်စရိုက်ရှိသော ပန်းကလေးတစ်ဦးကို သူအစားထိုးဘို့ ကြောင့်ကြနေခြင်းဖြစ်၏။

"ငါ ဇီဇဝကြောင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ် မေးခွန်းပြန်ထုတ်မိသည်။

'ဆရာ ရွှေတွင်းတွေက ဒေးလီးရိပို့တ်တွေကို ဆဲရာစ်ပြီးရင် အမ်ဒီကိုဆက်တင်ရမယ်'

သူ့အတွင်းရေးမှူးဝင်ရောက်လာပြီး သတိပေးမှ ရွှေ့ဖို့ အလုပ်ပုံကိုရှင်းရန် ဈာန်သွင်းလိုက်သည်။

ကိန်းဂဏန်းများ၊ စာရင်းဇယားများနှင့် ငွေကြေးများအောက် သူ့ဦးနှောက်နှင့်သူ့နှလုံးသားကို လမ်းကြောင်းပြောင်းရန်တိုက်လုပ်ကာ ဖိုမ ချစ်ခြင်းနယ်ပယ်ကို ခဏ မေ့ထားလိုက်သည်။

*

'အား ကျွတ် ကျွတ်'

စားပွဲပေါ်မှာ အလုပ်ပုံကြီး ရှင်းလင်းဖတ်မှတ်ပြီး မှတ်ချက်ရေးသင့်သည်များရေးကာ ဖခင်ဖြစ်သူအမ်ဒီထံ ထရန့်စဖာလုပ်လိုက်ပြီးချိန်တွင် သူ တုလားထိုင်ပေါ်မှထကာ ညောင်းသွားသည့်ခါးကို တစ်ဖက်စီခပ်သွက်သွက်လေးလှည့်ကာ အညောင်းဖြေလိုက်သည်။





သူ့ရုံးခန်းရှိရာ ၁၂ထပ်အမြင့်မှနေ၍ ရန်ကုန်မြို့ရှုခင်းကိုကြည့်ရင်း နံနက်စောစော လမ်းမလျှောက်တော့ရန် သူ ဆုံးဖြတ်ချက်ချလိုက်သည်။

သို့သော် ကျယ်လောင်စွာ မြည်လာသည့် အလုပ်စားပွဲပေါ်မှတယ်လီဖုန်းသံကြောင့် ဆုံးဖြတ်ချက်သည် မခိုင်မာတော့။

'ဟဲလို'

တယ်လီဖုန်းအတွင်းမှ သူနှင့် စိမ်းနေသောအသံတစ်ခု ဝင်ရောက်လာသည်။

'အမိန့်ရှိပါခင်ဗျာ လင်းရဲဝင်းပါ'

'ကိုရဲကလည်း မမှတ်မိဘူးလား'

ဗုဒ္ဓေါ။

အဆက်အဆံမလုပ်တော့ရန် စိတ်ကူးပြီးခါမှ မယ်မင်းကြီးမက စတင်၍ အဆက်အသွယ်လုပ်လာသည်။

'မင်း ကိုယ့်ရုံးဖုန်းနံပတ် ဘယ်ကရတာလဲ'

'ဟင်း ဟင်း ကိုရဲကလည်း အသံဒီလောက်တောင် မမာပါနဲ့ ဘယ်သူနဲ့စိတ်ကောက်နေတာလည်း ပြော'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ကောက်စရာအကြောင်းမရှိပါဘူး ဒါပေမဲ့'

'စိတ်မကောက်ရင် ပြီးရော ဒါဝေမဲ့မလုပ်နဲ့ ကိုရဲ့ အနိုင်နဲ့ပိုင်းသွားတဲ့ ဘီလီယက်ပွဲကို ဒီညနေမှာ ထိုးချင်တယ် ညနေ ၃ နာရီအရောက်လာ'

'ကိုယ်မအားဘူး မင်းနဲ့လည်းမတွေ့ချင်ဘူး မင်းလို ဘာမှန်းမသိတဲ့ မိန်းမတစ်ယောက်အတွက် ငါ့အချိန် မပေးနိုင်ဘူး' ဟု ပြောပစ်လိုက်ရန် စိတ်ထဲမှစဉ်းစားနေခိုက် -

'အင်း'

ဟု နှုတ်မှထွက်သွားသဖြင့်

'အိုကေ ဒါပဲနော် ဘိုင်ဘိုင် စောင့်နေမယ်'ဟုပြောကာ သိမ့်ဘက်က ဖုန်းချသွားသည်။ တယ်လီဖုန်းစကားပြောခွက်ကို ကိုင်ကာ ငိုင်သွားသည်က လင်းရဲဝင်း။

*

ထိုနေ့ပွဲကို လင်းရဲဝင်း ဆွဲပြီးမကစားတော့ ခပ်မြန်မြန်ပင် (၃)ပွဲဆက်တိုက် အနိုင်ထိုးကာ ပွဲသိမ်းဖြစ်လိုက်သည်။

'ဟင်း အမှတ်ပြောရလည်း မနိုင်ပါလား'





'မင်းက အနိုင်လိုချင်စိတ်သိပ်များတာကို'

'ကိုရဲ'

သိမ့်က လင်းရဲဝင်းကို ကြည့်ကာ အော်ခေါ်လိုက်သည်။

'သိမ့်ကို ဘာလို့ ဟိုနေ့ကလို သိမ့်လို့မခေါ်ဘဲ မင်းတို့ ..ကို့နဲ့ ရင့်ရင့်သီးသီး သုံးနှုန်းနေရတာလဲ'

'ဘာဖြစ်လို့လဲ'

'ဖြစ်တာပေါ့ ကိုရဲ အဲဒီလိုလုပ်တော့ သိမ့် ဘယ်စိတ် ..ကောင်းမလဲ ပရက်ရှာဝင်ပြီး ရွှဲတာပေါ့'

'ပရက်ရှာ မဝင်လည်း မင်းကိုယ့်ကို မနိုင်ပါဘူး'

လင်းရဲဝင်း လေသံအတန်ငယ်လျှော့လိုက်သည်။ ပြီးမှ

'နေစမ်းပါဦး မင်း ငါ့ရဲ့ဖုန်းနံပတ်ဘယ်လိုလုပ်ရတာလဲ'

'ကိုယ့်မိတ်ဆွေအပေါင်းအသင်းက ခင်ခင်မင်မင် ကိုယ့် ..ဖုန်းဆက်ပါ ကိုယ့်ဖုန်းနံပတ်ကဘယ်လောက် ဘာညာမှမပြော ..ာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းတာပေါ့'

ကလေးဆန်၍ချစ်စရာကောင်းသောအမူအရာကြောင့် ..င်းရဲဝင်း စိတ်ထဲတွင် ပျော့ပြောင်းစပြုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကိုယ့်စိတ်နဲ့ ကိုယ် ပဋိပက္ခဖြစ်နေတာပါ’

‘ဘာများလဲ’

လင်းရဲဝင်း အနားယူ ခေါက်တီပေါ်တွင် ထိုင်ချလိုက်၍ စားပွဲပေါ်တွင် ရောက်နေသည့် ဘီယာဗူလင်းကိုဖွင့်ကာ ဖန်ခွက်ထဲ ဖြေးညင်းစွာငုံ့ရင်းက

‘ကိုယ့်အတိတ်က အကြောင်းတွေပေါ့’

သိမ့် မျက်လုံးလေးဝိုင်းသွားသည်။

သိချင်လွန်းသည့်စိတ်က သူမျက်လုံးတွင် အထင်းသားပေါ်လာသည်။

လင်းရဲဝင်း ဘီယာမတ်ခွက်ကို မော့သောက်ချလိုက်၍ သိမ့်ကို ကြည့်လျှက်

‘ကိုယ့်အကြောင်းတွေကို သိမ့် တစ်ခါမှမမေးဘူးနော်’

‘အားနာလို့ပါ နောက်ပြီး’

‘သိမ့်ဘာဖြစ်လို့ အားနာရမှာလဲ ကိုယ်နဲ့ရင်းနှီးတဲ့သူရဲ့အကြောင်း အကောင်းအဆိုးတော့ သိထားသင့်တာပေါ့’

‘သိလည်းသိချင်တယ်သိလည်းမသိချင်ဘူး ဘာကြောင့်





လဲဆိုတော့ သိမ့်က ကိုရဲကိုခင်တယ် လူကြီးလူကောင်းတစ်ဦး အနေနဲ့ ယုံကြည်တယ်။ စုံစမ်းစစ်ဆေးနေရင် လွတ်လွတ်လပ်လပ်ယုံကြည်မှုကလေးပျက်သွားမလားလို့ သိမ့်တွေးမိတယ် ဒါကြောင့်’

‘ဒါကြောင့် မမေးတာပေါ့’

‘ဟုတ်တယ်လေ နောက်တစ်ခုက ကိုရဲမှာ အိမ်ထောင်တွေ ကလေးတွေရှိမှန်း သိမ့်သိလိုက်ရင် အရင်လို ပွင့်ပွင့်လင်းလင်းခင်လို့ မရတော့ဘူး’

‘သိမ့်က အလည်မပဲ’

‘ဘာလည်လို့လဲ’

‘သွယ်ဝိုက်သောနည်းနဲ့ ကိုယ့်ကို အိမ်ထောင်ရှိမရှိ စုံစမ်းနေတာလေ’

‘ဒါ ကိုရဲက ဖွင့်မေးလို့ပါ ကိုရဲမမေးရင် သိမ့်ဒီလိုပဲ အချိန်တစ်ချိန်အထိ လွတ်လွတ်လပ်လပ် ခင်မင်နေမှာပဲ’

‘ဘယ်အချိန်အထိလဲ’

‘ကိုရဲက ခင်မင်မှုကိုအရောင်ဆိုးချင်လာတဲ့တစ်ချိန်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့'

အဖေးကိုဖေးကြည့်ရင်း သိမ့်က တစ်လုံးချင်းပြောလိုက်သည်။

'ဟင်း အဲဒီအချိန်မျိုးမရောက်ပါစေနဲ့လို့ သိမ့်ဆုတောင်းမိတယ် သိမ့် ကိုရဲနဲ့ ဒီလိုခင်မင်တဲ့ဘဝလေးကို အဖျက်မခံချင်ဘူး သိမ့်ရဲ့အသိုင်းအဝိုင်းမှာ ကိုရဲလိုမျိုး ခင်ရတဲ့လူမရှိဘူး'

'တကယ်လား သိမ့်မှာ ကိုယ့်အပြင်အခြားတစ်ယောက် မရှိဖူးဘူးလား'

'မရှိဘူး၊ ရှိရင်လည်း ဘယ်အမျိုးသားမှ သူတို့ရဲ့ အမျိုးသမီးကို ဒီလို တခြားအမျိုးသားတစ်ဦးနဲ့ တွဲသွားတွဲလာခွင့်ပြုပါမလဲ'

'သိမ့်အတွေးအခေါ်က မှန်ပါတယ် ကိုယ် နည်းနည်းအတွေးခေါင်သွားတယ် ဒါပေမဲ့'

'ဆက်မပြောနဲ့တော့ ကိုရဲ သိမ့်တို့ဒီခင်မင်မှုထက်မပိုဘဲ နေသွားကြရအောင်လား'

စိုးရိမ်တကြီးတားနေသည့်သိမ့်ကိုကြည့်ပြီး လင်းရဲဝင်း





ရယ်ချင်သွားသည်။ မပြောလို့ဖြစ်တော့မှန်း သူသိလိုက်သည်။

'သိမ့်က ကိုယ့်ကို အိမ်ထောင်ရှိတယ်လို့ထင်နေတာကိုး'

'မဟုတ်ဘူးလား ဒီအသက်အရွယ်ရောက်မှ ရှိမှာပေါ့'

'ကိုယ့်မှာ အိမ်ထောင်ရှိခဲ့ဖူးတယ်'

'ရှိခဲ့ဖူးတယ်'

သိမ့် သံယောင်လိုက်လုက်သည်။

'ဟုတ်တယ် ကိုယ်အရမ်းမြတ်နိုးတွယ်တာရတဲ့ မိန်းကလေးပေါ့ ကိုယ့်ရဲ့အသည်းနှလုံးကိုတောင် သူနဲ့အတူ တစ်ခါထဲမြှုပ်နှံပစ်လိုက်ပြီလို့ ထင်ခဲ့မိတယ်'

သိမ့် စိုက်ပြီးနားထောင်နေသည်။

'အဲဒီလိုမဟုတ်မှန်း ကိုယ်စောစောကမှသိလိုက်ရတယ်'

'အဲ ဘယ်တုန်းကလဲ'

သိမ့် မျက်လုံးပြူးသွား၏။ ကပြာကယာမေးလိုက်သည်။

'သိမ့်က ကိုယ့်ကို ကိုရဲ သိမ့်တို့ ဒီခင်မင်မှုထက် မပိုဘဲ နေသွားကြရအောင်လို့ပြောတဲ့အချိန်မှာပေါ့'

သိမ့်ဘာမှမပြော။ ဆက်တီလက်ရမ်းကို လက်သဲနှင့်ခြစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ငြိမ်နေသည်။

လင်းရဲဝင်း စကားကလမ်းကြောင်းပြောင်းလိုက်သည်။

'သိမ့်အကြောင်း ကျွန်တော့်ကို သိခွင့်ပေးပါ'

သိမ့် သူ့ကိုမော့ကြည့်ပြီး ပြုံးပြလိုက်သည်။ ပြီးမှ

'သိမ့်ဘဝက အရမ်းကို အထီးကျန်ဆန်ပါတယ် ကိုရဲ ရယ် ဒီလိုလုပ်ပါလား ကိုရဲ သိမ့်ကိုပြန်လိုက်ပို့ သိမ့်အိမ်မှာ ကိုရဲကို ညစာကျွေးမယ်'

'ဖြစ်ပါ့မလား'

'ဖြစ်ပါတယ် ဟိုရောက်ရင် ကိုရဲကြည့်'

*





အခန်း (၁၀)

တကယ်တော့ သိမ့်သူသူဇော်သည် လျှို့ဝှက်လွန်းသော ...နိုးတလေးမဟုတ်ပါ။ သူ့ဘဝသည် အထီးကျန်ဆန်လှသည်။ ...မှာအေးဘုရားလမ်းမပေါ်ရှိ ကျယ်ဝန်းကြီးမားလှသည့် တိုက် ...ိမ်ကြီးတစ်လုံးပေါ်တွင် ခွေမျိုးမဝေးလှသည့်အဒေါ်ကြီးတစ် ...ယောက်သာ သူ့တွင် ရှိတော့သည်။

'သိမ့်ကို မွေးပြီးတဲ့အချိန်မှာ မာမီ ဆုံးသွားတယ် စနေ ...သမီးမို့ ယတြာပြုတဲ့အနေနဲ့ အဖေက သောကြာနာမ် များများ ...ပါအောင် နာမည်မှည့်ပေးတာလို့ပြောဖူးတယ်'

သူ့ဘဝ၏အစတောနဦးသည် မချော့မွေ့လှပါ။

'ဒါပေမဲ့ သိမ့်မွေးပြီးမှ ဖေဖေ စီးပွားအရမ်းတက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်'

'သိမ့် ဖေဖေက ဘာလုပ်တာလဲ'

မမေးသင့်တဲ့မေးခွန်းတစ်ခုကို လင်းရဲဝင်း မေးလိုက်မိသည်။ သိမ့်က ပြုံးပြီး

'ငါးစိမ်းသည်'

'မနောက်ပါနဲ့ သိမ့်ရယ် ကိုယ်ကအကောင်းမေးတာပါ'

'ကိုရဲက သိမ့်အဖေရဲ့လုပ်ငန်းကို အထင်သေးမှာ စိုးရိမ်လို့ကြို့ပြောတာပါ ပင်လယ်ထဲကထွက်သမျှ ငါးပုစွန်တွေကိုဝယ်ပြီး အအေးခန်းနဲ့ ထုပ်ပိုး ပက်ကင်လုပ်ပြီး နိုင်ငံခြားကိုပို့တာပါ'

'ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပေါ့'

'ဒီလိုပြောရလောက်အောင်တော့ မပြည့်စုံပါဘူး'

'ဘာဖြစ်လို့လဲ'

'ရေထဲက ပုလဲတို့ ကျောက်ခက်တို့ အဖေရဲ့လုပ်ငန်းထဲမှာ မပါဘူး'

သိမ့်က သူ့စကားကိုလိုရာရောက်အောင်ထပ်မံဦးတည်လိုက်သည်။





'ဒီလုပ်ငန်းကြောင့်ပဲ ဖေဖေ မြိတ်ဘက်အဲသွားစက်မလှမှောက်ပြီး ဆုံးခဲ့တယ်'

ညည့်ခန်းနံရံရှိ သူ့ဖခင်ကြီး၏ ဓာတ်ပုံကို မော့ကြည့်ပြီး ဝမ်းနည်းသည့် လေသံဖြင့် ပြောပြလိုက်သည်။

'ကိုယ်စိတ်မကောင်းပါဘူး'

'ဒါကြောင့် ဒီလုပ်ငန်းကို သိမ့်လက်ထက်မှာ အရှုံးခံပြီး အကုန်ထုခွဲပစ်လိုက်တယ်လေ သိမ့်မှာ ငွေနဲ့စည်းစိမ်က လွဲပြီး မေတ္တာတရားတွေ တစ်ခုမှ မကျန်ခဲ့တော့ဘူး'

'အဲဒီတုန်းက သိမ့်အသက်က'

'ကျောင်းပြီးခါကာစ ၂၃နှစ်လောက်ပေါ့ သိမ့်မကြောက်ပါဘူး ကိုယ့်ဒူးကိုယ်ချွန်ပြီး လုပ်ငန်းသစ်တွေထူထောင်ခဲ့တယ်'

'ကိုယ်မမေးတော့ပါဘူး'

'ကိုရဲသိမှာပါ ဟိုတစ်ခေါက် ကိုရဲလိုက်ပို့တဲ့ အမျိုးသမီးနဲ့ဆိုင်တဲ့ အလှကုန်ပစ္စည်းအားလုံးခင်းထားတဲ့ ဖက်ရှင်ဆိုင်မျိုးတွေကို စတင်ထောင်ခဲ့တယ်လေ'

'အမျိုးသားဖက်ရှင်ပစ္စည်းတွေ ဘာလို့မတင်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သိမ့်မကျွမ်းကျင်ဘူး နောက်ပြီး လူပေါင်းစုံနဲ့ရောရော နှောနှော မနေချင်ဘူးလေ'

လင်းရဲဝင်းက ပြုံးလျှက်

'ဟုတ်မှာပါ'

'သိမ့်က ကိုရဲကို စပြီး ခင်မင်အောင်လုပ်ခဲ့မိလို့ ကိုရဲက သိမ့်ကို အထင်သေးတယ်ပေါ့'

'မထင်ရဲပါဘူးဗျာ'

'သိမ့်ပြောပြမယ် နားထောင်'

'ဟုတ်ကဲ့'

လင်းရဲဝင်း ရယ်ကျဲကျဲနှင့် ဟုတ်ကဲ့ လုပ်လိုက်သည်။ သိမ့်ကမူ အတော်မခံချင်သည့်မျက်နှာထားနှင့် ရှေးလွန်လေပြီး သော တစ်ပတ်ခန့်ကအကြောင်းကို ရှင်းပြနေသည်။

*

'မမ'

အမောမလုံခင် အတူပြေးလာသည့်အဖော်ခိုင်ဇင်သက် က ပြေးရင်း စကားစလာသည်။





'ဟိုရှေ့က ဂျာကင်ဝတ်ပြီး လမ်းလျှောက်နေတဲ့ လူကြီး ကို သတိထားမိလား'

'ဟင့်အင်း'

'မမကလေ အရှိန်နည်းနည်းလျှော့ပြီး ဖြည်းဖြည်းချင်း ဖြတ်ပြီး လှည့်ကြည့်လိုက်'

ခိုင်ဇင်သက်ပြောသလို သိမ့်လှမ်းလျှောက်ကာ ကျော် ဖြတ်ရင်းလှည့်ကြည့်လိုက်၏။ အတန်ငယ်လှမ်းသွားမှ သိမ့်က

'တစ်မျိုးပဲနော်'

'အဲဒါပြောတာပေါ့ မမရဲ့ သူကြည့်ရတာ အိပ်မက်ထဲ လှမ်းလျှောက်နေသလိုပဲ'

'အေး အေး ဟုတ်တယ် ဟင်း ဟင်း'

'ခိုင် သူ့ကို သတိထားမိတာကြာပြီ'

'မီခိုင် ကြိတ်ပိုးနေတာပေါ့'

'မဟုတ်ရပါဘူး မမရယ် ဘူတာကြီးကို'

'ဟဲ့ သိပ်အသက်မကြီးသေးပါဘူး လူလတ်ပိုင်းအရွယ် ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအရွယ်ဆိုတော့ လူပျိုမဖြစ်နိုင်ပါဘူး'

'ဒါဖြင့် မခိုင်က ဘာကို စိတ်ဝင်စားဟာလဲ'

'ဟိုဂေ ဝဏ္ဏတွေ ဘာတွေထဲကလိုများ အိပ်မက်ထဲက ယောင်ပြီး လမ်းလျှောက်နေတာမျိုးလားလို့'

'ကြုံကြုံဖန်ဖန်ပွှယ်'

သိမ့်နှင့်ခိုင်ဇင်သက်တို့ နောက်တစ်နေ့မနက်တွင် ဖြတ် ပြေးရင်း လင်းရဲဝင်းကို စနောက်ဖြစ်သည်။

'ဟော့ မိခိုင် နင့်လူကြီး နည်းနည်းတော့ မျက်နှာအမူအ ရာပြောင်းသွားတယ်ထင်ကယ်'

'ဟုတ်တယ် မမ အိပ်မက်ထဲလျှောက်သွားဟာတော့ မဖြစ်နိုင်တော့ဘူး'

'အေး အေး ဟင်းဟင်း'

*

သိမ့်က သူတို့နှစ်ဦး စတွေ့ချိန်တွင်ရှိသော သူ့ဘက်က သဘောထားအမှန်ကို ရှင်းပြလိုက်သည်။

'အဲဒါကြောင့် ကိုရဲကို စဖြစ်သွားတာပါ။ သိမ့်တို့က





ကျွားလေးမြင်တိုင်း စတတ်တဲ့အကျင့် မရှိပါဘူးနော်'

'ကိုယ် သဘောပေါက်ပါပြီ ဒါပေမဲ့ သိမ့်တို့ မှားတယ် ပုန်တကယ် အိပ်မက်ထဲမှာပဲ လမ်းလျှောက်နေတာပါ'

'တကယ်'

'တကယ်ပါ ကိုယ်လမ်းလျှောက်နေတဲ့အချိန်မှာ ကိုယ့် အိပ်မက်က ကိုယ်အရမ်းချစ်တဲ့ ဇနီးနဲ့အတူ လမ်းလျှောက်နေ ယ်လေ ဒါပေမဲ့ အခု ကိုယ်အိပ်မက်က လန့်နိုးလာပါပြီ'

သိမ့်က လင်းရဲဝင်းကို ဆွေးဆွေးလေးကြည့်နေသည်။

'လန့်နိုးတော့ ဘာတွေ့လဲ'

'ကိုယ့်အနားမှာ သူမရှိတော့မှန်း သိလာရတာပေါ့'

'ဒီတော့'

'ဒီတော့ ဘာလုပ်ရမလဲ ဆိုတော့ ကိုယ့်နှလုံးသားအင် ကို အသစ်ပြန်ကိုင်ဘို့ မတ္တင်းနစ်၊ အကျွမ်းကျင်ဆုံး မတ္တင်း စ်တစ်ယောက်ရှာရမှာပေါ့'

'တွေ့ပြီလား'

'တွေ့သလိုလိုတော့ရှိပြီ ကျွမ်းကျင်မှုရှိမရှိတော့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မသိသေးဘူး'

'ကျွမ်းကျင်မှုမရှိဘူးဆိုရင်'

'နှလုံးသားအင်ဂျင်ကို ပြတိုက်ထဲမှာပဲ ပြုပြင်နိုင်မည့်ဘ လိုအပ်ပါသည်လို့ စာချိတ်ပြီး ပြထားလိုက်မယ်လေ'

'တော်ကြာ အဟောင်းရောင်းတဲ့လူက ဝယ်ပြီး ပြ ရောင်းစားသွားရင် ဘယ်လိုလုပ်မလဲ'

'သူ့လက်ထဲရောက်မှ သူ့သဘောပေါ့'

'ဟင်း ဟင်း ကိုရဲက သိပ်ရယ်ရတာပဲ ဒီမှာရှင့် ပစ္စည်း ဆိုတာ ဟောင်းနွမ်းဆွေးမြေ့ပြီး သုံးမရရင် လွှင့်ပစ်လိုက် အသ နဲ့အစားထိုးရတယ်ရှင့် သိပြီလား '

သိမ့်က အသံကျယ်ကျယ်လေးဖြင့် သူ့ကို အော်ပြော ပြီး ရယ်နေလိုက်သည်။ ပီတိအပြစ်ကင်းစင်ပြီး ပွင့်လင်း၍ ချစ် စရာကောင်းသော မိန်းကလေးတစ်ယောက်အဖြစ် လင်းရဲဝင်း မှတ်ချက်ပြုမိရင်းက ရင်တွင်းမှ 'မင်းကို ကိုယ်ချစ်မိတော့မယ် ထင်တယ် မိန်းကလေးရယ်'

*





## အခန်း (၁၁)

'မမ'

ဖိုင်တွဲအထပ်လိုက် ကိုင်၍ဝင်လာသော တစ်ဦးတည်းသော သူ၏အတွင်းရေးမှူးမလေး ခိုင်ဇင်သက် ဝင်ရောက်လာသဖြင့် သူ့နှလုံးသားအတွင်းသို့ အသံတိတ်ဝင်ရောက်လာသည့် လူကြီးခေါ် ကိုရဲအကြောင်းတွေးနေရာမှလှည့်ကြည့်လိုက်သည်။

'ဒါတွေက မမ အသစ်ဖွင့်လိုက်တဲ့ ဖက်ရှင်Shop ၂ခုက စာရင်းဇယားအပြည့်အစုံတွေဘဲ ၃ရက်စာပြုစုထားတယ်'

'ထားခဲ့လေ မမ အေးအေးဆေးဆေး ဖတ်တာပေါ့'

'မမ ဖတ်ချိန်မရှိမှာ စိုးလို့ အရေးကြီးတာတွေ High light ဆွဲပေးထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲတွယ်'

'ဒါနဲ့ မမ အိပ်မက်လှုကြီးနဲ့ အတော်အဆင်ပြေနေပြီလား'

'မိခိုင်စကားတလဲ'

'မမကလဲ သိပ်မနေပါနဲ့ မမစိတ်ဝင်စားဘဲနဲ့တော့ သူနဲ့တတွဲတွဲ မလုပ်ဘူးမှတ်လား'

'မမက သူ့ကို ခင်တာပါ'

'သူကရော'

'သူ့အိပ်မက်ထဲမှာပဲလေ'

'ဘာကိုဆိုလိုတာလဲ'

'ဒီလို မိခိုင်ရဲ့'

ခိုင်ဇင်သက်မသိသေးသော၊ သူ့အနည်းငယ်မျှသိသော လင်းရဲဝင်း၏အကြောင်းအရာအချို့ကို ပြောပြလိုက်သည်။

'ဒါဆိုရင် ခိုင် တင်ပွန်းတပ်ထားတဲ့အတိုင်း ကိုကိုချွေးပေါ့'

'ချွေးတာထက်ကို သူ့ရဲ့အချစ်ကို တန်ဘိုးထားတာလို့





ပြောရင် ပိုမှန်မယ်ထင်တယ်'

'ဘာဖြစ်လို့လဲ မမ'

'မမအပေါ်မှာ သူ့စိတ်ဝင်စားမှုရှိတာ မမ သူ့မျက်လုံးအပြုအမူ အမူအရာတွေကိုကြည့်လိုက်ရင် သိတယ်လေ နောက်တစ်ခုက တစ်ခါတုန်းလေ မမကို ခပ်မာမာပြောတယ်၊ သူ့စိမ်းဆန်ဆန်နေတယ်။ ဒါ ဘာဖြစ်လို့လဲဆိုတော့ မနီးစပ်အောင် မမကို မချစ်မိအောင် ကြိုးစားနေတယ်လို့ ထင်တယ်'

'မမကရော သူ့အပေါ်မှာ ဘယ်လိုလဲ'

'နှလုံးသားကို သူ့ဇနီးနဲ့ အတူတူ မြှုပ်နှံထားပါတယ်လို့ ဝန်မခံယုံတာမယ် အချစ်ကြီးနေတဲ့လူကို မမက ချစ်မိရင် သူ့ဆီက ထက်ကြွလန်းဆန်းတဲ့အချစ်တွေ မမရပါ့မလား'

'ဒါတော့ဟုတ်တယ်နော်'

'သူနဲ့ကိစ္စကို မမ အလျင်စလို မဆုံးဖြတ်နိုင်ဘူး အဖြူအမည်းလည်း မကွဲပြားချင်ဘူး ခုလို လမ်းလျှောက်ရင်းဆုံလိုက် အိလိုသက်အတူထိုးလိုက် ညစာအတူစားလိုက်နေရတဲ့ဘဝလေးကို မမသာယာတယ် သူဟာအခွင့်အရေးမယူတတ်တဲ့လူကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ'

'ရှားပါးတဲ့ယောကျ်ားပေါ့'

'ရှားတော့ မရှားပါဘူး ဒါပေမဲ့ ဒီခေတ်ကြီးထဲက ပြေ ရေတတ်လူကုံထန်တွေကြားမှာတော့ ရှားပါးတယ်'

'မမဆိုလိုတာ ကျွန်မ သဘောပေါက်ပါပြီ တုတ်တယ် နော် ကျွန်မတို့ရပ်ကွက်ထဲက လူလတ်တန်းစားပညာတတ်တွေ ထဲမှာလည်း မမလူကြီးလိုလူမျိုးတွေရှိပါတယ်'

'မမလူကြီး မမလူကြီးနဲ့ စကားနောက် တရားပါနေပါ့ ပယ်နော် ကောင်မလေး'

'ဟဲ ဟဲ မမတာလဲ'

'ကိုင်း. . ကောင်မလေး ကိုယ့်အလုပ် ကိုယ်လုပ်တော ညည်းပဲ ညည်းအတွက် လူကြီးတစ်ယောက်ရှာဘို့ စဉ်းစားထား'

'ဒါတော့ မမရယ် အားကိုးလို့ကောင်းတဲ့လူမျိုးတွေ ရ တော့ ချစ်ချစ်မချစ်ချစ် သူချစ်ရင်ပြီးရောပဲ မျက်စေ့စုံမှိတ်လိုက် မယ်'

'ခွေးမလေး'





ပြောပြောဆိုဆို ရယ်ရယ်မောမော ပြောဆိုထွက်သွား သောခိုင်ဇင်သက်စကားက သူ့နှလုံးပဟိုချက်ကိုပြင်းထန်စွာရိုက် ခတ်သွားမှန်း သိမ့်သဘောပေါက်လိုက်သည်။

'ချစ်ချစ်မချစ်ချစ် သူချစ်ရင်ပြီးရောတဲ့လားမိခိုင်ရယ်'

*

နှလုံးသားအဟောင်းနဲ့လူကို မချစ်မိအောင်ကြိုးစားရင်း သိမ့်သူသူဇော် ပဲခူးမြို့ဘက်တွင် အမျိုးသမီးဖက်ရှင်ဆိုင်တစ်ခု အသစ်ထပ်မံဖွင့်လှစ်အောင် ကြိုးစားရင်းက အချိန် ၂ ပတ်တိတိ ကုန်ဆုံးသွားခဲ့သည်။စိတ်နှင့်စေတသိက်ကတော့ သူ့အကြောင်း သာ တရစ်ဝဲဝဲပေါ်လာ၏။ ညနေတိုင်း ပဲခူးကပြန်လာတိုင်းတော့ သူ့အလုပ်ရုံးခန်းရှိရာသို့ မကြာခဏဖုန်းဆက်မေးဖြစ်သည်။ မေး ခွန်းကတော့ 'ဘာထူးသေးလဲ၊ ဘယ်သူလာသေးလဲ၊ ဖုန်းဘယ်သူ ဆက်သေးလဲ'

တာဝန်ခံမန်နေဂျာက ပြန်ဖြေသည်က - ကုန်ဈေးနှုန်း ရောင်းအား၊ လာရောက်အားပေးသည့်မင်းသမီး၊မော်ဒယ်၊အဆို တော်၊ ဆက်သွယ်လာသည့် နိုင်ငံခြားဖက်ရှင်ဈေးကွက်မှ Fax



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဖုန်းများအကြောင်း။ သူသိလိုသည့်အကြောင်းအရာက မဟ
တကယ်ဆိုရင် ဘာမှပြဿနာတစ်စုံတစ်ရာမပေါ်ဘဲ သူ့အိမ်
နောက်ဆုံးညစာစားပွဲအပြီး ဒေါ်ဒေါ်ဆေးဆေးလမ်းခွဲခဲ့ကြ
၁ရက် ၂ရက်နေလျှင် သူ့ဘက်က အပူတပြင်းလိုက်လံစုံစမ်းသ
သည်။ သူ့ကို ဖုန်းနံပတ်များပေးမထားလို့များလားဟု သိမ့်ဓ
မိသည်၊ မဆိုင်။ တကယ်ဆိုရင်မိန်းကလေးတစ်ယောက်ကို ချ
မိသည့်ယောကျ်ားကသာ စတင်စုံစမ်းထိုးဖောက်ရမည် မဟု
ပါလား။ သူ့အိမ်ကိုသိ၏ မလာ။ သူ့ဆိုင်နှင့်ရုံးကိုသိ၏၊ မဆ
သွယ်။ကစားနေကျဘီလီယက်Clubကိုသိ၏။ ခြေဦး မလှည့်။

'တောက်'

ချစ်ခြင်း၏ပြင်းပြသောပုံတင်သံက သိမ့်နှုတ်မှခါးသီးစွ
ထွက်ပေါ်လာ၏။ ချစ်ဦးကိုသာတမ်းတနေသည့်သူ့အကြော
ကိုတွေးနေမိသည့် သူ့ကိုယ်သူ ဒေါသဖြစ်သဖြင့် တက်ခေါက်သ
ထွက်သွားခြင်းဖြစ်သည်။ သေသွားသော မိန်းမတစ်ယောက်
အချစ်ကိုပြိုင်မလုချင်တော့။ ထိုစဉ် သူ၏Nokia အမျိုးအစ
မိုဘိုင်းဖုန်းကလေးမြည်လာသည်။ တယ်လီဖုန်းဒိုင်ခွက်တွင်ပေ





ဟာသည့် နံပါတ်မှာ သူ့အတွက်စိမ်းနေသည်။ ခလုတ်ဖွင့်၍တုန့်
ပြန်သံပေးလိုက်သည်။

'ဟယ်လို'

'နှလုံးသားအင်ဂျင်စက်ကလေးတစ်လုံး ပြုပြင်ချင်လို့ပါ
ဒင်မှာ ကျေးဇူးပြုပြီး ကမ္ဘာပေါ်မှာ အတော်ဆုံးမက္ကင်းနစ်နဲ့တွေ့
ချင်ပါတယ်'

သူမသိစိတ်ရော သိစိတ်ကပါ တောင့်တနေသည့်အသံ

'ဝမ်းနည်းပါတယ်ရှင်. . ခက္ကင်းနစ်က ဘဝတစ်ပါးကို
ပြောင်းသွားပါပြီ'

'ဗျာ'

'မဗျာပါနဲ့ ရှင်ပြင်ချင်တယ်ဆိုရင် လိုက်သွားပါ'

'ဟုတ်တဲ့ လိုက်စရာမလိုတော့ပါဘူး အခု ကျွန်တော်
ဘဝတစ်ပါးမှာရောက်နေပါတယ်'

'တင်းဟင်း ရှင်က တတ်လည်းတတ်နိုင်တဲ့လူ'

'ကိုရဲလို့ မခေါ်တော့ဘူးလား'

'ခေါ်ချင်စိတ်မရှိတော့ဘူး ရှင် ဘာကြောင့် ပျောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ'

သိမ့်က ဦးခေါင်းစွတ်ခါလိုက်သည်။ သူတာလည်း တစ်ခါ ရှောင်နေမိသည် မဟုတ်ပါလား။

'ပျောက်နေတာ မဟုတ်ပါဘူး အလုပ်ကိစ္စနဲ့ ရွှေကျင်ဘက်သွားရင်းက လမ်းခုလယ်မှာ နှလုံးသားကိုပြုပြင်နိုင်တဲ့မကွက်နစ်ကိုတွေ့ခဲ့လို့ပါ'

'ဩော် ရှင်က ဒီလိုကိုး'

သိမ့်သူ့သူဇော် ဝမ်းနည်းသွားသည်။ တတ်လည်းတတ်နိုင်တဲ့ ယောက်ျားတွေ။ ခု တစ်ယောက် တွေ့ပြန်ပြီတဲ့။

'ဘယ်မှာတွေ့လဲလို့ မမေးတော့ဘူးလား'

'မေးစရာမလိုဘူးထင်တယ်'

သိမ့်မှာ အင်အားမရှိတော့။

ဖုန်းကိုပိတ်ရန်ကြိုးစားလိုက်သည်။ လက်က မရောက်။

'ပဲခူးမှာတွေ့ခဲ့တာလေ ရန်ကုန်မန္တလေးလမ်းမကြီးပေါ်မှာ မနေ့ကမနက်တမှာဖွင့်ထားတဲ့ သိမ်သိမ့်သူ့စတိုးဆိုင်ရှင်ပေါ့'

'သွား ရှင်မကောင်းဘူး'





ရင်ထဲမှ လှပ်ကနဲဖြစ်သွားအောင် စိတ်လှုပ်ရှားသွားသဖြင့် သိမ့် ဘယ်လက်ဖြင့် ရင်ဘတ်ကိုဖိလိုက်သည်။

'ရှင်အခုဘယ်မှာလဲ'

'ပဲခူးကဆက်နေတာ မနက်ဖြန် သိမ့်ပဲခူးလာဦးမလား'

'မလာဘူး' သိမ့် မုသားသုံးလိုက်သည်။

'ကိုယ်ဝမ်းနည်းတယ် သိမ့်မလာတော့ဘူးဆိုရင်'

'သိမ့်မလာရင် ရှင်ဘာလုပ်မှာလဲ'

'ကိုယ်လား နတ်ပြည်တက်တော့မယ်'

'နောက်မနေနဲ့'

'တကယ်ပြောတာ ခု ကိုယ် ပဲခူး ရွှေဝါထွန်းဟော်တယ်မှာရောက်နေတာ နိုင်ငံခြားသားတွေနဲ့အတူပေါ့ မနက်ဖြန် သူတို့က ရွှေကျင်ဘက်က ဗိုက်ကြီးမတောင်ကြောမှာ ခနောက်စိမ်းရှာကို ရောက်နေတာ'

'ဘာဆိုင်လဲ'

'ဆိုင်တာပေါ့ သိမ့်ပဲခူးမလာဘူးဆိုရင် ကိုယ်လည်း ပေ ၂၀၀၀ကျော်မြင့် ဗိုက်ကြီးမတောင်ကြောပေါ် တက်လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်'

'ကောင်းတာပေါ့ ကြဲကြဲဖန်ဖန် ဗိုက်ကြီးမတောင်ကြော တဲ့'

'ဒေသအခေါ် အဝေါ် ပေါ့ သိမ့်ရယ် အဝေးက လှမ်းကြည့်ရင် ကိုယ်ဝန်ဆောင်မိန်းမ ပက်လက်လှန်လဲနေတာနဲ့ တူလို့ ခေါ်တာလေ'

'ဟုတ်လား စိတ်ဝင်စားစရာပဲ သိမ့်လိုက်ချင်တယ်'

'မလိုက်ပါနဲ့ တောင်အတက်ဟွင် နာနှပ်နေရဦးမယ်'

'အံမာ သိမ့်ကို အထင်မသေးပါနဲ့ နေ့တိုင်း အနည်းဆုံး ၃မိုင်လောက် ကျော့ဝင်ပြေးနေတာ ကိုရဲသိသားနဲ့ '

'အထင်မသေးဝံ့ပါဘူးဗျား နောက်ဆိုခေါ်ပါမယ် ဒါဆို မနက်ဖြန် ပဲခူးလာဘို့ သေချာပြီပေါ့'

'သိဘူး'

သိမ့် နည်းနည်းမူလိုက်သည်။စိတ်ပြေချင်စိတ်ကိုမျိုသိပ်ပြီး Mobile phone ရဆီဗာတိုပိတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် မနက် ပဲခူးတွင် သူတို့နှစ်ဦးဆုံတွေ့ရမည်မဟုတ်ပါလား။ ။





အခန်း (၁၀)

'ဦးရဲလင်းဝင်း'

ကုမ္ပဏီမန်နေဂျာဘိုထွန်းကျော်က နံနက် (၅) နာရီခန့် ၌ လင်းရဲဝင်းအခန်းဘက် ကူးလာခဲ့သည်။

'လာထိုင် ကိုထွန်းကျော်'

'ကျွန်တော်တို့အဖွဲ့တွေ ခပ်စောစောပဲ ရွှေကျင်ဘက် ထွက်သွားရင် ကောင်းမလားလို့'

'ကောင်းသားပဲ ကျွန်တော်တော့ မလိုက်တော့ဘူး လာမဲ့ နက်မှာ ကိုထွန်းကျော်တို့နဲ့ ဒီပဲခူးမှာပဲ ပြန်ဆုံကြတာပေါ့'

'တိစ္ဆရှိလို့လား'

'အရေးကြီးပုဂ္ဂိုလ်တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ'

'ဘဝအတွက်ပေါ့ဗျာ'

'ဟား အိုကေ သဘောပေါက်ပြီ စိတ်ချပါ တောထဲက ကိစ္စတွေအားလုံး ကျွန်တော့် တာဝန်ထားလိုက်ပါ ဦးလင်းရဲဝင်း နောက်ဆံမတင်းပါနဲ့'

'ကျေးဇူးပါပဲဗျာ. . . ကျွန်တော်မလိုက်ဖြစ်တဲ့ ကိစ္စအ ကြောင်းရင်းကို ဒယ်ဒီသိရင် ခွင့်ပြုမှာပါ'

'အိုကေ'

အခန်းမှပြန်ထွက်သွားသော ကိုထွန်းကျော်၏ကျော ပြင်ကိုကြည့်ကာ လင်းရဲဝင်း သက်ပြင်းချလိုက်သည်။

'ဟင်း'

ယခင်က သူ့အနေနှင့် အလုပ်တာဝန်များကိုအားတက သရော ဆောင်ရွက်ခဲ့သည်။ ခုတော့ သူ့အပေါ် လွှမ်းမိုးထား သည့် မမြင်ရသောအင်အားတစ်ခုက သူ့ကိုဆွဲဆောင်ထားသည်

'သိမ့်'

သိမ့်သူသူဇော်သည် သူ့ဘဝ သူ့စိတ် နှလုံးသားရ





ကြည့်တည်ရှိရာဟာဒယနှလုံးအိမ်အတွင်းသို့ တိတ်တဆိတ်ခိုနား ဝင်ရောက်ခဲ့သည်။ တိတ်တဆိတ်လေးဝင်လာသော စွဲလမ်းစိတ် ကိုနေရာမပေးလို၍ အတင်းတွေ့ပတ်ရှောင်ပြေးနေသော်လည်း ချစ်စိတ်တို့သည် လက်ဆုပ်မျှသာရှိသောနှလုံးအိမ်လှိုဏ်ဂူထဲတွင် ဖုတ်မြစ်ချခိုင်အမာတည်ဆောက်နေသည်ကို သူရှောင်ပြေးနေ ခဲ့သော ၂ ပတ်တာကာလအတွင်းတွင် သိလိုက်ရသည်။

'ဘယ်လိုမှ မေ့ပစ်လို့ မရပါလားသိမ့်ရယ်'

*

နံနက် ၇ နာရီခန့်တွင် သူ ရွှေဝါထွန်းပော်တယ်မှ ခြေ လျင်လျှောက်ကာ သိမ့်သိမ့်သူဇက်ရှင်ရှော့ပ်သို့ လမ်းလျှောက် လာခဲ့သည်။ ဆိုင်ရှေ့တွင် သိမ့်၏ကားရပ်ထားသည်ကို မတွေ့ သဖြင့် မျက်စောင်းထိုးနေရာရှိ လ္ဘက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင် ထိုင်ကာ သိမ့်ကားအလာကို စောင့်ဆိုင်းနေလိုက်သည်။ သိမ့်၏ ဆိုင်သည် လက်ဝဲဘက် ရန်ကုန်အပြန်ယာဉ်ကြောတွင် ရှိသဖြင့် သူထိုင်နေမည့်လ္ဘက်ရည်ဆိုင်ရှေ့မှ သိမ့်ကား ကြိမ်းသေ ဖြတ် ကောင်းရမည်ကို သူမှန်းဆလိုက်သည်။ လင်းရဲဝင်း သိပ်မစောင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏ သိမ့်၏အဖြူရောင် မတ်ခ်တူးကားလေး သူ့ရှေ့မှ ဖြတ် သွားသည်။ ဆိုင်မှ ထထွက်လာခဲ့ပြီး သိမ့်၏စတိုးဆိုင်ရှေ့တွင် လက်ကလေးနောက်ပစ်ကာ ရပ်နေလိုက်သည်။ ကားလေး ဆိုင် ရှေ့တွင်ထိုးရပ်လိုက်သည်။သိမ့်က ဘေးဘယ်ညာကြည့်၏။လင်း ရဲဝင်း ကားဘေးတွင်ရပ်တာ တံခါးချပ်ကိုဆွဲဖွင့်ပေးလိုက်ရင်း

'စိတ်အလိုမကျဖြစ်ရတဲ့ရက်တွေကုန်ဆုံးတဲ့နေ့ပါပဲ သိမ့် ရယ်'

'ကိုရဲ'

သိမ့်၏ဝမ်းသာကြည်နူးမှုပုံရိပ်တို့ လင်းရဲဝင်း၏ နှလုံး သား ဒီဂျစ်တယ်ကင်မရာမှ တစ်သက်လုံး သိမ်းဆည်းနိုင်ရန် တဖြတ်ဖြတ် ရိုက်နေလိုက်သည်။

'သိမ့်ကို ကိုယ်သိပ်သတိရတာပဲ'

'သိမ့်လည်း ဒီလိုပါပဲ ကိုရဲကားကို ဆိုင်ရှေ့မှာ မတွေ့ တော့ ပိုဝမ်းနည်းသွားတယ် '

'လူရောက်နေပြီပဲ'

'ဒါအဓိကပဲလေ'





'ကဲ သိမ့် လုပ်စရာရှိတာလုပ် ကိုရဲစောင့်နေမယ်'

'အထဲလိုက်မဝင်တော့ဘူးလား'

'ကိုယ့်ကို အခြောက်ထင်မှာပေါ့'

'ဘာဆိုင်လဲ'

'အမျိုးသမီးဝတ် ဖက်ရှင်ဆိုင်လေ'

'ဟင်း ဟင်း ဟုတ်သားပဲ ဒါဖြင့် ၁၀ မိနစ်စောင့်'

'အမိန့်တော်မြတ်အတိုင်းပါ'

သူတို့နှစ်ဦး အပျော်တွေ စုနေကြသည်။ ၁၀ မိနစ်ပင် ကြာ သိမ့်ပြန်ထွက်လာသည်။

'မြန်လိုက်တာ'

'မြန်ဆို ဘာမှမလုပ်ခဲ့ဘူး ခဏနေမှပြန်လာခဲ့မယ် ပြော ပြီး ပြန်ထွက်ခဲ့တာလေ'

'သိမ္မာလိုက်တာ ပေး ကားသော့'

လင်းရဲဝင်း ကားသော့တောင်းပြီး ဒရိုင်ဘာခုံတွင် ဝင် ထိုင်လိုက်သည်။

'ဘယ်သွားမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဘေးခုံတွင် ထိုင်ရင်း သိမ့်မေးလိုက်သည်။

'ကမ္ဘာ အပြင်ဘက်'

'သွားလေ လိုက်မှာပဲ'

ကားကလေးမှာ သူတို့နှစ်ဦးကို သယ်ဆောင်ရင်း ...

မြို့ပြင်ဘက်သို့ ရောက်လာခဲ့သည်။

'၂ ပတ်လုံးလုံး ကိုရဲဘယ်သွားနေလဲ'

'ကိုယ် ပြောပြီးပြီလေ ရွှေကျင်ဘက်မှာ ခနောက်...

သတ္တုထုတ်ဖို့ နိုင်ငံခြားသားပညာရှင်တွေနဲ့ သတ္တုကြောလို...

ရှာနေတာလို့'

'ကိုယ်တိုင်သွားစရာလိုလို့လား'

'လိုတယ်လေ ကိုယ်က အလုပ်သမားပဲ ပိုင်ရှင်သူ...

မှ မဟုတ်တာ'

'ပိုပြီ ကိုရဲဟာလေ စကားပြောရင် အတက်ကလေး...

'အတက်ကလေး'

'ဟုတ်တယ်လေ အတက်ကလေးဝါတော့ နည်း...

လေးခွပ်လိုက်ရမှ '





'ကိုယ်က ကြွက်ဖကြီးပေါ့'

'ဟင်း ဟင်း မဆိုလိုပါဘူးရှင်'

'သိမ့်ကရော ဘာထူးလဲ ရန်ကုန် ပဲခူးပြေးလွှားနေရတာ

...ဟာဘူးလား'

'ကိုယ့်အပေါ် ဝရုမစိုက်တဲ့ လူတစ်ယောက်ကို မေ့ပစ်...

... အလုပ်တွေဖိလုပ်နေတာပါ'

'မေ့နိုင်လို့လား'

သိမ့်ငြိမ်သွားသည်။ ဖြေသင့်မဖြေသင့် သူ စဉ်းစားနေ...

...ည်။ ပြီးမှ

'ဘယ်ကို သွားနေတာလဲ'

'ရောက်တော့မှ သိမှာပေါ့ သိမ့်စိတ်ကို အရမ်းကြည်နူး...

...းအောင်လုပ်ဖို့ နေရာတစ်ခုကို ကိုယ်တွေ့ထားတယ်'

ပဲခူးမှအတော်ကျော်လာပြီး ပျဉ်ပုံကြီးကို ဝင်စ ပြုလာပြီ...

...သည်။

'မရောက်သေးဘူးလား ကိုရဲ သိပ်ဝေးဝေးသွားလို့မဖြစ်...

...နော် သိမ့်မှာ အလုပ်ရှိသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အလုပ်ကိစ္စ သိမ့်ဦးနှောက်ထဲကခဏထုတ်ထားလိုက်'

'ဘယ်ဖြစ်မလဲ ဒီအလုပ်နဲ့ ထမင်းစားနေရတာ'

'သနားစရာလေးနော် '

'သိမ့်ဆိုလိုတာ သိမ့်တစ်ယောက်ထဲအတွက် မဟုတ်ပါဘူး သိမ့်အလုပ်ကိုမှီခိုနေရတဲ့ အလုပ်သမားတွေအတွက်ပါပါတယ်'

'အားပါး'

လင်းရဲဝင်း သိမ့်ကို လေးစားသွားသည်။ သူဖခင် လေသံနှင့် တစ်ဖြတ်ထဲဖြစ်သည်။

'ဘာ အားပါးလဲ'

'ဪ သူ့ဘွေးမတွေလေသံက တစ်ဖြတ်ထဲပဲ ကိုယ့်ရဲ့ အမ်ဒီကြီးကလည်း ဟိုးလွန်ခဲ့တဲ့နှစ်တွေက ကိုယ့်ကို ဒီလိုပဲပြောဖူးတယ်'

'ကိုရဲ့အဖေပဲ မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်'

'ကိုရဲ့ အမ်ဒီဖြစ်ရင် ဘယ်လိုပြောမှာလဲ'





'သိမ့်တို့နဲ့ အမြင်ချင်းမတူဘူး'

'နားထောင်ကြည့်မယ်လေ

ကားကို ညာဘက်မြေနီလမ်းကို ချိုးကွေ့လိုက်ရင်းက

'ကိုယ်ကတော့ အလုပ်သမားတွေကို အပြန်အလှန်မှီခိုနေရတဲ့ လုပ်ဖော်ကိုင်ဖက်တွေအဖြစ်ပဲ မြင်တယ်'

'ပိုကောင်းတဲ့အတွေးအခေါ်ပဲပေါ့နော်'

မိုးယွန်းကြီးအင်း ဘေးမဲ့တော။

'ဟယ် ကွင်းပြင်ကြီးက အကျယ်ကြီး'

'ဟုတ်တယ်လေ ကားကို ဒီမှာရပ်ပြီး ရှေ့နားက နေရာလေးတစ်ခုသွားကြည့်ရအောင် ငှက်တွေ အများကြီးရှိတယ်'

'နိုင်ငံခြားသားတွေ များသလိုပဲ'

' ဟုတ်တယ် ဒီလိုကိစ္စမျိုးကို သူတို့လူမျိုးတွေသိပ်စိတ်ဝင်စားတတ်ကြတယ်လေ အနောက်နိုင်ငံသားအများစုပေါ့'

ငှက်ပေါင်းများစွာ လာရောက်ကျက်စားနေသည့် အင်းပြင်ကျယ်ကြီးကိုကြည့်ကာ သိမ့်စိတ်တို့ ကြည်နူးလန်းဆန်းလာက်ကြွနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'စက်လှေနဲ့ လိုက်ကြည့်မလား သိမ့်'

'ဟင် မကြည့်ချင်ဘူး ဒီလိုပဲကြည့်ရတာ ပိုကောင်းပါ
တယ် သိမ့်က ရေကြောက်တယ်'

'ဩော် ဒီလိုလား ကိုယ့်ကိုတော့ မကြောက်ဘူးပေါ့'

'ဟင့်အင်း မကြောက်ပါဘူး မကြောက်တဲ့အပြင်'

'မကြောက်တဲ့အပြင် ဘာဖြစ်လဲ'

'ဘာမှ မဖြစ်ပါဘူး'

'မကြောက်တဲ့အပြင် ချစ်တောင်ချစ်သေးတယ်လို့ပြော
လိုက်ပါလား သိမ့်ရယ်'

'အမ်မယ် လူလည်၊ သွား လူကို စပြီး ရည်းစားစကား
လာပြောခိုင်းနေတယ် တစ်သက်လုံးမပြောဘူး'

'သိမ့်ရယ် ကိုယ်က သိမ့်ကို သိပ်ပြီးချစ်နေမိတာပါ'

'မယုံပါစေနဲ့ရှင် ရှင်ကြီးရင်ထဲမှာ ကျွန်မမှာ မရှိတာ'

လင်းရဲဝင်း မိုးယွန်းကြီးအင်းသစ်သားတံတားလေးပေါ်
ရှိ ခုံတန်းကလေးတွင် ထိုင်လိုက်ရင်း

'ဟိုရေကန်စပ်က ငှက်ဖို ငှက်မ ၂ ကောင်ကို ကြည့်စမ်း





သိမ့်'

'ဘယ်မှာလဲ'

'ဟိုမှာလေ'

'အဖို အမရော ဟုတ်လို့လား'

'ဩော် ၂ကောင်ထဲ ခွဲထွက်မှာတော့ အဖိုနဲ့အမပဲပေါ့'

'ထားပါတော့ ဘာဖြစ်လဲပြော'

'သူတို့လည်း တိရစ္ဆာန်ပေမဲ့ တစ်ကောင်နဲ့ တစ်ကောင်
ချစ်ကြမှာပေါ့ သိမ့်ရယ် ကိုယ်လည်း အရင်ဘဝက ငှက်ဖို ဖြစ်ခဲ့
ရင် ခုဘဝမှာ အရင်ကကျန်ခဲ့တဲ့ ငှက်မကို သတိရပါ့မလား'

'ဒါကတော့ တိရစ္ဆာန်ကို ဘဝကလည်း ခြားသွားပြီဆို
တော့ ဘယ်သတိရပါ့မလဲ ကြိုးကြာငှက်ပုံပြင်လိုပေါ့ သူကြင်ဖော်
ကြိုးကြာဖိုကို ဘုရင့်သားတော်က လေးနဲ့ပစ်ချလိုက်လို့ ဝမ်းနည်း
ပြီး ဘုရင်ကြီးလာတိုင်တာတော့ ကြားဖူးတယ်'

သိမ့်က အားကျမခံ ပုံတိုပေစနှင့် ပြန်ချေပသည်။

လင်းရဲဝင်း ပြုံးလိုက်ရင်း

'ဒါဆို ဟိုးရှေးရှေးတုန်းက မိဖုရားကိုအရမ်းချစ်တဲ့ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအကြောင်း ပြောပြမယ်'

'ပြောပြ'

'ပုံပြင်မဟုတ်ဘူးနော် ဘုရားဟောဇာတ်တော်တစ်ပုဒ်'

'ပြောမှာသာ ပြောပါ'

'ဒီလိုသိမ့်ရဲ့ ဘုရားအလောင်းရသေ့ဘဝနဲ့ မင်းဥယျာဉ်တော်တစ်ခုမှာ သီတင်းသုံးတုန်းကပေါ့ ဘုရင်ကြီးမှာ အလွန်ချစ်ခင်မြတ်နိုးတော်မူတဲ့မိဖုရားတစ်ပါးရှိတယ် မိဘုရားနံမည်တဲ့ ဥပဒီမိဖုရားတဲ့'

'ဥပဒီ မိဖုရားတဲ့လား'

'အဲဒီမိဖုရားကြီးဟာ မာစ်နေ့မှာ ဥယျာဉ်တော်ထဲမှာပျော်ပါးရင်းက ရုတ်တရက်သေသွားတယ်'

'ဟယ် ဘုရင်ကြီးဆွေးပြီးပေါ့ ကိုရဲလို့ဖြစ်မှာပေါ့'

'ထားပါတော့ ကို ဆက်ပြောမယ် ဘုရင်ကြီးက မိဖုရားကိုမြတ်နိုးတော်မူတော့ နန်းထဲက သလွန်ပေါ်မှာ ဒီအတိုင်းထားတယ်'

'ဘယ်နှစ်ရက်ထားလဲ'





'အကြာကြီးပေါ့ ၃ ရက်ကျော်တော့ မိဖုရားကြီး နည်းနည်း နံချင်လာပြီး ၇ ရက်ကျော်တော့ တစ်နန်းတော်လုံး မခံမရပ်နိုင်အောင် နံတာပေါ့'

'အေးလေ ဟုတ်ပါရဲ့'

'ဘုရင်ကြီးကို မှူးကြီးမတ်ရာတွေက ဖျောင်းဖြတယ် မရဘူး နေ့စဉ် ထမင်းပို့ အနားသွားနေ မျက်ရည်ကျနဲ့ ဇာတ်ပွဲမှာဆို အသံတော်တော်ဝင်နေပြီ'

'ဟုတ်မယ် ဟုတ်မယ် နောက်တော့ကော'

'နောက်တော့ ဘုရင်ကို မနိုင်တာနဲ့ အမတ်တွေ ဘုရင်ကိုးကွယ်တဲ့ ဘုရားအလောင်းရသေ့ကြီးကို သွားလျှောက်တယ်'

'လျှောက်တော့'

'ဘုရင်ကြီးကို ဥယျာဉ်ထဲ ခေါ်ခိုင်းလိုက်တာပေါ့ ဒါနဲ့ ဘုရင်ကြီး ဥယျာဉ်ထဲလည်းရောက်လာရော ဘုရားအလောင်းရသေ့က လောကီဈာန်အဘိညာဉ်ရတဲ့ပုဂ္ဂိုလ် ဆိုတော့ ခုဆို မိဘုရားကြီး ဘယ်ဘုံရောက်နေလဲလို့ကြည့်လိုက်တော့ လားလား'

'ဘယ်ဘုံရောက်နေလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'သိမ့်က ဘယ်ရောက်နေမယ်ထင်လဲ'

'မိဖုရားဆိုတော့ တုံသိုလ်လေးဘာလေး လုပ်ဖူးတော့ နတ်ပြည်ဖြစ်ချင်ဖြစ်မှာပေါ့'

'ဘယ်က နတ်ပြည်ရောက်မှာလဲ လူလွန်းလို့ ဘုရင်တ အလိုလိုက် အပျော်အပါးမက် ပျော်ရင်ပါးရင်း သေတာဆိုတော့'

'ပြိတ္တာ ဖြစ်နေလား'

'ပိုဆိုးတယ် တိရိစ္ဆာန်ဘုံရောက်သွားတယ်'

'ဟိုငှက်ကလေးတွေလို့ပေါ့'

'မဟုတ်ဘူး ငှက်ဆိုရင် နည်းနည်းကဗျာဆန်သေးတယ် ခုဟာက အတော်ဆိုးတယ် ကျွဲချေးပိုးဖြစ်နေတာ'

'ဟယ် တကယ်'

'တကယ်ပေါ့ ဘုရားဟောပါဆိုနေမှ'

'ကန်တော့ ကန်တော့ ဆက်ပြောပါဦး သိမ့်စိတ်ဝင်စားလာပြီ'

'ဖြစ်တဲ့နေရာကလည်း သူသေခဲ့တဲ့ မင်းဥယျာဉ်ထဲမှာပဲ ဒါနဲ့ ဘုရင်ကြီးကိုခေါ် ကျွဲချေးပိုးကို ပြတယ် ဘုရားအလောင်း





ရသေ့ကြီးက ဖြတ်သောမင်းကြီး သင်ကသာ မိဘုရားကို သတိရပြီး မအိပ်နိုင်မစားနိုင်ဖြစ်နေတာ မိဖုရားက သင့်ကို သတိမရဘူးတဲ့၊ မင်းကြီးက အရှင်ဘုရား သူသတိရမှာပါ သူ့ဝိညာဉ်က ဟပည့်တော်အနားမှာပဲရှိနေမှာ အရှင့်တန်ခိုးတော်နဲ့ သိမှာပေါ့ တဲ့'

'အဲဒီတော့ ရသေ့ကြီးက ဘာပြောလဲ'

'ရသေ့ကြီးက မင်းကြီး ရှုလော့ ဒီကျွဲချေးပိုးမဟာ ဥပဒိ မိဖုရားကြီးဘဝက သွားတာပဲလို့ ဆိုလိုက်တော့ ဘုရင်ကြီး နည်းနည်း ဒေါပွသွားတယ် '

'ဘုရားအလောင်းကို ပြန်အော်ရောလား'

'အော်တော့ မအော်ရဲဘူးလေ ဆရာသမားကိုး၊ ဟာ ဆရာရသေ့ မဖြစ်နိုင်ပါဘူး ဒီလောက်လှတဲ့ ဥပဒိ ဘယ်လိုလုပ် ကျွဲချေးပိုးဖြစ်မှာလဲတဲ'

လင်းရဲဝင်း ပြောရင်း ခဏနားကာ သိမ့်ကို အကဲခတ်လိုက်သည်။ စိတ်ဝင်စားနေသော သိမ့်ကို ကြည့်ရင်းက

'သိမ့်ရော ဘုရင်ကြီးလို ယူဆသလား'



www.burmeseclassic.com

www.burmeseclassic.com



‘မယူဆပါဘူး ဘုရားဟောတဲ့ဟာ ယုံပါတယ်’

သူ့စကားနှင့် သူ့ကို ပြန်ချေပလိုက်သည်။

‘ဒီတော့ ရသေ့ကြီးက မယုံမရှိနဲ့ ဟောဟို နောက်ဖ လိုက်လာတဲ့ ကျွဲချေးပိုးအထီးဟာ သူ့ရဲ့ခင်ပွန်းသည်ပဲတဲ့ အဲဒီ လိုပြောလိုက်တော့ ဘုရင်ကြီး ပိုမယုံဖြစ်သွားတယ်’

‘ဒီတော့’

‘ဒီတော့ ရသေ့ကြီးက သူ့တန်ခိုးနဲ့ ကျွဲချေးပိုးကို ငါမေး ပြမယ် မင်း သူဖြေတာကို နားလည်အောင် ငါ့တန်ခိုးနဲ့ကြားစေရ မယ်လို့ပြောလိုက်တယ် ဘုရင်ကြီးကလည်း တောင်းပါပြီလို့ ဝန် ခံတယ် ဘုရားအလောင်းရသေ့ကြီးက မေးတယ်’

‘ဟဲ့ကျွဲချေးပိုးမ သင်အရင်ဘဝက ဘာလဲ ဒီတော့ ကျွဲ ချေးပိုးမက ကျွန်မအရင်ဘဝက ဒီတိုင်းပြည်ရဲ့ မိဖုရားကြီးဥပ ပါလို့ ဖြေတယ်’

‘ဘုရင်ကြီးရော ကြားလား’

‘ကြားတာပေါ့ ဘုရားအလောင်းရသေ့က ကြားအောင် တန်ခိုးနဲ့ဖန်ဆင်းပေးထားတာပေါ့ အဲဒီမှာ ဘုရင်ကြီးက မျက်





ရည်ကျတယ် ရသေ့ကြီးက မြင်တော့ မေးခွန်းတစ်ခု ဆက်မေး တယ် သင့်ဘဝဟောင်းက ဘုရင်ကြီးကိုချစ်သေးလားလို့ မေး လိုက်တယ်’

‘ကျွဲချေးပိုးမက ချစ်တယ်လို့ ပြန်ဖြေမှာပေါ့’

‘ဝေးသေး ကျွဲချေးပိုးမက မချစ်ပါဘူးတဲ့ မချစ်တဲ့အပြင် ဟောဒီက လင်တော်မောင် ကျွဲချေးပိုးအထီးရဲ့ ခြေချောင်းတွေ ဆေးဘို့ တတ်နိုင်ရင် ဘုရင်ကြီးရဲ့ လည်ချောင်းသွေးတွေကို ထောင်ဖောက်ပြီး ပေးလိုက်ချင်တယ်လို့ ပြောလိုက်ရတော့’

‘ဘုရင်ကြီး အတော်ကြေကွဲသွားမှာပေါ့’

‘ဒါပေါ့ ဘုရင်ကြီးလည်း နောင်တရပြီး နန်းတော်ထဲက အလောင်းကိုထုတ် မီးရှို့ နန်းတော်ကို ရေဆေး အမွှေးနံ့သာ တွေပက်ဖျန်း ဥပဒီရဲ့ပစ္စည်းတွေကို ဆင်းရဲသားတွေလှူ’

‘ကိုရဲရော လှူပြီးပြီလား’

‘လှူမယ်။ ဒီက ပြန်ရင် အကုန်လုံး လှူလိုက်တော့မယ် အတိတ်ရဲ့အရိပ်အားလုံးကို လှူလိုက်တော့မယ်’

‘ဇာတ်ပေါင်းတော့ ရှင်ဘုရင်ကြီးက ကိုရဲပေါ့’



www.burmeseclassic.com

www.burmeseclassic.com



'မနောက်နဲ့လေ ငရဲကြီးမယ် ဘုရင်ကြီးတ ရှင်အာနန္ဒာ အလောင်းလား မသိဘူး ဝါးတားတားပဲ'

'အစအဆုံးလည်း မသိဘဲနဲ့'

'ကြာတော့ မေ့ပြီလေ သိမ့်တို့ယ့်ကိုချစ်တယ်မှတ်လား'

'ဟယ်တော့ ဆိုင်းမဆင့်ပုံမဆင့်'

'အဲဒီစကားပြောချင်လို့ ဇာတာတွေဘာတွေချိုပြီး အမျိုးမျိုးနေရတာလေ'

'ဘုရင်ကြီးလို ဖြတ်နိုင်ရင်တော့'

'ချစ်တယ်ပေါ့'

လင်းရဲဝင်း၏ရင်ခွင်ထဲသို့ သိမ့်ခေါင်းကလေး တိုးဝင်ကာ တိုးတိုးကလေးဖြေလိုက်သည်။

'ဒီကစပြီး ချစ်ရတာပါ ကိုရယ်'

*





# အပိုင်း (၃)
# အနာဂတ် အရုဏ်ဦးကို တိမ်ဖုံးသောအခါ



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၁)

သိမ့်သူသူဇော်၏အိမ်အတွင်းဝယ် အဝေါ်ဖြစ်သူ ဒေါ်နု ...က်ပြီးမှုဖြစ်နေသည်။

'သူသူတစ်ယောက် ဘယ်ရောက်နေပါလိမ့်'

အတွေးရေယာဉ်ကြောတွင် စဉ်းစားရင်း ဖြစ်နိုင်ချေရှိ ...ည့်ဖုန်းနံပါတ်များကိုလိုက်နှိပ်သည်။

နောက်ဆုံး ပဲခူးဆိုင်သစ်တွင် ခြေရာခံမိသည်။

မရွှေချောက ဟိုတစ်နေ့က အိမ်ခေါ်လာသည့် သူမိတ် ...ပွအမျိုးသားနှင့်ထွက်သွားသည်တဲ့။

ဘယ်သွားမှန်း မသိ။

ဧည့်ခန်းရှိ တိုင်ကပ်နာရီကြီးကိုမော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓါ ညနေ ၅ နာရီတောင် ထိုးတော့မယ် ပြဿနာ

ဒေါ် နုခေါင်းကုတ်လိုက်ရင်း နံနက် သူသူ ထွက်သွား

၁နာရီခန့်တွင် လာသော မန္တလေးမှ သူသူအဘွား၏ ဖုန်းဖ

အသံကို ကြားယောင်လာမိသည်။

'သူသူဘယ်သွားမှန်းမသိရအောင် ညီးကသူသူ့အ

မဟုတ်ဘူးလား မိနုရဲ့'

'ဟုတ်'

'ဟုတ်လုပ်မနေနဲ့ ညီးသေသေချာချာ နားထောင်

မောင်ဝမ်းကွဲရဲ့သမီးဟာ သူသူ့ရဲ့ အဒေါ်ပဲ နောက်ဆို အ

ထွက်တာနဲ့တစ်ခါတည်းမေး။ ဘယ်သွားမယ် ဘာကိစ္စ ဘယ်

နဲ့လဲ၊ ဘယ်အချိန် ပြန်ရောက်မယ် ဒါတွေကို အကုန်မေး ကြ

လား'

'ဟုတ်ကဲ့ ကြားပါတယ် ကြီးကြီး'

'ကြားပြီးမေ့မပစ်နဲ့ ငါစကားပွဲမှာ တစ်နှစ်လောက်

ကုပြီးပြန်လာတာ ခုဆို ၂၀လောက်ရှိပြီး စာလေးဘာလေး

ဖော်မရဘူး တယ်လီဖုန်းလည်း မဆက်ဘူး'





'သူသူကို ကျွန်မ သတိပေးပါတယ် ကြီးကြီး'

'ဪ ညီးကစာမရေးတတ်ဘူးလား အကျိုးအကြောင်း

ေးမှာပေါ့ ဒီမှာ ရှင်းရှင်းပဲ ငါပြောမယ် ငါ သတင်းတစ်ခုရထား

ယ်'

'ဘာများလဲ ကြီးကြီး'

'ဘာများလဲ မလုပ်နဲ့ ငါမေးတာ မှန်မှန်ဖြေ။ ဘူးကွယ်

ယ်တော့ မကြံနဲ့'

'ဟုတ်'

'တစ်အချက်က ညီးတူမ အခုတလော အကောင်တစ်

ကောင်နဲ့တွဲနေတယ်'

'ရှင် ကြီးကြီး ဘာကောင်လဲ'

'ညီး အူကြောင်ကြောင် မလုပ်နဲ့ ဟုတ်လား မဟုတ်ဘူး

လား'

'ရှင် ကြောင်၊ အိမ်မှာ ကြောင်မမွေးဘူး ကြီးကြီး'

'ငါလေတယ် တစ်တစ်ခွခွပြောလိုက်ရရင်'

သူသူ့အဘွားဒေါ် တင်တင်ထက် ကျွဲမြီးတိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က သူမေးနေသည့် သူတူမဖြစ်သူ ဒေါ်နုသည် အလွန်ပ သားပြီး ဘာတစ်ခုမှ စပ်စုတတ်သူမဟုတ်မှန်း သူသိပုံရသည်။

'ကိုင်း ကိုင်း ထားတော့ ငါ ညနေ ညီးတူမ ပြန်လာရ အချိန် ဖုန်းထပ်ဆက်မယ် ဘယ်အချိန်ပြန်လာတတ်လဲ'

'ဟိုလေ'

'ညည်း မသိဘူး မတုတ်လား ကိုင်း ငါပဲ ဆုံးဖြတ်မယ် ရုံးချိန်ကုန်ပြီး အိမ်ပြန်ရောက်နိုင်တဲ့ ၅နာရီနဲ့ ၆နာရီကြား ဖုန်း ဆက်မယ် ဖုန်းအနားမှာ စောင့်နေ'

'ဟုတ်ကဲ့'

ဒေါ်နု စိတ်ရှုပ်သွားသည်။

ဒီမိန်းကလေး ခုတလော လုပ်ငန်းသစ်လုပ်နေသည်ဟု သာ သိရသည်။ ဘာလုပ်မှန်းမသိ။

သူ့ရုံးကို ဖုန်းဆက်မေးမှ ဝဲဒူးဟု သိရသည်။ ခုလည်း ၅ နာရီထိုးနေပြီ။ ပြန်မရောက်သေး။

သူသူ့အဘွား သူ၏ ကြီးကြီးကို တယ်လီဖုန်းထဲမှပင် စကားမပြောရဲ။





ဖုန်းသံမြည်လာမည့်အချိန်ကို ရင်တမမစောင့်နေသည်။ ဖုန်းကိုချထားသျှင် ကောင်းမည်ဟုစိတ်ကူးဆဲမှာပင် တယ်လီဖုန်း မြည်လာသည်။

ဒေါ်နု မရဲတရဲနှင့်တယ်လီဖုန်းခွက်ကို မ,ကိုင်ကာ နား ထောင်လိုက်သည်။ တစ်ဖက်မှ အသံမကြားမချင်း သူပြန်မထူး။ ကိုင်ထားလိုက်သည်။

တစ်ဘက်မှ

'ဟယ်လို ဒေါ်နုလား'

သူသူ့အသံကြားမှ ဒေါ်နု သက်ပြင်းချလိုက်နိုင်သည်။

'ဟင်း'

'ဒေါ်နုဘာယ်လို ဖြစ်နေတာလဲ ပြန်လည်းမထူးဘူး'

သူသူက စိတ်ပူသံဖြင့် မေးလာသည်။

'ဒီလို သူသူရဲ့'

ဖုန်းထဲမှ သူသူ့အဘွား ဖုန်းဆက်ပြီး သူ့ကိုရန်တွေ့သ ဖြင့် ဖုန်းမကိုင်ရဲကိုင်ရဲဖြင့် ကိုင်လိုက်ရပုံကို ရှင်းပြလိုက်သည်။

'ဟင်း ဟင်း ဟင်း ဒါများ ဒေါ်နုရယ် ဘွားဘွားကို ခွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက် ပြီးရော'

'အိုအေ မချွဲရပါဘူး နင့်အသွားက လွယ်တာ မဟုတ်ဘူး ခုလည်း နင်မရောက်သေးရင် ငါ့ကို ဘယ်လောက်ပွမ်းဦးမလဲ မသိဘူး'

'သူသူ့ Mobile နံပါတ်ပေးလိုက်ပါလား'

'ဘာ မုန့်ဘန်းလည်း ငါ မသိဘူး'

'ဒေါ်နုကလဲ သူသူကိုင်တဲ့ တိုဖုန်းအသေးလေးနံပါတ်ကို ပြောတာပါ'

'အိုအေ ရှုပ်တယ် နင်ပဲ မြန်မြန်ပြန်လာ ဘယ်အချိန်ရောက်မလဲ ကြီးကြီးကို ငါပြန်ချိန်းလိုက်မယ်'

'ခုလမ်းမှာလေ အင်းတိုင်ရောက်နေပြီ နေ့တက် ၁ နာရီဆိုတော့ ညနေ၆နာရီခွဲ ပြန်ရောက်မယ်'

'အေး အေး တော်သေးတာပေါ့ မယ်မင်းကြီးမ ဖုန်းဆက်ဖော်ရလို့'

'ဒေါ်နုကို မှာမလို့ ဖုန်းဆက်တာ ဒေါ်နုကောကြိုးကို နားထောင်ရတာနဲ့ မေ့တော့မလို့'





'အလိုတော် ထူးထူးဆန်းဆန်း ပြော ဘာမှာမလို့လဲ'

'ဒီလိုပါ အိမ်မှာ ညှော်သည်တစ်ယောက် ထမင်းကျွေးမလို့ စိတ်ထားတယ် အဲဒါ နည်းနည်းပိုပြီး ညစာကို ဖွယ်ဖွယ်ရာရာလုပ်ထားလိုက်ပါ'

'ဘယ်သူလဲ ဘယ်ကလဲ'

ဒေါ်နုက သူသူ့အသွားမေးလျှင် ဖြေရန်အတွက် မေးခွန်းများ ဆက်တိုက်မေးလိုက်သည်။

သို့သော် တစ်ဖက်မှ သိမ့်သူသူဖော်က ရယ်မောလျှက်ဖုန်းသိတ်သွားသည်။

'ခက်တဲ့ တောင်မလေးပဲ'

ဒေါ်နု ညည်းညည်းညူညူလုပ်ရင်း ဖုန်းခွက်ကို ပြန်ချပြီးဖိုခန်းဘက်ထွက်လာခဲ့သည်။

'ကလင် ကလင် ကလင်'

တယ်လီဖုန်းဘဲလ်သံက ဆူညံစွာ ပြန်မြည်လာသဖြင့်ကောက်ကိုင်လိုက်သည်။

'ဟဲလို'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲလိုလုပ်မနေနဲ့ မိနု ညည်းတူမပြန်ရောက်ပြီလား ဖုန်း ပေးလိုက်'

'ဗုဒ္ဓေါ'

ကြီးကြီး၏အသံ ဖုန်းထဲမှ မီးစနှင့်ထိုးသလိုဝင်ရောက် လာခဲ့သည်။

'ဟုတ် အာ မဟုတ်ေသးဘူး ကြီးကြီး မရောက်သေးဘူး'

'ကြည့်စမ်း ဖြစ်ချင်တိုင်း ဖြစ်နေကြတယ်ပေါ့ ခုကြည့် စမ်း ညနေ၆နာရီထိုးတော့မယ် မိန်းကလေးက အိမ်ပြန်မရောက် သေးဘူးတဲ့'

'ဒီလိုပါ ကြီးကြီး အခု သူဖွင့်ထားတဲ့ ပဲခူးဆိုင်သစ်က ပြန်လာနေပါပြီ ၆နာရီခွဲရောက်မယ်တဲ့ အဲဒါ'

'အဲဒါ လုပ်မနေနဲ့ ငါ ဖုန်းခဏခဏဆက်ရတာ အချိန် တုန်တယ်။ ရောက်ရင် မန္တလေးက ငါ့ဖုန်းကို လှမ်းပြီးခေါ်လိုက် ရောက်ရောက်ချင်း ခေါ်ခိုင်းနော် ဒါပဲ'

'ဂွပ်'

ဒေါ်တင်တင်ထက် မည်မျှ စိတ်တိုနေသည်မသိ။ ပန္တ





လေးမှ ဖုန်းချသံသည် ရန်ကုန်ရှိ သူ့ဖုန်းခွက်ထဲတွင် ကျယ်ကျယ် လောင်လောင် မြည်ဟီးသွားသည်။

'ဝူး'

ဒေါ်နု သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ သူတို့ ပြေးအဘွားဆက်၍ စခန်းသွားကြလိမ့်မည်။ သူ့ဝင်ငွေကြေး ကုန် သုံးပြီ မဟုတ်ပါလား။

※



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၂)

'သူသူရေ အဘွားက ရောက်ရောက်ချင်း မန္တလေးက သူ့ဆီကို ဖုန်းဆက်ပါတဲ့'

'ဟာ ဒေါ်နုကလဲ နားပါရစေဦး'

'မသိဘူး သူသူ့အဘွား ငါ့ကြီးတော်အမိန့်အတိုင်း ပြောရတာပဲ'

'အို သူသိတာမှတ်လို့ သူသူ ရေမိုးချိုးအဝတ်အစားလဲပြီးမှဆက်မယ်'

'သဘောပဲ ခုတောင် ၆ နာရီခွဲကျော်နေပြီ၊ ရေမိုးချိုးပြီး ၁၂နာရီဆိုရင်တော့ မိန်းကလေးက ဒီအချိန်မှပြန်လာရသလား ဘာလားနဲ့ ပွက်လောရိုက်သံကြားရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ဘာမှမပြောဘဲ ပန်းလေးတွန့်ကာ အိပ်ခန်းထဲပြေး ထွက်ခဲ့သည်။ အဘွားအကြောင်းသိပေမဲ့ သိပ်တော့မကြောက်လှ။ အဘွားက သူ့ချဲ့ရင် ရသည် မဟုတ်ပါလား။

'ဩော် ဒါနဲ့ ဒေါ်နုရေ ညေ့သည်အတွက် ဘာတွေစီစဉ်ထားသေးလဲ'

အပေါ်ထပ်သို့ပြေးတက်ရင်းက လမ်းခုလပ်တွင်ရပ်ပြီး သူသူမေးလိုက်သည်ကို ဒေါ်နုက ညစာအတွက် သူစီစဉ်ထားသောမီနူးကို ရွတ်ပြလိုက်သည်။

'အိုကေ ကောင်းတယ်'

သေချာနားထောင် မထောင်တော့ မသိ။ ဒေါ်နုရွတ်ပြသည့်မီနူးမဆုံးခင် ကောင်းတယ်ဆိုပြီး အပေါ်ထပ်သို့ဆက်ပြေးတက်သွားသော သိမ့်သူသူဇော်ကို ကြည့်ကာ ဒေါ်နုခေါင်းတွတ်ရင်း ညည်းလိုက်ပြန်သည်။

'အင်း ဒီကောင်မလေး ဘာဗျာများနေလဲ မသိဘူး'

နာရီဝက်ခန့်အကြာတွင် အိမ်အပေါ်ထပ်မှ ဆင်းလာသောသိမ့်သူသူဇော်ကိုကြည့်ကာ ဒေါ်နုမျက်လုံးပြူးရပြန်သည်။





'အာပါး ငါ့တူမကြီး အရမ်းလှနေပါလား ညေ့သည်က အရမ်းကို အရေးပါတယ်ထင်တယ်'

သိမ့်သူသူဇော်က ညိုညာဖြူဖွေးသော သွားကလေးများ ပေါ်အောင် ပြုံးလိုက်ပြီး

'ဒါပေါ့ ဒေါ်နုရဲ့ သိမ့်ဘဝမှာ အရေးအပါဆုံး လူတစ်ယောက်ကို ဒီနေ့ ထမင်းစားဖိတ်ထားတယ်လေ ဒါကြောင့် ဒီနေ့ အလှဆုံးဖြစ်ရမှာပေါ့'

'ဟိုတစ်ခါလာတဲ့ မောင်လင်းရဲဝင်း မဟုတ်တော့ဘူးလား'

သိမ့်က ခေါင်းကိုညိမ့်လိုက်သည်ပြီးမှ ခေါင်းကို တစ်ခါ ယပ်ခါပြလိုက်သည်။ ဒေါ်နု မျက်စေ့လည်သွားပြန်သည်။

'ဟင် နင့်ဥစ္စာက ခေါင်းညိမ့်လိုက် ခေါင်းခါလိုက်နဲ့ ငါ မျက်စိလည်သွားပြီ'

'ဟင်း ဟင်း ဟင်း ဟင်း'

စိတ်ရှုပ်ထွေးနေသော ဒေါ်နုကို ကြည့်ကာ သိမ့် ရယ်လိုက်ရင်း ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုတစ်ခါလာတဲ့ ကိုလင်းရဲဝင်းက သိမ့်နဲ့ မှိုးရိုးခင်ဝှ လူ။ ဒီတစ်ခါလာမယ့် ကိုလင်းရဲဝင်းက သိမ့်ရဲ့ အိမ်ထောင်ဖက် အဖြစ်ရွေးထားတဲ့ သိမ့်ချစ်သူ'

'ဘုရားရေ နာမည်တူနှစ်ယောက်ပေါ့'

'ဟင့်အင်း ထစ်ယောက်ထဲပဲ'

'ဒါဆို ညည်းအဘွား သဘောတူပါ့မလား'

'ဘာဆိုင်လို့လဲ'

'ဆိုင်တယ်လေ သူက မုဆိုးဖိုဆို'

'မုဆိုးဖို'

သိမ့် သံယောင်လိုက်ရင်း တွေတွေလေးဖြစ်သွားသည်။ သူ့အဘွား ခေါ်တင်တင်ထက်မျက်နှာကို မြင်ယောင်လာသည်။ မန္တလေးသူ ရတနာပုံခေတ်က မှူးကြီးမတ်ရာမျိုးရိုးဖြစ်၍ အလွန့် မာနကြီးသည်။

'ဒီမယ်မြေး မျိုးရိုးမကောင်းလို့က မယူနဲ့ ယောက်ျားမ လို့ ဘာမှမဖြစ်ဘူး အပျိုကြီးလုပ်။ ဂျင်နရေးရှင်းမှာ အဖေဘက် က အရေးကြီးတယ်။ နောက် ကိုယ့်အပျိုဘဝကို တန်ဘိုးထား။





ပွားရေးကို အောင်မြင်အောင်လုပ် အိမ်ထောင်ပြုမယ်ဆိုရင် ဘွားကို အရင်ဆုံးတိုင်ပင် အဘွားက သမီးရဲ့မိဘပဲ'

'ဟုတ်သားပဲ'

သိမ့်နှုတ်မှ ထွက်လာသည့် စကားကြောင့် ဒေါ်နု မျက် တောင်းထိုးရင်း မှတ်ချက်ပြုလိုက်သည်။

'ဟွန်း မိုးမမြင်လေမမြင်ဖြစ်ခဲ့ပြီး အခုမှ လန့်မနေနဲ့'

'အို သူသူက လန့်တာ မဟုတ်ပါဘူး အဘွားစကားကို ပ့နေလို့ပါ ခုလဲ အချိန်မလွန်သေးပါဘူး အဘွားဆီ ဖုန်းဆက် လိုက်မယ်'

သိမ့်သူသူဇော်က ပြောပြောဆို သူ့အဘွားဆီ ဖုန်းခေါ် လိုက်သည်။

'ဟယ်လို'

'. . .'

'ဘွားလား . . သမီးသူသူပါ'

'. . .'

အဘွားဖြစ်သူ၏ဩဝါဒကိုနာခံရင်း သိမ့် ဟုတ်ကဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အခြေအနေသိပ်ကောင်းပုံမရ။

သိမ့်သူသူဇော် မျက်နှာမကောင်း။ နောက်ဆုံးပြန်ပြ လိုက်သည့်စကားတစ်ခွန်းက

'ဩော် ဘွားရယ် သမီး အဲဒီလောက်မိုက်ပါ့မလား နဲ့က ရိုးရိုးတန်းတန်းခင်တာပါ'

'. . . . .'

'မနက်ဖြန် မလာနဲ့ဦး ဘွား သမီးအိမ်သစ်ကိစ္စက ပြ သားနေသေးတာ မဟုတ်ဘူး ဘွားနဲ့ အေးအေးဆေးဆေးမတွေ့နိုင်ဘူး'

'. . . . .'

'နောက် (၃/၄) ရက်ဆိုပြီးပါပြီ ဘွားရယ် သည်းခံနေ သည်းခံ ဟဲ ဟဲ'

'. . .'

'ဒါဆို ဘွား လာမဲ့သောကြာနေ့ လာခဲ့ဝေါ့'

'ကားနဲ့မလာနဲ့ ဘွားဝင်ပန်းမယ် လေယာဉ်နဲ့လာ သ လေဆိပ်လာကြိုမယ်'

'. . .'





'တုတ် ဟုတ် ဒါပဲနော် ဘွား'

မိုဘိုင်းဖုန်းကို ဆက်တီပေါ် ပစ်ချလိုက်ရင်းက သိမ့်သူသူ ဇော် ခြေပစ်လက်ပစ်ဖြစ်သွားသည်။

'ဋ္ဌး'

'တိုင်း ဘယ့်နှယ်ရှိစ ဘွားတော်က ကောလွတ်လိုက်ပြီ ဟုတ်လား'

'နီး နီး အကြံအိုက်သွားတာပဲရှိတယ် ဒေါ်နုရယ် ကြည့် လိုက်စမ်းပါဦး သိမ့်ကြံပါ့မယ်'

'ညီးလူနဲ့ သဘောမတူဘူး မဟုတ်လား'

'အလကား ဒေါ်နုရယ် ဘယ်မနာလိုတို့ရှုည်တွေက အခ မေတ္တာတုန်းပွဲစားလုပ်လိုက်လဲမသိဘူး ကိုရဲနဲ့သူသူ့အကြောင်း ကွ ဘွားကို သတင်းသွားပို့တယ်'

'နို့ မဟုတ်လို့လား'

'ဟင်း မှန်တာတွေပြောလို့ ခတ်ကုန်တာပေါ့'

စိတ်ပျက်လက်ပျက်လေးနှင့် ပြောပြီး လက်နှစ်ဖက်ဖြင့် းကိုထောက်လျှက် စိတ်အိုက်ဟန်ဖြင့်ငေးနေသော သိမ့်သူသူ



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကို ကြည့်ကာ ဒေါ်နုသနားသွားသည်။

'ကြီးကြီးတင်က ဘာတဲ့လဲ'

'နောက်အပတ်ဗုဒ္ဓဟူးနေ့ကို သူ ရန်ကုန်ဆင်းခဲ့မယ်တဲ့'

'ဒုက္ခပါပဲ'

ဒေါ်နု ငြီးလိုက်သည်။

ဒေါ်တင်တင်ထက် ရောက်လာလျှင် သူရော အရေး စားကြပ်မည် မဟုတ်ပါလား။

စနစ်ဇယားကျကျ သီးစီတ်စီတ်တတ်သည့် အွားဝေ ကြီး မဟုတ်ပါလား။

'သိမ့်ကို ကျေးဖူးတင်နေ့ာ် ဈေးဆစ်လိုက်လို့ နုင့်ပြ ရင် မနက်ဖြန်လာမလို့တဲ့ ဒေါ်နု ၅ ရက် ၆ ရက်လောက် ပိုသ သာသွားတယ်မှတ်ပါ'

'အေး အေး ကျေးဇူးရှင်မကြီးရယ် ကျေးဇူးကြေဝ တော် '

ဒေါ်နု ငေါင်ငေါ့လေးပြောရင်း အခန်းထဲ ဝင်သွားသ သိမ့်က





'အခန်းထဲဝင်နဲ့ဦးလေ ဒေါ်နု ညစာစားဖို့ ပြင်ပေးခဲ့ ပြီးမှ အေးအေးဆေးဆေးနုပ် ကိုရဲနဲ့တိုင်ပင်လိုက်ဦးမယ်'

'ညီးလှူက လာဦးမှာလား ခုပဲ ၇ နာရီကျော်နေပြီ'

'အို သူလည်း သိမ့်လိုပဲ ပဲခူးက ပြန်လာတာ နည်းနည်း တော့ နောက်ကျမှာပေါ့'

'ဘုရားရှေ့ ပဲခူးကာအတူပြန်လာပြီး ခုတစ်ခါထဲ ထမင်း စားစီတ်တယ်'

'ဟုတ်တယ်လေ ဘာပြုလို့လဲ'

'လွန်လွန်းတယ်လို့ ပြောရင် အပြစ်တင်ဦးမှာလား'

'အပြစ်တင်မှာပေါ့ ဒေါ်နုရဲ့ သူနဲ့ ဆိတ်ကွယ်ရာမှာချိန်း တွေ့တာမဟုတ်ဘူးလေ စကားပြောရတာ မဝလို့ အိမ်မှာ ညစာ စားရင်း ထပ်တွေ့ချင်သေးတာနဲ့ စီစဉ်လိုက်တာ ကြည့်လေ ခု အဲ့တော်ပဲဖြစ်သွားတယ်မှတ်လား အသွားအရေးက ပေါ်လာပြီ လေ။ သူနဲ့တိုင်ပင်ရမှာပေါ့ ကိုင်း လာ သူသူ ကူလုပ်ပေးပါမယ် ကကာထဲမှာပဲ အဲဒီဒေါ်နုတစ်ယောက်လေ'

သူ့အဒေါ်ဝမ်းကွဲကိုချော့မော့ရင်း မီးဖိုချောင်ဘက်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

အချိန်က ည ၈နာရီထိုးလုပြီဖြစ်သည်။ ကိုရဲနောက်ကျသင့်သည့်အချိန်ထက် ပိုနောက်ကျနေသဖြင့် သူစိတ်ပူသွားမိသည်တော့အမှန်။

*





## အခန်း (၁၃)

ဝဲဦးမှပြန်ရောက်ရောက်ချင်း ပူပူနွေးနွေးချစ်သူက မခွဲပါဘူး ဆို၍ ညစာစားရင်း ည ၁၂နာရီအထိ အဖော်လုပ်ပြီးပေးရန် ကမ်းလှမ်းလာသဖြင့် လင်းရဲဝင်း ရေမိုးချိုး အဝတ်စားသဲတာ တမန်းတာတန်းထွက်ရန် ပြင်လိုက်သည်။

‘ကလင် တလင် ကလင်’

ဧည့်ခန်းထဲမှိုစကားပြောကိရိယာက ဒေါသတကြီးအော်လာသဖြင့် စိတ်ပြေစေရန် ပြေးကိုင်လိုက်သည်။

‘ဟယ်လို’

‘ဖိုးရဲ’

ဖခင်ကြီး၏အသံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သား အခုပဲပြန်ရောက်တယ်ဖေဖေ'

'အေး မင်းက အရင်မဆက်တော့ ငါတစ်ပြီးဆက်သွ ရတာပေါ့ အခြေအနေဘယ်လိုလဲ'

လင်းရဲဝင်းက သတ္တုကြောရှာဖွေမှုအခြေအနေအ ရုပ်ကို ရှင်းပြလိုက်ပြီး

'သားနောက်အပတ်ဆို လိုက်သွားမှာပါ'

'အေး . လိုက်တာလည်း လိုက်ပေါ့ အလုပ်ကိစ္စ အရေးကြီးတဲ့ကိစ္စ မင်း အတောင်အထည်ဖော်ဘို့ ကြိုး ဦး သား'

'ဟင် ဘာလဲဖေဖေ'

'ဟေ့ကောင် ရွှေချင်ယောင်အောင်မနေနဲ့ မင်းတော လေးကိစ္စ အခြေအနေအရပ်ရပ် မင်းသိသလောက် ပြောစ မြေးချီချင်နေပြီ'

'ဟာဗျာ ဖေဖေတလဲ'

'ဟာဗျာ မလုပ်နဲ့ ဒီတစ်ခါမှ မင်းမအောင်မြင်ရင် ကို အရှင်လတ်လတ် TV ဖာက်လမ်းတွဲထဲပို့ပစ်မယ်'





'ဗျာ သား မင်းသားမလုပ်ချင်ပါဘူး ဖေဖေ'

'အေး စိတ်ချ မင်းသားတော့မလုပ်ရစေဘူး မိန်းမထိန်း လုပ်ရမယ် တုန်းတုန်းလုပ်ခိုင်းလိုက်မယ်'

'မကြဲကောင်းမစည်ရာ ဖေဖေရာ သား အောင်မြင်နေ ပါပြီ'

လင်းရဲဝင်းက သူနှင့်သိမ့်၏နောက်ဆုံးတိုးတက်မှုအခြေ အနေနှင့် ယခု သိမ့်၏အိမ်ကို ညစာသွားစားမည့်အကြောင်းကို ပါ ရှင်းပြလိုက်သည်။

'အေး တေးပေး ကောင်းတယ် ကောင်းတယ် နောက် ကြောင်းရှင်းတယ်နော်'

'စိတ်ချပါ ဖေဖေရာ မိန်းကလေးက. . . '

အလုပ်အကိုင် မျိုးရိုးနှင့် သွက်လက်ချက်ခြာအရည်အ ချင်းရှိ ကျန်းမာရေးကောင်းမွန်ပြည့်စုံပုံတို့ကို တစ်ပါတည်း အား တက်သရော ပြောပြလိုက်သည်။

'မဆိုးပါဘူးကွာ ဒါပေမဲ့ အုပ်ထိန်းသူ မရှိတော့ နည်း နည်းကိုင်တွယ်ရတာ ခက်မယ်ထင်တယ် ခုဟာက မင်းတို့ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင်စရာ မိဘနှစ်ပါးရှိတယ် သူ့မှာက ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်ပြီး လုပ်ငန်းကြီးတစ်ခုလုံးကို ဦးစီးနေတဲ့သူ'

'သူ့အဒေါ်တော့ ရှိပါတယ်'

'ဘယ်မှာနေလဲ'

'သူနဲ့ အတူပါ သား တစ်ခေါက်သွားတုန်းက တွေ့ဖူးလိုက်တယ်'

'သူ့အပေါ်မှာ လွှမ်းမိုးမှုရှိလား'

'ဟင့်အင်း အရုပ်ပါ။ သူ အဖော်ရအောင် လာနေပေးတာ သားသွားလည်တာတောင် ဘာမှ စပ်စပ်စုစုမလုပ်ဘူး'

'အေးလေ အခြေအနေအရပ်ရပ်ကို မနက် ဖေဖေ့ကို ဖုန်းနဲ့ ပြော တကယ်လို့ သားပြောသလို အုပ်ထိန်းသူ မရှိဘူးဆိုရင်တော့ ဖေဖေနဲ့မေမေ လာကြောင်းလမ်းပြီး တစ်ပတ်အတွင်း မင်္ဂလာဆောင်ပေးလိုက်မယ်'

'ဗျာ ဒီနေ့မှ ချစ်သူဖြစ်တာလေ ဖေဖေရဲ့'

'ငရဲ လျှာမရှည်နဲ့. . မင်း အစပျိုးနေတာ ကြာပြီ။ မင်း အသက်ပြန်ကြည့်ဦး ကောင်မလေးလည်း မငယ်တော့ဘူး စော





ေစာစီးစီး ရတနာယူမှ အသက်အန္တရာယ်မဖြစ်မှာ မိန်းကလေးက ၃၀ ကျော်ရင် အန္တရာယ်ရှိတယ် မင်း နားလည်လား ဒီည ကပြတ်ဆွေးနွေးခဲ့ ဒါပဲ'

လင်းရဲဝင်း ဟုတ်ကဲ့ဟုပင် ပြောချိန်မရလိုက်။ ဖခင်ကြီး ကစ်ဖက်သတ်အမိန့်ပေးကာ ဖုန်းချသွားသည်။ နာရီကြည့်လိုက်တော့ သူ့ Medo အမျိုးအစား လက်ပတ်နာရီလေးက ည ၈ ာရီ ၁၀မိနစ်ကို ညွှန်ပြနေသဖြင့် သိမ့်အိမ်သို့ ကမန်းကတန်း ကားမောင်းထွက်လာခဲ့သည်။

*

'သိမ့် မျက်နှာမကောင်းပါလား'

အလှဆုံးပြင်ထားသောသိမ့်၏ အိုနေသော ငိုမယောင် မျက်နှာထားကြောင့် လင်းရဲဝင်း မြင်မြင်ချင်း စိုးရိမ်တကြီး မေးလိုက်သည်။ သိမ့် သူ့ကိုမြင်တော့မှ ထိုင်ရာမှထပြီး ပြေးဖက်ကာ သူ့ရင်ခွင်ကို မှီ၍ငိုချလိုက်သည်။

'သိမ့်ရယ်'

ဘာဖြစ်သည်မသိပေမယ့် ငိုနေသောချစ်သူမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရင်ခွင်ထဲ ပွေ့ဖက်အားပေးရသော မွေးရာပါ တာဝန်ရှိသည်၊ ပုရိသ လင်းရဲဝင်းသည် သင်စရာမလိုသော အတတ်ပညာဖြင့် နှစ်သိမ့်ရင်း ချော့မော့လိုက်သည်။ ခေတ္တမျှငိုပြီးမှ သိမ့်မျက်ရည်သုတ်ရင်း ပြောလိုက်သည်။

'သိမ့်တို့ကိစ္စကို မန္တလေးက အဘွားသိသွားတယ်'

'ဘယ်လို သိမ့် အဘွားရှိတယ်'

'ဟုတ်တယ်လေ သိမ့်အဘွားက ကိုယ့်အကြောင်းမေးပြီး သဘောမတူဘူး လုပ်နေတယ်'

'ဘာလဲ မုဆိုးဖို မို့လား'

သိမ့်က ပြောရမှာ အားနာ၍ ခေါင်းကလေး ငြိမ့်ပြလိုက်လေသည်။

'ရှေးရိုးစွဲရှိတဲ့လူကြီးတွေကိုက ခက်ပါတယ်'

နှစ်ဦးသား ငြိမ်သွားကြပြီး ဧည့်ခန်းဆက်တီတွင် အသီးသီး ဝင်ထိုင်လိုက်ကြသည်။ ပြီးမှ သိမ့်က

'ကို ထမင်းစားတော့မလား'

'အင်း ထမင်းတော့ စားချင်စိတ် နည်းနည်းပျောက်





သွားတယ် သိမ့်မှာ အဘိုးရော အဘွားရောရှိသေးလား'

'အင်း အဘိုးက ရှိတော့ရှိတယ် ဒါပေမဲ့ လူတောထဲမှာ မနေတော့ဘူး'

'ဘယ်လို'

'ကြော် စစ်ကိုင်းမှာ ဇရပ်တစ်ဆောင်ဆောက်ပြီး ယောဂီဝတ်နေတာကိုပြောတာပါ'

'အဆက်အဆံ မရှိတော့ဘူးလား'

'ဥနှစ်လောက်ရှိပြီ တစ်ခါမှ ပြန်မလာဘူး။ သွားလည်း စကားတစ်ခွန်းနှစ်ခွန်းပြောပြီး ပြန်ခိုင်းလိုက်တယ်'

'ပြတ်ပြီပေါ့'

'သူက ဖြတ်လိုက်တာပါ'

'အဘွားကတော့ မပြတ်နိုင်သေးဘူးပေါ့'

'အဘွားကတော့ သုံးလလောက် သွားနေသေးတယ်။ သဘိုးနဲ့တော့မဟုတ်ဘူး ဝေဘူချောင်က ဆရာလေးတွေဇရပ်မှာ နေခဲ့တာတော့ ငါ့တလေးတွေကိုစိတ်မချပါဘူးဆိုပြီးပြန်လာတယ်'

'မန္တလေးမှာ အမျိုးတော်တော်များလား'



www.burmeseclassic.com

www.burmeseclassic.com



'အမေဘက်က တစ်ဆွေလုံး တစ်မျိုးလုံးပေါ့ အားလုံးကို အဘွားအုပ်ချုပ်ထားတာ'

'ဪ သိမ့်တောင် အဖေနဲ့မို့ လွတ်သွားတာပေါ့'

'ဟုတ်တယ် ဒါပေမဲ့ အဖေဆုံးတော့ အဘွားက သိမ့်ကို သူတို့နဲ့ လာနေပါပြောသေးတယ် သိမ့်က လက်မခံလို့ စိတ်ချိုး စကားမပြောတာ ၁နှစ်လောက်ကြာတယ် နောက် သူ နိုင်ငံခြားမှာ ဆေးသွားကုပြီးပြန်လာမှ စကားပြန်ပြောတာ ခုဟာက ကိုနဲ့ သတင်းရလို့ ဒေါပွပြီး ပြန်ဆက်သွယ်တာ'

'သိမ့် ဘယ်လိုလုပ်မယ် စိတ်ကူးလဲ'

'အဘွား နောက်အပတ် ဗုဒ္ဓဟူးမှာ သိမ့်ဆီ လာလိမ့်မယ် သူနဲ့အတူ အမေ့ညီမအငယ်ဆုံး အပျိုကြီးပါလာမယ် အင်ပတန်ပစိပစင်များတဲ့ အပျိုကြီးပေါ့ အဘွားရဲ့ လက်ကတုံးတောင်ဝှေးလေ'

'ဆိုးတာပေါ့'

'သိမ့်က အလုပ်ကိစ္စအကြောင်းပြပြီး ရှောင်နေရင် ဂတယ် ညဖက်တော့ မလွဲမသွေ ဒုက္ခခံရမှာပဲ ဒေါ်နုထွက်ပြေးရင်





တော့ ဒုက္ခပဲ'

'ဘယ်နှရက်လောက် နေမှာတဲ့လဲ သိမ့်'

'သိမ့်ကိစ္စရှင်းရှင်းလင်းလင်းဖြစ်ပြီဆိုတာသိရင် သူပြန်မယ်တဲ့ မဟုတ်ရင်တော့ သိမ့်နဲ့ပဲ အတူနေမယ်ဆိုလားပဲ'

'ဟာ ဒုက္ခပဲ'

'ဟုတ်တယ် အဲ့ဒါကို သိမ့်စိတ်ညစ်တာ အဘွားဆိုတော့လည်း ပြောရခက်နေကယ်'

'အိမ်ထောင်ချပေးမယ် ပြောသေးလား'

'ပြောတယ် ကိုရဲ မဟုတ်ဘူးဆိုရင် ရန်ကုန်က သူ့မိတ်ဆွေရဲ့မြေးနဲ့ နေရာချထားပေးမယ်တဲ့'

'သိမ့် မငြင်းလိုက်ဘူးလား'

'နေပါစေ ကိုရဲရယ် သိမ့်က ကလေးမှမဟုတ်တာ တူမွကာတစ်ခုရဲ့ပိုင်ရှင်ပါ ဒါပေမဲ့ အဘွားကိုတော့ မာနနဲ့မဆန့်ကျင်ချင်ဘူး'

'အချိုသတ်ပြီး စည်းရုံးရမှာပေါ့'

'ဟုတ်တယ် ကိုယ့်မှာ အိုင်ဒီယာရှိလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒီခေါင်းထဲက ထုတ်ရမှာပေါ့'

'မြန်မြန်ထုတ်လေ'

'အင်း ဒီခေါင်းက Bule label ၂ပတ်လောက် ဆိုရင်တော့ အကြံကောင်းထွက်ပါတယ်'

'သွား လူဆိုး လာ ထမင်းစားကြမယ် Blue ရော သပ္ပရော ရှိပါတယ်နော် ဟင်း ဟင်း'

သူတို့ ၂ ယောက် နည်းနည်းပေါ့ပါးသွားကြသည်။ တိုညက Blue label တန်ခိုးကြောင့် လင်းရဲ့ဝင်းခေါင်းမှ အလွန်ကောင်းသောအကြံဉာဏ်များ ထွက်လာခဲ့လေသည်။

*





အခန်း (၁၄)

'ဘာကွ မင်းကို သူ့အသွားက သဘောမတူဘူး ဟုတ်လား'

'အဲဒီသဘောပါပဲ ဖေဖေ သူနဲ့သား တွဲတာကို သူ့မြေးပါးကွဲတစ်ယောက် ရန်ကုန်လာတုန်းမှာသိသွားပြီး ပြောပြလိုက်တယ်လို့သိရတယ် အဓိကအချက်ကတော့ သားက မုဆိုးဖို သူ့မြေးက အပျိုစင်နုနုထွတ်ထွတ်လေးမို့ပေါ့ဖေဖေရယ် သူ့ဘက်က ကြည့်ရင်တော့ တရားပါတယ်'

'အင်း ဟုတ်ပါတယ်လေ ဒါပေမဲ့ ငါ့သားကလည်း သူနဲ့မှ ပြန်ပြီး ယောက်ျားပီသတာ ဆိုတော့'

'ဟာဗျာ ဖေဖေကလဲ သားက ဘယ်တုန်းက ခြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့လဲ'

'ဟေး ဟေး မင်းကိုယ့်ကိုမသိဘူးလား ခြောက်သွားတာ ၂ နှစ်ရှိပြီလေ'

'ဆိုးပါတယ်ဖေဖေရာ နောက်ကြောင်းပြန်မနေနဲ့ သား အင်ဂျင်ပေါင်းကိုစွန့်ပစ်လိုက်ပြီ သံရေကျိုမဲ့ ကုလားတောင် လာကောက်သွားပြီး ခု သားပြောတဲ့အစီအစဉ်မှာ ဖေဖေနဲ့ မေ မေက နည်းနည်းလေး သရုပ်ဆောင်ပေးရုံပါပဲ'

'အင်း ငါကလည်း ဟန်လင်းမျိုးဆက်ကို တည်တံ့စေ ချင်တော့ ကြိုးစားပြီးသရုပ်ဆောင်ပေးရမှာပေါ့ တစ်ခုတော့ ရှိ တယ်ကွာ မင်းအမေ ဒီပွဲမှာမပါရင် မရဘူးလား'

'ဘာဖြစ်လို့လဲ'

'ဟာကွာ မင်းအမေက ရိုးလွန်းတယ် အဘွားကြီး နည်း နည်း အစ်အောက်လိုက်တာနဲ့ ပေါ်သွားမယ်'

'ဒါဆိုရင် မယ်တော်ကြီးကို ဘယ်ပို့ထားရမှာလဲ'

'သီလရှင်ကျောင်းပေါ့ကွာ'

'ဘာရှင့်'





သားအဖနှစ်ဦးဆွေးနွေးပွဲသို့ ကြားဖြတ်နားထောင်ရင်း ပါသတကြီးဝင်အော်၍ အမေသည် ဆွေးနွေးပွဲကို ဝင်ရောက် ခဲ့သည်။

'ဒီမှာ ရှင်တို့သားအဖတွေ ဘာမဟုတ်တာလုပ်ချင်လို့ ကျွန်မကို သီလရှင်ကျောင်းပို့ဘို့ ကြံနေတာလဲ'

'မင်းကလဲကွာ'

'မင်းကလဲမလုပ်နဲ့ ရှင့်သဘောကျခွေးမရွေးပွဲမှာ ကျွန်မ ဝင်ပါဘူး သမီးဖြူ ရွေးချယ်တုန်းကလည်း ရှင့်သဘောပဲ မိန်းက လေးက ဆုံးသာသွားတယ် တော်ရှာပါတယ် ခုဟာက ကျွန်မဘာ ကရိုးရိုးသားသားနေတာကို မယ်သီလရှင်ကျောင်း ပို့မယ်လေး ဟာလေးနဲ့ ပြောစမ်းပါဦးရှင်'

'ဒီလိုပါ မေမေရယ် သားတို့က မေမေ့ကို စကားနဲ့ပို့တာ ပါ တကယ်မဟုတ်ပါဘူး'

'ဘယ်လို စကားနဲ့. .'

'ဟုတ်တယ် မယ်ခင်ရဲ့ မင်း သားကိစ္စကို စကားပြောတဲ့ ဒါ မိန်းကလေးအဘွားက အမေရောလို့ မေးရင် သီလရှင်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ၃နှစ်ရှိပြီ တရားအားထုတ်နေတာလို့ ဖြေခိုင်းလို မယ်'

'မိန်းမတောင်းတဲ့ကိစ္စ ကျွန်မ လိုက်လို့ရတာပဲဟာ'

'မဟုတ်ဘူး မိန်းမရေ့ အခုဟာက နည်းနည်းရှုပ်တ သားရေ မင်းအမေကို မင်းပဲရှင်းပြလိုက် ဒါမှလိပ်ပတ်လည်မ'

'ဒီလိုမေမေရဲ့ သိမ့်ရဲ့အဘွားနာမည်က ဒေါ်တင်တ ထက်တဲ့။ အဘွားကြီးက ရတနာပုံခေတ်က မှူးကြီးမတ်ရာမျိုး ဆိုလား ဘာဆိုလားက ဆင်းသက်လာတယ်ဆိုပြီး အသားလွ မာနကြီးနေတာ သိမ့်နဲ့ကိစ္စမှာ သားက မုဆိုးဖိုဖြစ်နေတော့ သူ့ပုန်ထပြီး သဘောမတူဘူးပြောတယ်'

'ဟုတ်တယ်လေ ငါလည်းသမီးရှင်ဆို ဒီလိုဖြစ်မှာပဲဟ'

'ဟော့ မယ်ခင် မင်းကြားဖြတ်ဖြတ်ပြီး ဝင်မပြောနဲ့ တေ ကြာ ဇာတ်ရည်မလည်ဖြစ်နေမယ်'

ဒေါ်ခင်ခင်လေး နှုတ်ပိတ် မျက်စောင်းထိုးလျှက်သ နားထောင်နေလိုက်သည်။

'အဲဒီတော့ သားရဲ့မိန်းကလေးက သားနဲ့သူ ဘာမှပ





ါဘူး ဆိုပြီး ဘူးကွယ်ထားလိုက်တယ်။ ဒီတော့ အဘွားကြီးက ုတ်မဟုတ် လာစုံစမ်းတယ် တကယ်လို့မဟုတ်ရင် ရန်ကုန်က ုမိတ်ဆွေ ဆွေကြီးမျိုးကြီးရဲ့မြေးနဲ့မိတ်ဆက်ပေးမယ်ပြောတယ်'

'သား ကျွန်ရစ်ဖြစ်မှာပဲ'

'မဖြစ်ပါဘူးမေမေရယ် အဘွားကြီးရဲ့ မိတ်ဆွေ ဆိုတာ ပိမ့်ကကြိုတင်စုံစမ်းလိုက်တော့ သူ့အမေနဲ့အဖေမင်္ဂလာဆောင် ုန်းက အဘွားကြီးနဲ့ နောက်ဆုံးအကြိမ်တွေ့ထားတာတဲ့'

'သေရော ဘယ်နှနှစ် ရှိပြီလဲ'

အဖေက နဖူးကို ရိုက်ရင်း ဝင်မေးလိုက်သည်။

'သူ့တစ်သက်ကျော်ကျော်ဆိုတော့ ၂၉ နှစ်လောက် ရှိ ရာပေါ့'

'အင်း ခုလောက်ဆို ရှိရောရှိသေးရဲ့လား'

'အရင်ကတော့ အင်းလျားလမ်းက သံလွင်လမ်းသွယ် ါမှာနေတယ် ပြောတာပဲ အခုသွားစုံစမ်းတော့ အိမ်ပိုင်ရှင်က ပြောင်းပြီး လွန်ခဲ့တဲ့၅နှစ်က နိုင်ငံခြားကိုအပြီးအပိုင်ထွက်သွားပြီ ု'



www.burmeseclassic.com

www.burmeseclassic.com



'အဘွားကြီးမိတ်ခွေ့ရော ဟုတ်ရဲ့လား'

'ဟုတ်တယ် ဖေဖေ ဦးနေမျိုးလင်း တဲ့၊ မင်းတုန်းဘ

ခေတ်က ပိုးထည်တိုက်ဝန်ရဲ့မြေးလား မြစ်လားပဲ'

'တီတွတ်လောက် ဖြစ်ရောပေါ့'

'အဲဒီအဘိုးကြီးဆုံးသွားပြီး သူ့သား ကျော်လင်းဟန်

တိုက်ကိုရောင်းပြီး ဩစတြေလျားကို ထွက်သွားတာ ၅နှစ်ရှိ

'ဒါဆို အဘွားကြီးက ဒီလူ ကျော်လင်းကို မြင်ဖူးမှာ

'မမြင်ဖူးပါဘူး ဖေဖေရာ သိမ့်အဖေနဲ့ အမေ မင်္ဂလ

ဆောင်တုန်းက ဦးကျော်လင်းက ဟန်နီးမွန်းထွက်သွားတယ်

ကြောင့် မင်္ဂလာပွဲကို သူတို့လင်မယားနှစ်ယောက်စလုံးပါ

ဘူး'

'အေး တော်သေးတာပေါ့'

'ဒါပေမဲ့ သားသမီးတွေ အိမ်ထောင်ကျတဲ့ရက် ပ

တော့ တစ်ဦးနဲ့တစ်ဦး မြေးသူမြေးပေး နှုတ်ကတိထားခဲ့ကြ

ပြောတာပဲ'

'သတင်းတယ်စုံပါလား'





'သိမ့်က မန္တလေးက သူ့အဒေါ်အပျိုကြီးကို အစ်လိုက်

တာလေ'

'ငါ့ချွေးမလောင်းက ဉာဏ်ကောင်းသားပဲ'

'သားရဲ့အိုင်ဒီယာလည်းပါ ပါတယ်'

'အေးဆက်ပြောဦး သား နားထောင်ကောင်းတယ်'

ဒေါ်ခင်ခင်လေး စိတ်ဝင်တစားဖြစ်လာသည်။

'အဲဒီလူကြီး ဦးနေမျိုးကျော်လင်း ဆုံးတုန်းက အိမ်မ

ရောင်းရသေးတော့ အဘွားကြီးက လူကိုယ်တိုင် ကျန်းမာရေးမ

ကောင်းအတွက် မလာနိုင်တဲ့အတွက် ခွင့်လွှတ်ပေးဘို့နဲ့ဝမ်းနည်း

ကြောင်း စာလွှာပါးလိုက်သေးတယ်ပြောတယ်'

'၅ နှစ်လောက်က ဆိုပါစို့'

'ဟုတ်တယ်ဖေဖေ အဲဒီနောက်တော့ သူ့သား ဦးကျော်

လင်းဟန်နဲ့ တစ်မိသားစုလုံး နိုင်ငံခြားထွက်သွားကြတာပဲ'

'အင်း ဒါဆိုရင်တော့ ဖြစ်နိုင်ပါတယ်'

'ဖြစ်နိုင်တာမဟုတ်ဘူး ဖေဖေ ဖြစ်ကိုဖြစ်မှာ အဲဒီအိမ်နဲ့

ခြံဝယ်လိုက်တဲ့လူက သံရုံးတစ်ရုံးကို ပြန်ငှားထားတယ် အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



သံရုံးအရာရှိတစ်ယောက်နေတယ် မနေ့က အဲဒီခြံစောင့်ကိုစည်းရုံးပြီးပြီ'

'ဘယ်လို'

'ဪ လွယ်ပါတယ်အဖေရယ် သားက ဦးကျော်လင်းဟန်ရဲ့သားပေါ့ အရင်က ဒီမှာနေခဲ့ဖူးတယ် မိတ်ဆွေတွေ လာမေးရင် ဒီလိပ်စာအတိုင်း လာခဲ့ပါလို့ နာမည်ကပ်တွေ ၁၀ ခုလောက် ပေးခဲ့တယ်'

'များလိုက်တဲ့ ဉာဏ်ကွာ'

'ဒါတင်မကဘူး ဖေဖေရဲ့ ပေးကမ်းခြင်းသည် အောင်မြင်ရာ ဆိုလို့ နေ့စောင့်၊ ညစောင့် နှစ်ယောက်စလုံးကို ငွေ ငါးထောင်စီ ပေးခဲ့သေးတယ်'

'အလိုတော် များလှချည်လား ၅၀ လောက်ဆို တော်ရောပေါ့'

'အမေကြီးရယ် ၅၀ ကျပ်နဲ့ ခင်ဗျားပဲ သုံးကြည့်ပါဦး'

'ကွမ်းလေးဘာလေး စားလို့ရတာပေါ့'

အမေကတော့ အိမ်ရှင်မထုံးစံအတိုင်း မကုန်သင့်သည်





ပကုန်ရအောင် ဘီးစိတ်လိုက်သည်။

'ဒါဆို အဘွားကြီးက တို့အိမ်ရောက်လာမှာပေါ့'

'ဟုတ်တယ်လေ'

'မင်းအမေကရော'

'အင်း အမေက သားတိုက်ခန်းမှာ ခဏ စတေးရှောင်ပေးပေါ့'

'အံမာ ငါ ကျဉ်းကျဉ်းကြပ်မနေနိုင်ပေါင်'

'ဒါဆို အမေ အဘွားကြီးကို မှင်သေသေနဲ့ညာပေါ့'

'အို မညာနိုင်ပေါင်'

'ဒါဆိုရင်လည်း ဒေါ်ခင်ခင်လေးရေ ခင်ဗျားက အိပ်ခန်းထဲ အိပ်နေပေတော့ဗျာ'

*

ဒေါ်တင်တင်ထက်မရောက်မီ တစ်ရက်အလိုတွင် သိမ့်ကို လင်းရဲဝင်းမိဘများနှင့် ဦးစွာပထမတွေ့ဆုံစေလိုက်သည်။

'မေမေ ဒါ သားရဲ့သိမ့်ပါ'

'အေးကွယ် သမီးသိမ့်ကို မေမေတို့တွေ့ဘို့ အထူးမျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်နေတာ'

'သမီးလည်း ဝမ်းသာပါတယ် အန်တီ'

'သိမ့်ကလည်း မေမေလို့ခေါ်လေ'

'အို'

သိမ့်ရှက်သွားသည်။

'ဟုတ်သားပဲ သားရယ် အခုမှတွေ့ကြတဲ့ဥစ္စာ နောက် တော့လည်း ရင်းနှီးလာရင်ခေါ်မှာပေါ့'

'ရင်းနှီးဘို့ အချိန်များများ မပေးနိုင်တဲ့အကြောင်း တော့ မင်းထည့်ပြောဘို့လိုမယ်လေ သားရဲ့'

ဧည့်ခန်းတွင်းသို့ဝင်လာသည့် ဦးဟန်လင်းက ဝင်ဝ ချင်း ဆောက်နဲ့ထွင်းလိုက်သည်။

'သိမ့် ဒါကိုရဲရဲ့ အဖေပါ'

'ဟုတ်ကဲ့'

'သမီး မရှက်နဲ့နော် ဖေဖေက ဒီကောင်ကြီးကို အပြ ဆုံး သမီးနဲ့လက်ထပ်ပေးချင်ပြီ'

'အဘွားကိစ္စ အဆင်ပြေရင်တော့ သမီး မငြင်းပါဘူ





ဖေဖေ'

'တွေ့လား အမေကြီး သမီးက ငါ့ကို ဖေဖေလို့ ခေါ် တယ်'

'အို မေမေ့ကိုလည်း ခေါ်မှာပါ ခုဟာက သမီးတွေ့စမို့ မှားသွားလို့ပါ'

'ဟေ့ အေးအေး ကောင်းတယ်ပေ့ ခုလိုပွင့်လင်းရဲတင်း တဲ့သမီးမျိုးမှ ဖေဖေက သဘောကျတာ ဟေ့ကောင်ငရဲ မင်းသာ သမီးအဘွားကို ပိုင်အောင်စည်းရုံးပေတော့'

'စိတ်ချပါ ဖေဖေ'

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၄)



www.burmeseclassic.com

www.burmeseclassic.com







တိမ်မည်းညိုတို့ လွင့်ပါးသည့် အရက်ဦး



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၅)

'အဘွား'

လေဆိပ်မှာ ကြိုရှဲခေါ် ဆောင်လာပြီးနောက် အဘွား ကို လမ်းတွင် သိမ့်သူသူဇော်က စကားစ,လိုက်သည်။

'အင်း ပြောလေ'

'ဟိုလေ အဘွားမိတ်ဆွေဆိုတာ ရှိသေးလား'

'ဟင့်အင်း မြေးကလည်း မရှိတော့ပါဘူးကွယ် လွန်ခဲ့တဲ့ ငါးနှစ်က ဆုံးရှာပါပြီ'

'အို အဘွားတကက် အသက်ကြီးမှာပေါ့'

'သိပ်တော့ မကြီးလှပါဘူးကွယ် အလွန်ဆုံး ၂နှစ် ၃နှစ် ပေါ့ အင်း. . . ကိုနေမျိုးကြီးတို့က မျိုးရိုးကောင်းတယ် ဆွေကြီး



www.burmeseclassic.com

www.burmeseclassic.com



မျိုးကြီးတွေကွဲ့ တို့များဘုရင်သီပေါမင်းရဲ့ ပိုးထည်တိုက်ဝန်ေ
ပဲ သူ့သားအငယ်တောင် မောင်ကျော်လင်းတော့ ရှိမယ်ထင်
တယ်'

'အဘွားလိပ်စာ သိလား'

'သိတာပေါ့ သမီးငယ်က မြေးကိုပြောမပြထားဘူးလား'

'ပြောတော့ပြထားတယ် ဒါပေမဲ့ ဘွားရယ် သမီးက သွ
လို့ သင့်ပါ့မလား'

'ဟုတ်တာပေါ့ မြေးပြောတာမှန်တယ် သူတို့က မျိုး
ဂုဏ်ကောင်းတယ်ဆိုပေမဲ့ အဘွားတို့ကလည်း အတွင်းတော်
ခစားရတဲ့ ဝန်စာရေးမျိုးရိုးတွေပဲ ဘယ်အောက်ကျခံလို့ဖြစ်မ
နောက် . . မြေးက မိန်းကလေးလေ'

ဒေါ်တင်တင်ထက်က ၇၀ ကျော်ပေမဲ့ မာန်မကျ
သည့်လေသံဖြင့် သိမ့်စကားကို ထောက်ခံလိုက်သည်။

'ဒါဆိုရင် ဘယ်လိုလုပ်မလဲ'

'ဟဲ့ တင်နန်းမြ နင် လိပ်စာမှတ်မိတယ်မဟုတ်လာ'

'ကားရှေ့ခန်းတွင်ထိုင်နေသော သူ့တူမအပျိုကြီး





ငင်နန်းမြကို လှမ်းမေးလိုက်သည်။

'မှတ်မိပါတယ် မယ်မယ် သံလွင်လမ်း၊ အိမ်အမှတ်က
( . . . )ပါ'

'အေး ကောင်းတယ် ဒရိုင်ဘာခေါ်ပြီး ဒီနေ့ပဲ သွား။
ဘွား ရောက်နေကြောင်းနဲ့ မောင်ကျော်လင်းကို တွေ့ချင်တဲ့
ကြောင်း ပြောလိုက်'

'အန်တီငယ်က ဦးကျော်လင်းနဲ့သိလို့လား'

'မြေးရယ် သူတို့က ငယ်သူချင်းတွေလေ'

'ရှင်'

'ဟင် မြေး ဘာဖြစ်လို့လဲ'

'ဟင့်အင်း ဘွား ဘာမှမဖြစ်ပါဘူး ဟိုလေ အပျိုကြီးက
ကတ္တျားလေးသူငယ်ချင်းရှိတယ်ဆိုလို့ အံ့သြသွားတာပါ'

သိမ့် အကြီးအကျယ်စိတ်အိုက်သွားသည်။ စနစ်တကျ
ချက်ချထားသည့် မဟာစီမံချက်သည် တက်တက်စင်အောင်
တော့သည်။

'မဖြစ်ဘူး မဖြစ်ဘူး ဒီကိစ္စကို ကိုရဲကိုရော ကိုရဲဖေဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဓမမေကိုပါအကြောင်းကြားထားရမယ်'

သိမ့်စိတ်ထဲမှ ကြိတ်၍ တေးထားလိုက်သည်။ သူတို့ ဝ

တွက်ကျန်သွားသည် မဟုတ်ပါလား။

'မြေးက ကိုနေမျိုးရဲ့မြေးကို တွေ့ဖူးချင်လို့လား'

'ဟင့် ဟင့် ဘာရယ်မဟုတ်ပါဘူးအဘွားရယ် ခွေ

မျိုးကြီးဂုဏ်ရည်တူဆိုတော့ အဘွားလိုလူက သဘောကျ

သိချင်တာပါ'

'ဒ႔င်း အဘွားတာတော့ မမြင်ဘူးပါဘူးကွယ် တင်နှ

ပြောတာကတော့ ကောင်လေးက လွန်ခဲ့တဲ့၆နှစ်လောက်က

ပွားရေးပညာဒေါက်တာဘွဲ့ယူထားတာတဲ့ နံမည်က ဧဓော

လင်း ဆိုလားပဲ'

'အင်း. . မှန်ကြောင် စာအုပ်ကြီးဖြစ်မှာပဲ တီယိ'

သိမ့်စိတ်ထဲမှာ အတွေးဖြင့်ပုံဖော်ကြည့်လိုက်သည်၊

သော် ထိုသတို့သားသည် သူနှင့် မည်သည့်အခါမှ ဆုံတွေ့

မည်မဟုတ်ကြောင်း စိတ်ထဲမှသိနေသဖြင့် ပြုံးလိုက်သည်။

'မြေးက အဘွားအပြောနဲ့တင် သဘောကျနေပြီ





ာယ်'

သိမ့်အပြုံးကို ခေါ်ထင်တင်ထက် သူ့အတွေးနှင့်သူစွတ်

ာင်လိုက်သည်။

'မြေးအဖေဆုံးတော့ ဘွားက မန္တလေးခေါ်တာကို လာ

းနေလို့ စိတ်မကောင်းဘူး တကယ်တော့ ငါ့မြေးက ငါ့သွေး ပါ

က သွေးချာတယ် ကြည့်၊ ခု မြေးအသက်ဘယ်လောက်'

'၂၈ နှစ်ပါ ဘွား'

'ဒီအသက်အရွယ်ထိ မျိုးရိုးဂုဏ်ကို ထိန်းသိမ်းပြီးတွေ့

ာရာလူတို့ မချစ်ခဲ့တာကြည့်'

'ဟုတ်တယ်ဘွားရဲ့ မြေးကတော့ ဘွားပြောပြီးကတည်း

ာမန့်အရုပ်သား တာလသား သူဌေးပေါက်စတွေလောက်ဆို

ပြောနဲ့ စပါးခွံပါပဲ'

'ဖွဲ့နဲ့ ဆန်ကွဲပါ သိမ့်ရဲ့'

အဖိုးကြီးက လှမ်းထောက်သည်။

'သိပါတယ် အန်တီငယ်ရဲ့ ပိုနိမ့်သွားအောင် ပြောလိုက်

ာ'



www.burmeseclassic.com

www.burmeseclassic.com



'အေး ဧပါး အေး ကောင်းတယ် ကောင်းတယ်'

ပင်တိုစိတ်နှင့် တခြားစီ ဟန်ဆောင်သရုပ်ဆောင်နေသော်လည်း သိမ့်မျှော်သလိုရှိလာသည်။ အသားလွှတ် ဘဝင်မြူးနေသောအတွေးတို့ကို သနားလာသည်။ ခေတ်နှင့် အံဝင်ခွင်ကျမရှိတော့။

'ဟယ်လို ကိုရဲလား'

'ပြော သိမ့် အခြေအနေကောင်းရဲ့လား'

'ဟင့်အင်း သိပ်မကောင်းဘူးကို ဒေါ်ငယ်က အဲဒီကျော်လင်းဆိုတဲ့လူကြီးရဲ့သူငယ်ချင်းတဲ့'

'ပြဿနာပဲ သူတို့ချင်း ရင်းရင်းနှီးနှီး သိကြတယ်ဆိုရင် ဘယ်လိုလုပ်ညာလို့ရတော့မလဲ'

'သိမ့်ကော့ စိတ်ညစ်လာပြီ'

ဖုန်းထဲမှ စိတ်ပျက်အားငယ်သောသိမ့်၏ အသံကို ကြားတောင်ရင်း လင်းရဲဝင်း စိတ်မကောင်းဖြစ်သွားသည်။

'သိမ့် ဒေါ်ငယ်က သူ့သားကို မြင်ဖူးတယ်တဲ့လား'

'အဲဒါတော့ သေသေချာချာ မသိဘူး'





'မေးထားလိုက်လေ ပြီးရင် ကိုယ့်ဆီ ဖုန်းပြန်ခေါ် ဖေဖေကို့ကိုပြောပြထားနှင့်မယ်'

'ကောင်းပြီလေ ကိုရဲ. . အကောင်းဆုံးအကြံဉာဏ်တွေထုတ်နော်'

'အင်းပါ'

ချစ်သူစိတ်ပျက်အားလျော့မှုမဖြစ်စေရေးအတွက် လင်းရဲဝင်း အကြံဉာဏ်များထပ်ထုတ်နေသည်။

မူလကတော့ ဦးနေမျိုးလင်း၏ သားတော်အငယ် ဦးကျော်လင်းအဖြစ် အဖေဖြစ်သူက ဟန်ဆောင်ကာ သူတို့ချစ်သူချင်းကိုပေးစားရန်စီစဉ်ထားခြင်းဖြစ်သော်လည်း ယခုမူ ဦးကျော်လင်း၏ငယ်သူငယ်ချင်းဖြစ်သူ ဒေါ်တင်နန်းမြခေါ် ဒေါ်ငယ်က ဟန်နှတ်မင်း၏ အစေအပါးတစ်ဦးပမာပေါ် ပေါက်လာခဲ့သည်။

'သားရေ ဘာတဲ့လဲကွ'

ရိုတ်ထား၍ထွက်ပြူကာစမုတ်ဆိတ်မွေးကို ပွတ်၍စဉ်းစားနေသောလင်းရဲဝင်းကို ဖခင်ဖြစ်သူက နောက်မှရောက်လာပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ပြဿနာတခုပေါ်လာလို့ ဖေဖေ’

‘ဖေဖေနားထောင်ကြည့်မယ်’

‘ဒီလိုဖေဖေ သိမ့်ရဲ့အဒေါ် အပျိုကြီး ဒေါ်တင်နန်းမြ (ခေါ်)ဒေါ်ငယ်က’

‘မင်းဟာက ဂုဏ်ပုဒ်တွေ များလိုက်တာကွာ’

‘ဟုတ်တဲ့ ဖေဖေ အဲဒီအပျိုကြီးက ဦးကျော်လင်းရဲ့ သူငယ်ချင်းတဲ့’

‘ဟေ ဟုတ်လား’

‘ဟုတ်တယ် ဒါကြောင့် ဖေဖေက ဦးကျော်လင်းအဖြစ် သရုပ်ဆောင်လို့ မရတော့ဘူး’

‘သူ့သား ဘယ်သူ စီးပွားရေး ပညာရှင်ဒေါက်တာခိုင်လင်းကိုရော မြင်ဖူးလား’

‘ဟင် ဖေဖေ သူ့သားရဲ့နာမည် ဘယ်လိုသိလဲ’

‘ဟင်း ဟင်း မင်းအဖေပါကွ မင်းထက် တစ်ကွက် ၂ ကွက်တော့ အမြဲသာတယ် မှတ်ထား ပြော ငါမေးတာကို’

‘အဲဒါ အခုမှ သိမ့်ကိုမေးခိုင်းထားတာ’





‘မမေးနဲ့ ခိုင်လင်းကိုလည်း မင်းတို့အဒေါ် အပျိုကြီး မြင်ဖူးတယ်’

‘ဗျာ ဒါဆို သွားပြီပေါ့’

‘ဘာသွားစရာလိုလဲ ငါ့သားရယ် မင်းကခြွေရရသာနေ သူတို့မြေးအဘွားတွေ တင်နန်းမြကို ခေါ်ပြီး ငါတို့အိမ်ရောက်လာတဲ့အခါ ငါ မီးစင်ကြည့်ကမယ်’

‘မေမေကရော’

‘မင်းအမေလား ပဝါနှစ်စ အသာချပြီး ဖေဖေ့ဘေးမှာသာ ထိုင်ခိုင်းလိုက်’

‘ဖြစ်ပါ့မလား’

‘ဟော့ကောင် ဟန်လင်း ရွှေသတ္တုရှာဖွေရေးကုမ္ပဏီကြီး တစ်ခုလုံးကို ဟော့ဒီခေါင်းနဲ့ကြံစည်တွေးခေါ်ပြီး ထူထောင်ထားတာ အနှစ်အစိတ်ကျော်နေပြီ မင်းမိန်းမတစ်ယောက်ရဘို့အရေး ငါ့အတွက် ထမင်းစားရေသောက်ပဲ တကတဲကွာ မိန်းမ မရဖူး ဟာကျနေတာ’

‘ဖေဖေကလဲ’



www.burmeseclassic.com

www.burmeseclassic.com



ဖခင်၏ကတိကြောင့် လင်းရဲဝင်းအားတက်သွားသည်၊ ထိုစဉ် သိမ့်ဆီမှ ဖုန်းဝင်လာသဖြင့်

'ဖေဖေပြောတဲ့အတိုင်းပဲ သိမ့်ကို ဆက်လုပ်ခိုင်းလိုက်မယ်နော်'

'အေးပေါ့ကွာ မူလအစီအစဉ်အတိုင်းပဲ မပျက်ဘူးလို့' တယ်လီဖုန်းခလုတ်ငြိနှိပ်၍ လင်းရဲဝင်းထွေးလိုက်သည်။

'သိမ့်လား'

'ဟုတ်တယ် ဒုက္ခပဲ ကို ဒေါ်ငယ်က မောင်ခိုင်လင်းကို နိုင်ငံခြားသွား ပညာသင်ပြန်လာတုန်းက အခု သံလွ . .ဝမ်းအိမ်မှာ သွားနှုတ်ဆက်ဖူးတယ်တဲ့'

'မောင်ခိုင်လင်းဆိုတာ သိမ့်နဲ့ သဘောတူနဲ့ငနဲကိုပြောတာ မဟုတ်လား'

'ဟုတ်တယ် ဒေါ်ငယ်ပြောတာ မှန်ကြောင်း တဲ့၊ ခိဂရို မျက်မှန်အထူကြီးတပ်ထားတာ ကိုယ်နဲ့ဘယ်လိုမှမတူဘူး ဘယ်လိုလုပ်မလဲ'

'ဘယ်လိုမှမလုပ်နဲ့ သိမ့် မူလအစီအစဉ်အတိုင်းပဲ ဘရိုင်





ဘာနဲ့ သိမ့်ဒေါ်ငယ်အဖျိုကြီးဒေါ်စပ်စုကို သံလွင်လမ်းအိမ်လွှတ်လိုက်'

. 'လွှတ်လိုက်ရင် ကိုယ့်တို့အိမ်ဆက်လမ်းညွှန်မှာပေါ့ သူနဲ့သိတဲ့လူတွေ မဟုတ်ရင် ကျိုင်ပဲ ကိုရေ'

'လာပါစေ လာတာမှာ သိမ့် ဒေါ်ငယ်တင်မဟုတ်ဘူး အဘွားရော သိမ့်ပါ လိုက်ခဲ့'

'ဘာတွေ လျှောက်လုပ်ဦးမလို့လဲ ကို ပိုဆိုးသွားမယ်'

'စိတ်ချပါ ကို စီစဉ်တာမဟုတ်ဘူး ဖေဖေစီစဉ်တာ အားလုံးအဆင်ပြေရစေမယ်လို့ တာဝန်ယူထားတယ်'

· 'ကိုရယ် သေချာရဲ့လား အဘွားစိတ်က ပြတ်တယ်နော် နောက်ပြီး သိမ့်တွေးသလိုမဟုတ်ဘူး သေသေချာချာစီစဉ်ခဲ့တာ'

သိမ့်ဖုန်းထဲမှအားလျှော့သံဖြင့် ပြောလာသည်ကို လင်းရဲဝင်းအားပေးနေရသဖြင့် ဦးဟန်လင်း ဖုန်းတောင်းလိုက်သည်။

'သားရေ ဖုန်းပေးစမ်း သမီးကိုဖေဖေနှစ်သိမ့်လိုက်မယ်'

'သိမ့်ရေ ဖေဖေ ပြောမယ်တဲ့'

'ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



'သမီးရေ ဒီမှာ ဘာမှမပူနဲ့ အိမ်ကိုသာ မနက်ဖြန်လာခဲ့ ဒီနေ့ မူလအစီအစဉ်အတိုင်း သမီးအဒေါ်ကို သံလွင်လမ်း လွှတ်လိုက်။ ကျော်လင်းမဟုတ်တော့လည်း ကျော်လင်းအစ်ကို ဟန်လင်းပေါ့ သမီးရယ် ဒီလောက်ဆို သမီးသဘောပေါက်'

'ဟုတ် ဖေဖေ သမီး သဘောပေါက်ပြီ ဝမ်းသာတယ် အဲဒီအစီအစဉ် ပိုကောင်းမှာပါ ဒါပဲနော် ကိုရဲနဲ့ ခဏလောက် ဖေဖေ'

'ပြောလေသိမ့်'

'ကိုရဲလား သိမ့်စိတ်ချပြီ ဘိုင်ဘိုင်နော် ကိုရဲအဖေက ကိုရဲထက် အပုံကြီးညက်ပြေးတယ်သိလား'

'ကို့ဖေဖေကိုး'

'သွား လိပ်မျိုး ဖုန်းပိတ်လိုက်တော့'

ပြောပြောဆိုဆို သိမ့်ဖုန်းချလိုက်သွားသည်။ လင်းရဲဝင်း ဦးဟန်လင်းဖက်သို့ လှည့်ကာ

'ဖေဖေ တကယ်ပဲ ဦးကျော်လင်း အစ်ကိုအဖြစ် ဟန်ဆောင်မှာလား သားကရော'





'မင်းက ငါ့သားပဲ ငါ့သားအဖြစ်အမှန်အတိုင်းနေ လင်းရဲဝင်းဟာ ဦးဟန်လင်းရဲ့သားပဲ'

လင်းရဲဝင်း စိတ်ရှုပ်သွားသည်။

ဖေဖေ့စီစဉ်မှုကို သူ နားမလည်။ သိမ့်အဘွားက သူနာမည် သိထားသည် မဟုတ်ပါလား။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၆)

သံလွင်လမ်းရှိ ဦးနေမျိုးလင်း၏ အိမ်ကြီးတံခါးဝတွင် ကားရပ်လိုက်စဉ် ဒေါ်ငယ်(ခေါ်)ဒေါ်တင်နုန်းမြက ပါဝါဝင်းဒိုး ခလုပ်ကိုနှိပ်ပြီး ကားမှန်ချ၍ ခေါင်းပြူကြည့်လိုက်သည်။

အဆင်အပြင်က ပြောင်းနေသည်။ ကြေးဝါဆိုင်းဘုတ်ဖြင့် အင်္ဂလိပ်စာများကိုဖတ်ကြည့်နေခိုက်တွင် အစောင့်တစ်ဦးက ပြေးလာခဲ့သည်။

'ဘာကိစ္စ ရှိပါသလဲခင်ဗျာ'

'ဟိုလေ ဒီအိမ်က ဦးကျော်လင်းတို့မှာ'

'ဩော် ဒါလား အစ်မကြီး ဦးကျော်လင်းတို့ ဒီတိုက်ကို ရောင်းပြီး ပြောင်းသွားကြပါပြီခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့လိပ်စာများ သိရမလား'

'ဟုတ်ကဲ့ အသိမိတ်ဆွေများလာရင် ဆက်သွယ်လို့ရအောင် လိပ်စာကပ်ကလေးတွေ ကျွန်တော်တို့ကို ပေးထားပါတယ်ခင်ဗျာ'

'ဪ ဒီလိုတော့လည်း ဦးကျော်လင်းတို့က စေ့စပ်သားပဲ ဘယ်မှာလဲရှင်'

'ဪ ဒီမှာပါခင်ဗျာ'

အစောင့်က တရိုတသေလိပ်စာကဒ်ကလေးထုတ်ပေးလိုက်သည်။

'ရှင်တို့က လူမှုရေးတော်တော်နားလည်ကြတာပဲနော်'

'ဟဲ ဟဲ ငွေကြောင့်လေ အာ မဟုတ်ဘူး ကျွန်တော်တို့အကျင့်ကိုကောင်းတာပါ အဟဲ'

အစောင့်က ငွေရထားသဖြင့်တာဝန်ကျေပွန်မှုကို နှုတ်မှ ရုတ်တရက်ထွက်လာသောစကားကို တမန်းကတန်း ဘရိတ်အုပ်ကာ ဖြေလိုက်သည်။

'ကဲ ရှိပါစေတော့ သွားပြီနော်'





ကားကို နောက်ဆုတ်ကာ ဝူးကနဲထွက်ခွာသွားသည်ကို ကြည့်ပြီး အစောင့်က

'ကပ်စေးနည်းမကြီး . . ဘောက်ဆူးလေးဘာလေး ချသွားဘူး ဆရာလေးနဲ့ တခြားစီပဲ'

*

ရေရွှတ်ကာ ကျန်ခဲ့သည်။ မတွေ့လျှင်ပြန်လာခဲ့ဟုဒေါ်ခင်တင်ထက် အမိန့်ပေးလိုက်သည့်အတိုင်း ဒေါ်တင်နန်းမြ ပြန်လာခဲ့သည်။

'တွေ့ခဲ့လား သမီးငယ်'

'ပြောင်းသွားကြပြီးတဲ့ မယ်မယ်'

'ဟင် ဟုတ်လား ဘယ်ကိုများလဲ'

'သမီးလည်း သေချာမမေးတော့ပါဘူး လိပ်စာကဒ်တစ်ခုတော့ ရခဲ့တယ် မျက်မှန်ပါမသွားတာနဲ့ မဖတ်ရသေးဘူး'

'မြေးရေ လာ ဖတ်စမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



အဘွားက သူ့ကို စစ်ကူလှမ်းခေါ်သဖြင့် သိမ့်အကြို တွေ့သွားသည်။

ရွှေမှ ဦးကျော်လင်းဆိုသည့် နာမည်ကိုမဖတ်ဘဲ လိ စာကို တိုက်ရိုက်ဖတ်ပြလိုက်သည်။

'မြေးအိမ်နဲ့ သိပ်မဝေးပါဘူး သမီးငယ် ထပ်သွားလို မလား'

'ဟုတ်ကဲ့ မယ်မယ်'

'ဟာ ဘွားကလဲ ဒေါ်လေးငယ် ပင်ပန်းလာတဲ့ဟာ နာ ပါစေ မနက်ဖြန်ကျမှာ မြေးတို့ (၃)ယောက်လုံး အတူတူ သွာ မယ်လေ'

'ဟေ့ မြေးပြောတော့ မိန်းမချေးကျမယ်ဆို'

'ဟုတ်သားပဲ သိမ့် အန်တီငယ်ပဲ အရင်သွားလိုက်မ'

'ဘာဆိုင်လဲ ဘွားနဲ့ဒေါ်ငယ်ကလဲ ခုဟာက မိတ်ဆွေ ချင်းတွေ့လို့ ရန်ကုန်လာလည်တဲ့ ဒေါ်ငယ်ကို တူမဖြစ်တဲ့ သိမ့် က လိုက်ပို့တာ အဘွားလည်း ပါတာပေါ့'

'အေး ဒီလိုသဘောမျိုးဆို ပိုကောင်းတယ် မြေးလည်း





လူငယ်ချင်းတွေ့ပြီး အကဲခတ်လို့ရတာပေါ့ ဒါပေမဲ့မြေးသဘော နော် ဘွားက အတင်းအကြပ်မလုပ်ဘူး'

အရေးထဲမှာဘွားတော်က အသားလွတ်သဘောကောင်း နေသဖြင့် သိမ့် ရယ်ချင်သွားသည်။ သို့သော် မျက်နှာပိုးသတ် ကာ -

'ဘွားရယ် ရွှေဘုရင်နန်းတော်ထဲမှာ ခစားလာတဲ့ မျိုးရိုး ပဲ ဘယ်ညံ့မလဲ မဟာမဆန်တဲ့ ရုပ်မျိုးဆိုရင် လုံးဝပဲ'

'ဒါဆိုရင်တော့ သွားပြီထင်တယ် မယ်မယ် အတင်းမေး စားရမယ်'

'ဘာဖြစ်လို့ သမီးငယ်'

'မောင်ခိုင်လင်းက ရုပ်တော့ချောပါရဲ့ ပါဝါမျက်မှန်က အထူကြီးနဲ့ စာဂျပိုးရုပ် လုံးဝမဟာမဆန်ဘူး'

'အိုအေ မြေးသဘောပါ မယူလည်းနေပေါ့ တို့က မိတ် ပြဆွေပြု သွားလည်တဲ့သဘောပဲဟာ ဟုတ်တယ် မဟုတ်လား မြေး'

တယ်လီဖုန်းထဲတွင် ဆူပူ ကြိမ်းမောင်းခဲ့သလောက်



www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် တမြေးထဲမြေး ဖြစ်နေသော အဘွားကို ကြည့်ကာ၊ သိမ့် လိမ်ရမှာစိတ်မလုံဖြစ်မိသည်။

သို့သော် ခုချိန်ထိတော့ သူ မလိမ်သေးပါ။

တကာယ်တန်း လိပ်စာဟစ်ခုသာ လှည့်ကွက်လုပ်ထားပါသေးသည် မဟုတ်ပါလော။

*





## အခန်း (၁၇)

အလှဆုံးပြင်ထားသည့် သိမ့်သူ့သူဇော်ကို ကြည့်ကာ အဘွား ကျေနပ်နေသည်။

‘ဟော့ သမီးငယ် မြေးရဲ့အလှကို ကြည့်စမ်းပါဦး တို့မျိုးရိုးထဲမှာ အလှဆုံးလို့ပြောရမယ် ထင်တယ်’

‘ဟုတ်တယ် မယ်မယ် ဒုတိယအလှဆုံးပေါ့’

‘အံ့မယ် ညီးက ပထမက ဘယ်သူလဲ’

‘ဟိုလေ မယ်မယ်ပေါ့’

‘သွား ကောင်မလေး အမေကိုလာမြှောက်နေပြန်ပြီ ငါ အဘွားကြီး အသက် ၇၀ ကျော်ပါပြီကွယ်’

အဘွားက သူ့သမီးအငယ်ဆုံး၏ မြှောက်လုံးကို ပြုံး



www.burmeseclassic.com

www.burmeseclassic.com



သလိုလိုဖြင့် လက်ခံလိုက်သည်။ ဒါကြောင့် ဒီသမီးကို လက်ချဲ ဖြစ်နေတာပဲဟု သိမ့်မှတ်ချက်ချလိုက်သည်။

'ကိုင်းပါ ဘွားတို့ ဒေါ်ငယ်တို့ မြောက်လုံးတွေနဲ့ ကိုယ့် အမျိုးဂုဏ်မြှင့်မနေကြပါနဲ့ သွားကြရအောင်လေ'

'နေပါဦး မြေးရယ် ဘယ်လိုဖြစ်နေတာလဲ တက်ကြွလှ ချည်လား ရိုးမှရိုးရဲ့လား'

ဒေါ်တင်တင်ထက်က စူးရှသောမျက်လုံးအစုံဖြင့်ကြည့် ရင်း သုံးသပ်လိုက်သည်။

ဟုတ်ပေသားပဲ။

သူတစ်ဦးတည်းသာ အဝတ်လဲရသေးသည်။

ကျန်လူများက နံနက်စာတော်ဖိသောက်တုန်းပင်။

စကားနည်းသော ဒေါ်နုကပင်

'သူသူ ထတာ့စောလှည်ချည်လား။ အဝတ်အစား တောင် လဲပြီးပြီ ခါတိုင်း အလုပ်မရှိရင် စနာရီလောက်မှ ထပြီး တော့'

'ဩော် ဒေါ်နုကလဲ ဘွားတို့ ဒေါ်ငယ်တို့တွေ့ချင်တဲ့





ပါတ်ချွေဆီကို မြန်မြန်လိုက်ပို့ဖို့က သူသူ့တာဝန်လေ သူ့ဘာ့က တာဝန်ရှိနေရင် အမြဲဘာတက်ကြွတယ်ဆိုတာ ဒေါ်နုသိသားနဲ့'

'အေး ဟုတ်သားပဲ ငါမြေးက အမြဲတန်းတာဝန်ကို ဦး စားပေးတတ်တယ် တင်နန်းမြ မြန်မြန်ပြင် ငါအဘွားကြီးကတော့ နည်းနည်းပါးပါးငဲ'

နည်းနည်းပါးပါးဟုသာ ပြောသော်လည်း အခန်းထဲမှ နောက်ဆုံးထွက်လာသူက ဒေါ်တင်ဗိုင်ထက်ပင်ဖြစ်သည်။

ရှိသမျှ ရွှေပေါင်းလက်ဝတ်ရတနာ အဘိုးတန်များကို ညှတ်နေအောင် ဝတ်ထားသည်။

'ကိုင်း လာပေါ့ သွားကြမယ် မြေး အိမ်လိပ်စာသိတယ် နော် ဒရိုင်ဘာ မခေါ်ဘူးလား'

'ဘွားတလဲ ဒရိုင်ဘာက အလုပ်ပိတ်ရက်ဆို မလာတော့ ဘူး ဒီနေ့ Sundayလေ'

'အေး ဟုတ်သားပဲ ဒါပေမဲ့. . မြေးက ကားမောင်းတာ ကျွမ်းရဲ့လား'

'ဘွားရယ် သမီးက မမောင်းချင်လို့ပါ ဒရိုင်ဘာကိုမော



www.burmeseclassic.com

www.burmeseclassic.com



ဒွေးထက်တော့ သာပါတယ်'

'အေး အေး ပြီးရော'

အမှန်တော့ အေးအေးဆေးဆေးနေချင်၍ ဒရိုင်ဘာကို အလုပ် ၁ရက် တမင်အနားပေးလိုက်ခြင်း ဖြစ်သည်။ အတယ် ၌ အဘွားက မေးမြန်းလာပါက လင်းရဲဝင်းကိုမြင်ဖူးထားသော ဒရိုင်ဘာကြီးက လိမ်ညာတတ်မည်မဟုတ်၍ ကြိုတင်တာတွယ် ခြင်းလည်းပါသည်။

ကားကိုကျွမ်းကျင်စွာမောင်းနှင်ရင်း ဦးဟန်လင်းတို့အိမ် ရှေ့ကို ကွေ့ဝင်ရင်း ခြံဝ၌ ဟွန်းတီးလိုက်သည်။

'အင်း သူသူ့ကြည့်ရတာ ဒီအိမ်နေရာကိုရောက်ဖူးသ လိုပဲနော်'

စပ်စုပြီးသံသယများလှသည့်အပျိုကြီးဒေါ်ငယ်က မှတ် ချက်ပေးသည်။

'ဩော် ဒေါ်ငယ်ရယ် ရန်ကုန်မြို့မှာ စီးပွားရေးလုပ်နေ တဲ့သူဘဲ ဒီလိုကြေးရတတ်တွေနေတဲ့ရပ်ကွက်မျိုးကို မကြာခဏ ရောက်ဖူးတာပေါ့ သူသူ့ သူငယ်ချင်းတွေ ဒီရပ်ကွက်ထဲမှာ ၂





ယောက်လောက်ရှိတယ် ကာစတန်မှာ ၁ ယောက်'

ခပ်တည်တည်နှင့် ဖိန့်ဖိန့်ပြုလုပ်လိုက်မှ ဒေါ်ငယ် ငြိမ် သွားသည်။

သို့သော် ခဏသာ။ အပြေးအလွှား တံခါးလာဖွင့်သည့် ဒရဝမ်ကိုကြည့်ကာ မှတ်ချက်ပြုလိုက်သေးသည်။

'နည်းနည်းပါးပါးမေးမြန်းပြီးမှတံခါးမဖွင့်ဘူး တော်တော် စိတ်မချရတဲ့ ဒရဝမ်ပဲ'

သိမ့် ဘာမျှ မပြောတော့။

နောက်ခုံတွင် မိန့်မိန့်ကြီးထိုင်လာသည့်ဘွားက သူသမီး စကားကို ထောက်ခံလိုက်သေးသည်။

'အေးလေ'

ပေါ်တီခုံအောက်တွင် ရင်ခုန်စွာဖြင့် ကားကိုဖြေးညင်း စွာ ရပ်လိုက်သည်။

အိမ်ပေါက်ဝတွင်ရပ်နေသူက ကိုရဲ၏ ဖခင်ကြီး။

ဒေါ်တင်တင်ထက်၏တံခါးကို ဆွဲဖွင့်ရင်းက

'ဘယ်သူနဲ့များ တွေ့ချင်လို့ပါလဲခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးစွာ မေးလိုက်သည်။

အဘွားတ ဦးဟန်လင်းကို ပြုံးလျှက် မော့ကြည့်ပြီး

'အေးကွယ် အမေက ကိုနေမျိုးအောင်ရဲ့သား မောင်ကျော်လင်းနဲ့တွေ့ချင်လို့ပါ တူမောင်က မောင်ကျော်လင်းလား'.

'မဟုတ်ပါဘူးခင်ဗျာ ကျွန်တော်တ သူ့အစ်ကိုကြီး ဟန်လင်းပါ မောင်ကျော်လင်းတို့က ဩစတြေလျားကို အပြီးထွက်သွားပါပြီ'

မထင်မှတ်သောစကား ပြောလိုက်သဖြင့် သိမ့် အံ့အားသင့်သွားသည်။

သို့သော် ဦးဟန်လင်း ပုံစံမပျက်သဖြင့် ရင်ဖိုစွာ တံခါးဖွင့်၍ ကားအောက်သို့ဆင်းလိုက်သည်။

'အထဲကြွပါ ခင်ဗျာ'

ဦးဟန်လင်း ဦးဆောင်က အိမ်ထဲသို့ ဝင်ရန် ဖိတ်ခေါ်လိုက်သည်။

'ထိုင်ကြပါခင်ဗျာ'

ဧည့်ခန်းတွင် လင်းရဲဝင်း၏အမေက အပြုံးနှင့် ဆီးကြို





သည်။ အဘွားက မထိုင်သေးဘဲ ဧည့်ခန်းတွင် ချိတ်ထားသော ခန့်ညားသော ခေါင်းပေါင်းဝတ်ဖြင့် အဘိုးကြီးဓာတ်ပုံကို မော့ကြည့်ကာ

'အေးကွယ် ကိုနေမျိုးရဲ့သားအကြီးဆုံးရှိတယ်လို့ ကြားလိုက်တယ် နောက်ပိုင်းတော့ သတင်းပျောက်သွားတာ တိုက်တိုက်ဆိုင်ဆိုင် ခုမှ လာတွေ့ရတယ် ဒါ ကိုနေမျိုးမဆုံးခင် ရိုက်သွားတဲ့ ဓာတ်ပုံကြီးထင်တယ်'

'ဟုတ်ပါတယ်ခင်ဗျာ ငယ်ငယ်က ဖေဖေ သဘောမတူတဲ့ ဟောဒီက သားတို့အမေကိုယူခဲ့မိလို့ ဖေဖေဆုံးတဲ့အထိ တွေ့ခွင့်မရခဲ့ပါဘူး ဒွေးတော်'

'အေးကွယ် ကိုနေမျိုးက စိတ်ကကြီးသား ဒါနဲ့သားတို့ အမေဆိုတော့ သားသမီးဘယ်နှယောက်ရှိပြီလဲကွဲ့'

'တစ်ယောက်ထဲပါ ဒွေးတော်'

'သားရေ ဖိုးရဲ'

လင်းရဲဝင်း၏မိခင်ကြီးက လှမ်းခေါ်လိုက်သည့်အတွက် အခန်းထဲမှ ထွက်လာသော လင်းရဲဝင်းကို ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



'ခန့်ချောပဲကွယ် မြေးလေးက အသက်ဘယ်လောက်ရှိပြီလဲ'

'ကျွန်တော် ၃၃ နှစ်ပါခင်ဗျာ'

သိမ့်မျက်စိလည်နေသည် သားအမိသားအဖ ၃ ဦး၏ အကာယ်ဒမီရှော့ခ် သရုပ်ဆောင်ချက်များက ပီပြင်နေသည်။

ထို့အတွက်

'အန်တယ်တို့ခြံထဲမှာ ပန်းတွေ အရမ်းလှတာပဲနော်'

စကားလမ်းခင်းလိုက်သည်။

BURMESE CLASSIC .com

အကင်းပါးသော ဦးဟန်လင်းက

'သားရေ သားညီမလေးကို ခြံထဲလိုက်ပြလိုက်ပါလား'

'ဟုတ်ကဲ့ ဖေဖေ'

သို့သော် အလိုက်မသိသော ဒေါ်ငယ်က

'အတော်ပဲ ဒေါ်ငယ်လည်းလိုက်မယ် ပန်းဆို စိတ်ဝင်စားတယ်'

'တင်နန်းမြ တို့လူကြီးတွေ စကားမပြတ်သေးဘူးလေ နောက်မှလိုက်သွား ခုခဏထိုင်ဦး'





အလိုက်သိသော ဘွားကြောင့် ဒေါ်ငယ် ပြန်ထိုင်သွားသည်။

ဒီတစ်ချီ ဒေါ်ငယ်ဖောင်းဖြစ်ပြီး အဝါကပ်အပြခံလိုက်ရသဖြင့် သိမ့်ကျေနပ်သွားသည်။

'သိမ့်အဒေါ်ငယ် အပျိုကြီးကတော့လေ သိမ့် ပြောတဲ့အတိုင်းပဲ'

'ဟုတ်ပါရဲ့ ဒါနဲ့ ကိုတို့သားအဖတွေ ဘယ်လိုက ဘယ်လိုအကြံအဖန်လုပ်ပြီး ဦးနေမျိုးလင်းရဲ့ဓာတ်ပုံကြီး ချိတ်ထားနိုင်တာလဲ သိမ့်တော့ မျက်စေ့လည်သွားတာပဲ'

'အံ့ဩစရာကောင်းတဲ့ တိုက်ဆိုင်မှုပေါ့ သိမ့်ပြောပြကတည်းက အဖေကသိတယ် ကိုယ်ကိုတောင်ဖွင့်မပြောဘူး ဒီနေ့မနက်မှ ပြောပြတာ'

'ခုနက ဖေဖေပြောတဲ့ ဇာတ်လမ်းက အမှန်ပေါ့'

'ဒါပေါ့ ဦးနေမျိုးလင်းက ကိုယ့်အဘိုးအရင်းပဲ'

'ဒါပေမဲ့'

သိမ့်ပြောပြီး မျက်နှာအိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မုဆိုးဖိုကီစွလား အင်း ဒါတော့ ဖေဖေ ဘယ်လိုပြောမလဲ မသိဘူး ငါ အဆင်ပြေအောင်စီမံပါမယ်လို့ ပြောတာပဲ'

'ဟင်း'

သိမ့် သတ်မောရှည်ကို ခပ်လေးလေး ချရင်း ငြိမ်နေလိုက်သည်။ ခြံအတွင်း၌ နာရီဝက်ခန့်လမ်းလျှောက် စကားပြောပြီးနောက် သူတို့ အိမ်ဘက်ပြန်ထွက်လာပြီး ပေါ်တီကိုအောက်တွင် ရပ်လိုက်ကြသည်။

ညှိခန်းအတွင်းမှ အဘွား၏အသံ ကျယ်ကျယ်လောင်လောင်ထွက်လာသဖြင့် လင်းရဲနှင့်သိမ့် အကြီးအကျယ်တုန်လှုပ်သွားကြသည်။

'မုဆိုးဖို'

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်၊

'ဘာဖြစ်လဲကွယ် ကလေးလည်း ကျန်ခဲ့တာမှ မဟုတ်တာ ဘွားက မောင်ရဲလင်းတို့ မြင်လိုက်ကတည်းက ဟောဆန်တဲ့ ဥပမိရုပ်မို့ မြေးကြိုက်မှာပဲလို့ ခန့်မှန်းမိတယ် ဒါ့အပြင် မျိုးရိုးလေ ပိုးထည်တိုက်ဝန်က ဆင်းသက်လာတဲ့ ဦးနေမျိုးလင်းရဲ့





မြေးပဲ ဒေါ်ဒေါ်ကျေနပ်ပါတယ်ကွယ်'

နောက်ဆက်တွဲစကားစုကြောင့် လင်းရဲဝင်းနှင့်သိမ့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်းက ပြုံးလိုက်ကြသည်။

ပြီးမှ လင်းရဲဝင်းက သူ၏ ရင်ခွင်ကျယ်ကြီးအတွင်းသို့ သိမ့်သူ့သူဇော်တို့ ဆွဲသွင်းလိုက်ကာ တင်းတင်းကြပ်ကြပ် ဖက်ထားပြီး တိုးတိုးလေးပြောလိုက်သည်။

'သိမ့်ရယ် ကိုယ်တို့ရဲ့အနာဂတ်အတွက် အကြားချင်ဆုံး စကားကို သိမ့်အဘွားက ဆိုလိုက်ပါပြီကွယ်'

✻

မြှုပ်နှံထားသော နှလုံးသားများ လန်းဆန်းခွင့်ကြုံကြပါစေ။

မြပုလဲခင်

၈-၁-၂၀၀၆



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



# မြပုလဲခင်

## ဟင်းလင်းပြင်ထဲက နေတစ်စင်း



NA HMWE : Heartland Graphic Studio

www.burmeseclassic.com